
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပဉ္စမ ဂုဏ်ာ အပဲာ ဝန္ဒာမိ

တြိစက္က - ရှမ်ပဲလားမှ သစ္စာပါလအမွေ

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၁၀၉၇ / ၂၀၀၄ (၁၁) |
| စာမူခွင့်ပြုချက်အမှတ် | - | ၁၀၉၈ / ၂၀၀၄ (၉) |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၆၅၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း -၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးလှနိုင် (မြိတ်စာပေ) အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀) အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန် |
| စီစဉ်သူ | - | ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် | - | နဂါးစာပေ၊ (မန္တလေး) |
| ဖြန့်ချိရေး | | ထွန်းဦးစာပေ (မန္တလေး) |


BURMESE CLASSIC .com

# တြိစက္က

## ရှမ်ပဲလားမှ သစ္စာပါလအမွေ

ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

## ခွန်လွန်တောင်ပေါ်မှ စွပ်းအားရှင်



BURMESE CLASSIC .com

ခွန်လွန်တောင်တန်းကြီးမှာ မြူနှင်းများအောက်၌ တည်ငြိမ်စွာတည်ရှိနေသည်။

ဝေ့ဆိုင်းလျက်ရှိသောမြူခိုးများက ပတ်ဝန်းကျင်တစ်ဝိုက်သို့ဖုံးလွှမ်းထားရာ အအေးဓာတ်တို့ကလည်း ထွေးပတ်ထားသည်။

ခွန်လွန်တောင်တန်းကြီးမှာ တရုတ်ပြည်မြောက်ဘက်ဖျား၌တည်ရှိပြီး ဟိမဝန္တာတောင်တန်းကြီးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ထူထပ်သောသစ်တောကြီးများ၊ ကျောက်တောင်ကျောက်ထွတ်များ၊ သဲကန္တာရများလည်းပေါလှသည်။

အမှန်တော့ ခွန်လွန်တောင်တန်းကြီးများမြစ်ဖျားခံရာ



www.burmeseclassic.com

www.burmeseclassic.com



ဒေသမှာ တရုတ်ပြည်မြောက်ဘက်ဖျားရှိ စင်ကျန်နယ်၏ အနောက်ဘက်၌ဖြစ်ပေသည်။

သားရဲတိရစ္ဆာန်ထူပြောခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်း၊ ခရီးလမ်းကြမ်းခြင်းတို့ကြောင့် လူသူအရောက်အပေါက်နည်းသောနေရာလည်းဖြစ်၏။

မြန်မာနိုင်ငံသူနိုင်ငံသားများက မြန်မာနိုင်ငံမြောက်ဘက်ဖျားမှ ခါကာဘိုရာဇီတောင်ကြီးကို မြတ်နိုးကြသည်။ ထိုကဲ့သို့ပင် အိန္ဒိယပြည်သူအများက ဟိမဝန္တာကို ထွတ်အမြတ်ထားသကဲ့သို့ တရုတ်အမျိုးသားများကလည်း ခွန်လွှန်တောင်ကြီးအား အထွတ်အမြတ်ထားကြသည်။

ဤခွန်လွှန်တောင်တန်းကြီးတွင် ကျောက်စိမ်းတောင်ထွတ်ကြီးရှိသည်ဟု တရုတ်သမိုင်းနှင့် ဒဏ္ဍာရီများတွင် ဖော်ပြလေ့ရှိကြသည်။

ဤကျောက်စိမ်းတောင်ထွတ်ကြီးတွင် သယာတင့်ဆန်းလှသောနန္ဒဝန်ဥယျာဉ်တော်ကြီးတည်ရှိသည်ဟု ဆိုကြသည်။

ဤနန္ဒဝန်ဥယျာဉ်တော်ကြီးတွင် နှစ်ပေါင်း(၃၀၀၀)တွင် တစ်ကြိမ်သာသီးသော အမတသစ်တော်သီးပင်ကြီးရှိသည်။ ထို





သစ်တော်သီးကို တရုတ်ဘာသာစကားဖြင့် 'ပန်းတောက်ဟွိ'ဟုခေါ်ဆိုသည်။

တရုတ်ပြည်တစ်ပြည်လုံးရှိ ဂန္ဓာရီပညာရှင်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များသည် အိုခြင်းနာခြင်းကင်းသော ပန်းတောက်ဟွိကိုမှီဝဲ၍ တရားဓမ္မရှာဖွေရန် နန္ဒဝန်ဥယျာဉ်တော်ကြီးသို့ လာရောက်လေ့ရှိသည်ဟု ဆိုကြသည်။

ထွက်ရပ်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးရှစ်ပါးတို့သည်လည်း ခွန်လွှန်တောင်တန်းရှိ နန္ဒဝန်ဥယျာဉ်သို့လာရောက်ခဲ့ကြသည်။ ဤခွန်လွှန်တောင်တန်းရှိ သူတော်စင်တို့စုဝေးသောနေရာကိုပင် အချို့က ရှမ်ဗဲလားဖြစ်လေသလောဟု ယူဆကြသည်။ ပညာရှင်အများကလည်း ဤသို့ပင်ယူဆထားကြလေသည်။

အမတပန်းတောက်ဟွိခေါ် သစ်တော်သီးပင်ကြီးကို စောင့်ရှောက်တာဝန်ယူရသည့်ပုဂ္ဂိုလ်မှာ မယ်တော်ရှီဝမ်းမူဖြစ်သည်။ မယ်တော်ရှီဝမ်းမူကပင် လာရောက်စုဝေးကြသည့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကို အမတသစ်တော်သီးများမှီဝဲဘုဉ်းပေးနိုင်ရန် စီမံဆောင်ရွက်ပေးရသည်ဟု ဆိုကြသည်။

တရုတ်ပြည် ဂန္ဓာရီမှတ်တမ်းများတွင်ခွန်လွှန်တောင်မဟာအနီးတွင် တာဝန်ယူစောင့်ရှောက်ရသော ယင်စီရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်စီသည် သူတို့လွန်စွာနှစ်သက်သော လက်ဖက်အဖန်ရည်ကို လမ်းညွှန်ပြသပေးခဲ့သည်ဟု ဆိုပါသည်။

ယင်စီက လူသားတစ်ဦးအား ထိုလက်ဖက်ရည်အဖန်ကိုတိုက်ပြီး ဦးစွာအသိပေးခဲ့ခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်မှာ ဘီစီ(၆၀၀)ခန့်က နာမည်ကျော်ခဲ့သော လာအိုဇူဆိုသူဖြစ်၏။

လာအိုဇူသည် တောက်ဝါဒကို ထူထောင်ဟောပြောပို့ချသူဖြစ်သည်။ သူသည် ပိဋကတ်တိုက်မှူးအဖြစ် အမှုတော်ထမ်းရွက်နေရာမှ လူ့ဘောင်လောကီအရှုပ်အထွေးကို ခင်တွယ်ခြင်းမရှိတော့သဖြင့် ခွန်လွန်တောင်တွင်စံမြန်းနေထိုင်သူ မယ်တော်ရှီဝမ်းမူထံ ကျွဲစီး၍ထွက်လာခဲ့သည်။

ခွန်လွန်တောင်မဟာအနီးတွင် စောင့်ရှောက်ရန်တာဝန်ယူထားခဲ့သော ယင်စီနှင့်တွေ့ဆုံခဲ့သည်။ ယင်စီသည် လာအိုဇူအား လက်ဖက်အဖန်ရည်ဖြင့်ဧည့်ခံပြီး မယ်တော်ရှီဝမ်းမူရှိရာသို့ လမ်းညွှန်ခဲ့သည်။

ထိုစဉ်အချိန်ကပင် တရုတ်လူမျိုးတို့သည် လက်ဖက်ရည်အဖန်သောက်သောဓလေ့ ဖြစ်လာခဲ့သည်။

လက်ဖက်ရည်အဖန်သောက်လျှင် ကောင်းကျိုးချမ်းသာ





ဖြစ်ပြီး သူတော်ကောင်းများနှင့်တွေ့ရတတ်သည်ဟု အစဉ်အဆက်ယုံကြည်လာကြသည်။

အာယုသိဒ္ဓိပြီးမြောက်အောင် ဘုန်းပေးသုံးဆောင်ကြသည့် သစ်တော်သီးအပင်ကြီးအကြောင်း၊ မယ်တော်ရှီဝမ်းမူနှင့် သူတော်စင်များ တရားရှာမှီးတရားဆွေးနွေးရန် တွေ့ဆုံစည်းဝေးကြသည့်တရားသဘင်ကို နန္ဒဝန်ဥယျာဉ်ကြီးအတွင်းမှာဖြစ်သည်ဟုရေးသားကြပြီး ထိုနေရာကိုပင် ရှန်ဗဲလားဖြစ်မည်ဟု အမျိုးမျိုးတွေးတောရေးသားခဲ့ကြသည်။

ထိုရှန်ဗဲလားသို့ရောက်ရန် ကြိုးစားအားထုတ်သူအများအပြားရှိသော်လည်း ရောက်ဖူးသူလွန်စွာနည်းပေလိမ့်မည်။

အမှန်တော့ သူတော်စင်တို့ပျော်မွေ့ရာ ခွန်လွန်တောင်တန်းကြီးမှာ ဂမ္ဘီရဆန်သောနယ်မြေတစ်ခုဖြစ်ပြီး နှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့သည်။

ယခု ထိုတောင်တန်းကြီး၏တောင်ထွတ်တစ်နေရာတွင် လူတစ်ယောက်ရှိနေသည်။

ထိုသူမှာ အသက်(၃၀)ဝန်းကျင်အရွယ်ခန့်ရှိသော လူရွယ်တစ်ဦးဖြစ်သည်။ လည်ဂုတ်အထိဝဲကျနေသောဆံပင်များကိုနောက်တွင် စုစည်းထားသည်။ ကြေးနီရောင်အသားအရည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး တင့်တယ်သောရုပ်ရည်၊ ကြံ့ခိုင်ကျစ်လစ်သောကိုယ်နေကိုယ်ဟန်ရှိသည်။ နဖူးတွင် သားရေပြားတစ်ခုပတ်ထားပြီး ကိုယ်ပေါ်၌မူ ဝက်ဝံဖြူသားရေကိုချုပ်ထားသော ကိုယ်ကျပ်အင်္ကျီနှင့် ဘောင်းဘီတို့ကိုဝတ်ဆင်ထားကာ ခြေထောက်တွင် ခြေသိုင်းသားရေဖိနပ်ကိုစီးထားသည်။

ခါးတွင် ဝံသားရေဖြင့်ချုပ်ထားသော ဓားအိမ်တစ်လက်ချိတ်ဆွဲထားပြီး အသွားထက်လှသော (၆)လက်မခန့်ဓားမြှောင်တစ်လက်ကို ထိုးစိုက်ထားသည်။

၄င်း၏နံဘေးတွင် လွန်စွာကောင်းလှသောသံမဏိဖြင့်ပြုလုပ်ထားသည့် ဓားရှည်ကြီးတစ်လက်ရှိသည်။ ၄င်းဓားရှည်မှာ ငှက်ခါးရောင်သမ်းလျက်ရှိကာ ဓားရိုးကို ဆင်စွယ်ဖြင့်ပြုလုပ်ထား၍ လက်ကိုင်မြဲစေရန် ငွေလိုင်းကြိုးများဖြင့် ရစ်သိုင်းထားလေသည်။

လူရွယ်သည် လွန်စွာနက်ရှိုင်းသော ချောက်ကမ်းပါးကြီးထိပ်တွင်ရှိသော ကျောက်ဖျာတစ်ချပ်ပေါ်တွင်ထိုင်ကာ မြူနှင်းများကြားမှ ထိုးဖောက်ဖြာဆင်းလာသော အရှေ့ဘက်အရပ်သို့ မျက်နှာမူကာ ယောဂကျင့်စဉ်တစ်ခုကို ကျင့်ကြံအားထုတ်လျက်ရှိသည်။





ယောဂကျင့်စဉ်နည်းပေါင်းများစွာရှိသည့်အနက်မှ သူကျင့်ကြံအားထုတ်နေသောယောဂကျင့်စဉ်မှာ 'ရာဂျ'ယောဂကျင့်စဉ်ဖြစ်ပေသည်။

ရာဂျယောဂကျင့်စဉ်မှာ ဟဌယောဂနှင့်ဆက်သွယ်လျက်ရှိသည်။ ဟဌယောဂသည် ကိုယ်ကာယနှင့် လူ့ခန္ဓာကိုယ်၏အတွင်းပိုင်း၊ အရေးကြီးသောအစိတ်အပိုင်းများ ကျန်းမာသန်စွမ်းရေးကိုအကျိုးပြုသကဲ့သို့ ယောဂကျင့်စဉ်သည် စိတ်ပိုင်းဆိုင်ရာတည်ကြည်ခိုင်မာမှု၊ သမာဓိတရားရရှိရေးကို အကျိုးပြုသောကျင့်စဉ်မျိုးဖြစ်သည်။

ဟဌယောဂသည် ရုပ်ခန္ဓာ၏ကျန်းမာကြံ့ခိုင်ရေးကိုအကျိုးပြုသကဲ့သို့ ရာဂျယောဂသည် စိတ်၏ကောင်းမွန်တည်ကြည်ကြံ့ခိုင်ရေးကို အကျိုးပြုသောကျင့်စဉ်မျိုးဖြစ်၏။

ဟဌယောဂကို စနစ်တကျမှန်ကန်စွာ လေ့ကျင့်အားထုတ်မှု၏အဆုံးသတ်သည် ရာဂျယောဂကျင့်စဉ်၏ နိဒါန်းအစပင်ဖြစ်သည်။ ကိုယ်ခန္ဓာကြံ့ခိုင်မှုပြည့်စုံသောအခါ စိတ်၏ကြံ့ခိုင်တည်ကြည်မှုကို ဆက်၍လေ့ကျင့်ရသော ကျင့်စဉ်မျိုးဖြစ်ပေသည်။

အမှန်တော့ ရာဂျကျင့်စဉ်ဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှုအတွက် သမာဓိရရှိရေးကို ကျင့်ကြံအားထုတ်ရသော ကျင့်စဉ်မျိုးဖြစ်သည်။

ငှင်းကျင့်စဉ်မှာ ရာဂျယောဂကျင့်စဉ်များမှ အာဆနခေါ် ထိုင်နည်းများနှင့် တွဲဖက်လေ့ကျင့်ရသည်မျိုးလည်းရှိသည်။

ဟဌရောဂကျင့်စဉ်ကို အခြေခံလေ့ကျင့်ခြင်းအားဖြင့် ရာဂျယောဂသို့ပေါက်မြောက်အောင်မြင်နိုင်ကြောင်း မရှိသော်လည်း ခန္ဓာကိုယ်ကိုထိန်းချုပ်နိုင်ပြီး ခန္ဓာကိုယ်၏ကြံ့ခိုင်ကျန်းမာသန်စွမ်းခြင်းဟူသော အကျိုးကျေးဇူးများအား ရရှိခဲ့ပေသည်။ လူရွယ်သည် ဟဌယောဂကျင့်စဉ်ရော၊ ရာဂျယောဂကျင့်စဉ်ပါ ကောင်းစွာကျင့်ကြံနိုင်ခဲ့သူဖြစ်၏။

သူသည် စိတ်ပိုင်းဆိုင်ရာစွမ်းရည်မြင့်တက်မှုကို အစွမ်းကုန်ကျင့်ကြံနေစဉ် ၎င်း၏စိတ်အာရုံထဲသို့ လွန်ခဲ့သောနှစ်ပေါင်းများစွာက အဖြစ်အပျက်များက တစ်ခုချင်းဝင်ရောက်လာသည်။

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်သုံးဆယ်နီးပါး အချိန်လောက်က ဗြဟ္မပုတ္တရမြစ်အနီးမှ 'ပုတ္တရ'အမည်ရှိသော မြို့ကြီးတစ်မြို့။

ဆန်ရေစပါးကောက်ပဲသီးနှံများ ပေါများရုံမက ရွှေငွေပတ္တမြားတို့လွန်စွာပေါများပြီး ကြက်ပျံမကျစည်ကားခဲ့ပေသည်။





ဥတ္တရဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့မှ သားဦးရတနာလေးဖွားမြင်ပြီးသောအချိန်တွင် ကျောက်တောင်ကျောက်ဆောင်များပေါ်ရှိ 'အနုရာဓ'တိုင်းပြည်မှ စစ်သည်ရဲမက်များ အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကြလေရာ ဥတ္တရဘုရင်စစ်ရှုံးပြီး ဥတ္တရမြို့ကြီးပျက်ခဲ့ရလေသည်။

ဥတ္တရဘုရင်ကျဆုံးသွားသောအခါ မိဖုရားကြီး စန္ဒာဒေဝီသည် နန်းစဉ်လက်ဝတ်ရတနာအချို့ကိုယူပြီး သားတော်လေးနှင့်အတူ ရန်သူများဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရှာသည်။

ခွန်လွန်တောင်တန်းတစ်နေရာရောက်သောအခါ တရားအားထုတ်နေသောသူတော်စင်ကြီးနှင့်တွေ့ပြီး ကူညီစောင့်ရှောက်ထားသောကြောင့် အသက်ချမ်းသာရခဲ့သည်။

စန္ဒာဒေဝီသည် မိမိ၏နန်းဆက်နန်းသွေးများကိုဖျောက်ကာ သူတော်စင်ကြီး၏အကူအညီဖြင့် ခွန်လွန်တောင်တန်းတစ်နေရာတွင် သူတို့ဘဝကို မြုပ်နှံထားခဲ့သည်။ သူတော်စင်ကြီးက သားတော်လေး၏ဇာတာကို နက္ခတ်ဇာတာများဖြင့်တွက်ချက်ကြည့်ပြီး "သူရဇ္ဇ"ဟုအမည်ပေးခဲ့သည်။

"တစ်နေ့ကျရင် နေတစ်ဆူ၊ လတစ်ဆူလို ထင်ပေါ်ကျော်ကြားမယ့်လူဆိုတော့ ငါ့မြေးကို 'သူရဇ္ဇ'လို့အမည်ပေးရ



www.burmeseclassic.com

မယ်၊ ငါ့မြေးရဲ့ဇာတာအရ တစ်နေ့ကျရင် အထွတ်အထိပ်ကို ရောက်မယ့်သူဆိုတော့ အခုကတည်းက သူ့ကိုပြုစုပျိုးထောင် ပေးရမယ်"

ဟုဆိုကာ သူရဇ္ဇအရွယ်ရောက်လာကတည်းက အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သောပညာများ၊ နက္ခတ်ပညာများ၊ ဂမ္ဘီရပညာများနှင့် ယောဂကျင့်စဉ်အမျိုးမျိုးတို့ကို ထူးချွန်တတ်ကျွမ်းအောင် လေ့ကျင့်သင်ကြားပေးခဲ့သည်။

သာမဗေဒင်ဟုခေါ်သော နေလတို့၏ကောင်းကင်သွားရာလမ်းကို (၁၂)ရာသီပြုလုပ်၍ ရာသီနှင့်ဂြိုဟ်များကိုကြည့်သောအတတ်ပညာ၊ ယဇုဗေဒင်ပညာဟုခေါ်သော မကောင်းသောဘေးအန္တရာယ်များတို့မှကင်းလွတ်အောင် ဂြိုဟ်နတ်တို့အား ပူဇော်သောအတတ်ပညာ၊ ဣရုဗ္ဗေဒင်ပညာဟုခေါ်သော နေကြတ်၊လကြတ်တို့၏အချိန်ကိုကြည့်ပြီး ကောင်းမှုမကောင်းမှုများကိုသိစေသောအတတ်ပညာ စသောပညာများကို ကျွမ်းကျင်နားလည်အောင်သင်ကြားပေးလေ၏။ အဘိုးသူတော်စင်ကြီးက.

"ငါ့မြေး. . . ကိုယ့်စိတ်ကို ကျကျနနထိန်းချုပ်နိုင်တဲ့ အခါကျရင် ဗေဒင်လေးပုံမှာဘယ်သူမှမသိနိုင်တဲ့ အာတာပွန ဗေဒင်ကျမ်းကိုသင်ပေးမယ်"





ဟုပြောခဲ့ဖူးသည်။

သူရဇ္ဇသည် အဘိုးသူတော်စင်ကြီးသင်ကြားပေးသော အဋ္ဌာရသပညာများ၊ နက္ခတ်ပညာများ၊ ဗေဒင်ပညာများအပြင် ယောဂကျင့်စဉ်များကို ထူးချွန်ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူခဲ့သည်။

ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားလာခဲ့ရာ ယခုအသက်နှစ်ဆယ်ကျော်သုံးဆယ်နီးပါး ကြာမြင့်လာသောအခါ သူမတူအောင် ကျွမ်းကျင်တတ်မြောက်ခဲ့ပေသည်။

သို့သော်. . .

သူ၏အာရုံထဲမှာတော့ ငယ်စဉ်ကဖြစ်ပျက်ခဲ့သော အနိဋ္ဌာရုံများကို မကြာခဏဆိုသလို ပြန်လည်မြင်ယောင်လျက်ရှိသည်။ ထိုသို့မြင်လိုက်တိုင်း တည်ငြိမ်နေသောစိတ်အစဉ်မှာ လှုပ်ရှားလာပြီး မုန်တိုင်းထန်လာတတ်သည်။

ယခုလည်း. . .

သူရဇ္ဇ မျက်လုံးကို ဖျတ်ကနဲပြန်ဖွင့်လိုက်သည်။

ဘေးနားတွင်ချထားသောဓားကိုကောက်ကိုင်ပြီးနေရာမှဆတ်ကနဲထရပ်လိုက်သည်။

သူ၏နားထဲတွင် အလွန်ဝေးလံသောနေရာဆီမှ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



သားကျောက်တုံးများပေါ်သို့ ဖြတ်သန်းလာသောမြင်းခွာသံများကိုကြားလိုက်ရသည်။ သာမန်နားဖြင့်ဘယ်လိုမှမကြားနိုင်သော အကွာအဝေးဆီမှမြင်းခွာသံများကို သူရဋ္ဌလိုစိတ်စွမ်းအင်ကောင်းသူအဖို့ ကောင်းစွာကြားနိုင်လေသည်။

သူ တောင်အောက်သို့ လျှင်မြန်သောအဟုန်ဖြင့် ခုန်ဆင်းလာခဲ့သည်။

တောင်ခြေကွက်လပ်သို့ရောက်သောအခါ နေရောင်ခြည်တစ်စွန်းတစ်စဖြာကျနေသောသဲပြင်ပေါ်ဝယ် အရောင်တလက်လက်ထွက်နေသော ရွှေတုံးရွှေခဲလေးများကို လိုက်လံရှာဖွေနေသော လူပုလေးမိတ္တာကိုလှမ်းမြင်ရသည်။

လူပုလေးမိတ္တာသည် မိဖုရားကြီးစန္ဒာဒေဝီနှင့်အတူလိုက်ပါလာသော ငယ်ကျွန်တစ်ဦးဖြစ်သည်။ အသက်ငါးဆယ်ကျော်အရွယ်ရှိပြီဖြစ်သော်လည်း သူ၏အရပ်မှာ သုံးပေကျော်ခန့်သာရှိသဖြင့် ရုတ်တရက်ကြည့်လျှင် ကလေးငယ်တစ်ယောက်ကဲ့သို့ရှိနေ၏။

သူသည် ရွှေတုံးလေးများကိုလိုက်လံကောက်စုပြီးနောက် ကျောက်ဖျာကြီးတစ်ချပ်အောက်တွင် သွားရောက်သိမ်းဆည်းနေလေသည်။





ထိုအချိန်တွင် ကျောက်တောင်များကိုဖြတ်သန်းလာသောမြင်းခွာသံများက တစ်စတစ်စနီးလာသည်။

သူရဋ္ဌက ကျောက်ဖျာကြီးပေါ်တွင်ရပ်ကာ အခြေအနေကိုငြိမ်သက်စွာ စောင့်ကြည့်နေလိုက်သည်။ လူပုလေးမိတ္တာက ကျောက်ဖျာကြီးအနီးတွင်ကပ်ပြီး သူရဋ္ဌအား 'ဘယ်လိုလဲ'ဟူသောအကြည့်ဖြင့် လှမ်းကြည့်နေသည်။

မြင်းခွာသံများက တောင်နံရံများသို့ ပဲ့တင်ရိုက်လာသည်။ တောင်ကျောလမ်းများမှတစ်ဆင့် ကျောက်နံရံများသို့ ပဲ့တင်ပြန်သည်။ ထို့နောက် တစ်နေရာမှတစ်နေရာသို့ ပဲ့တင်သံများက ရိုက်ခတ်လျက်ရှိတော့သည်။

မဆုံးနိုင်သောပဲ့တင်သံများသည် ခွန်လွန်တောင်တန်းကြီးတစ်လျှောက် တစ်နေရာမှတစ်နေရာ ဆက်ကာဆက်ကာ ကူးသွားလေသည်။

မကြာမီ သူရဋ္ဌရပ်နေရာကွက်လပ်ကြီး၏ လေးဘက်လေးတန်အရပ်များဆီမှ မြင်းစီးစစ်သည်တော်များထွက်လာကြသည်။ အနုရာဓတောင်ပေါ်တိုင်းပြည်မှ စစ်သည်တော်များဖြစ်ကြောင်း သူရဋ္ဌကောင်းစွာသိလိုက်သဖြင့် ဓားကိုဓားအိမ်မှချွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဟန်အမူအယာမှာ တိုက်ပွဲဝင်တော့မည့် နေဘုရားသားတော်တစ်ဦးပမာ အားမာန်အပြည့်ဖြင့် ခန့်ထည်ဝင့်ကြွားလှသည်။

မကြာမီ လေးဘက်လေးတန်မှ စစ်သည်တော်များမှာ သူရဲ့ရှိရာသို့ မြင်းများကိုဒုန်းစိုင်းကာ ဝင်ရောက်လာကြသည်။ ၎င်းတို့လက်ထဲ၌ ပိုက်ကွန်ကဲ့သို့အရာဝတ္ထုများ ကိုင်ဆောင်လာကြသည်ကို လှမ်းမြင်လိုက်ရသဖြင့် ၎င်းအား အရှင်ဖမ်းယူလိုကြောင်း ရိပ်မိလိုက်သည်။

စစ်သည်များအနီးသို့ရောက်လာသောအခါ လက်ထဲမှ ဓားကိုကောင်းစွာအသုံးချ၍ လူအုပ်ကြားထဲမှခုန်ထွက်လိုက်သည်။

လေးဘက်လေးတန်မှ ညှပ်ပူးညှပ်ပိတ်ဝင်လာသော စစ်သည်များ ရှုပ်ထွေးသွားချိန်တွင် သူရဲ့က တစ်နေရာသို့ ရောက်သွားလေသည်။ လူအုပ်ကျဲလိုက်သောအခါ သဲပြင်ပေါ်တွင် အလောင်းနှစ်လောင်းသုံးလောင်းကျန်ရစ်ခဲ့သည်။

အနုရာဓစစ်သည်များက နောက်တစ်ကြိမ်ဝင်ရောက်ဖမ်းဆီးရန် ကြိုးစားကြပြန်သည်။

လူအုပ်ကြားထဲမှ ငှက်တစ်ကောင်ပမာထွက်သွားသော





သူရဲ့၏အရိပ်ကိုသာတွေ့လိုက်ရပြီး နှစ်ယောက်သုံးယောက်လဲကျကျန်ရစ်ခဲ့ပြန်သည်။ စစ်သည်တော်များရှုပ်ထွေးနေချိန်တွင် လူပုလေးမိတ္တကလည်း အလွန်လျှင်မြန်သောမျောက်တစ်ကောင်ပမာ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်း၍တိုက်ခိုက်လျက်ရှိရာ ၎င်းလက်ချက်ဖြင့် စစ်သည်တော်တစ်ချို့ပင် သေဆုံးကုန်လေသည်။

အနုရာဓစစ်သည်တော်များသည် အချိန်အတော်ကြာသည်အထိ သူရဲ့အား လက်ရဖမ်းနိုင်အောင်ကြိုးစားကြသော်လည်း စွမ်းရည်ခြင်းမတူလေသောကြောင့် ဘယ်လိုမှဖမ်းမမိနိုင်ကြဘဲ သဲပြင်ပေါ်၌သာ အလောင်းများထပ်လာတော့သည်။

ထို့ကြောင့် တောင်စောင်းတစ်နေရာမှ မြင်းဖြင့်ရပ်ကြည့်နေသော အနုရာဓတပ်မှူးဗျူဟက ၎င်း၏စစ်သည်များအား တိုက်ခိုက်မှုရပ်တန့်ရန် အော်ဟစ်အမိန့်ပေးလိုက်သည်။

၎င်း၏အောင်မြင်လှသော အော်ဟစ်အမိန့်ပေးသံသည် တောင်နံရံများမှတစ်ဆင့် ပဲ့တင်ရိုက်ခတ်လာသောအခါ တိုက်ပွဲအတွင်း၌ သွက်လက်စွာလှုပ်ရှားနေကြသော စစ်သည်များမှာ နေရာတွင် တမဟုတ်ချင်း ရပ်တန့်ငြိမ်သက်သွားတော့သည်။

တပ်မှူးဗျူဟက မြင်းဖြင့် သူရဲ့ရှိရာသို့ဆင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းနေရာတွင်ရပ်လိုက်သည်။

"အသင့်ရဲ့စွမ်းရည်ကိုသိလိုတဲ့အတွက် အခုလိုစမ်းသပ်တိုက်ခိုက်ရတာကို ခွင့်လွှတ်ပါသူရဲ့၊ မောင့်ရဲ့ဂုဏ်သတင်းကို ကျွန်ုပ်တို့ကြားထားတာကြာပါပြီ"

"ဘယ်လိုကြားတာလဲ"

သူရဲ့က အသံပြတ်ဖြင့်မေးလိုက်သည်။

"ခွန်လွန်တောင်တန်းတစ်နေရာက သူရဲကောင်းတစ်ဦးရဲ့ဂုဏ်သတင်းက ပန်းလိုမွှေးပျံ့လှတယ်၊ နေရောင်ခြည်ကဲ့သို့တောက်ပပြီး လောကနေရာအနှံ့အပြားသို့ ပျံ့နှံ့စေပါတယ်၊ ကျွန်ုပ်ရဲ့အမည်က အနုရာစတပ်မှူးဗျူဂ္ဂဖြစ်ပါတယ်"

"အခု ဘာအကြောင်းကိစ္စရှိလို့ ကျွန်ုပ်ဆီကိုလာတာလဲ"

ကျွန်ုပ်တို့အနုရာဘေုရင်မက သင့်အားအလိုရှိသဖြင့် အခေါ်တော်လွှတ်ပါ၍ လာရောက်ခေါ်ခြင်းဖြစ်ပါတယ်"

"ကျွန်ုပ်တစ်ယောက်တည်းဆုံးဖြတ်လို့မရပေဘူး၊ ခွင့်ပန်ရမယ့်လူများရှိပေသေးတယ်တပ်မှူး"

"ကောင်းပြီ၊ ကျွန်ုပ်တို့ ဟိုတောင်တန်းတစ်နေရာက သင့်ကိုစောင့်နေပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့မှာလိုက်ပါရစေ၊ အနုရာဘုရင်မရဲ့အလိုဆန္ဒအမိန့်အာဏာကို ဖီဆန်မယ်ဆိုရင်





တော့ ကျွန်ုပ်တို့အနေနဲ့ ဘယ်လိုမှသည်းခံခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာတော့ တစ်ခါတည်းမှာလိုက်ပါရစေ"

သူရဲ့နှင့် လူပုလေးမိတ္တာတို့ ခွန်လွန်တောင်တန်းပေါ်သို့ ပြန်တက်ခဲ့ကြသည်။

တောင်တန်းပေါ်တွင် သူ့အားအသင့်စောင့်နေသော သူတော်စင်အဘိုးအားတွေ့ရသည်။

အဘိုးဦးခေါင်းပေါ်မှ ဆံပင်များနှင့် ရှည်လျားလှသော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့မှာ ဆွတ်ဆွတ်ဖြူလျက်ရှိပြီး လေထဲမှတလူလူလွင့်နေသည်။ အဘိုး၏မျက်ခုံးမွေးများမှာလည်း အဖြူရောင်ပင်ဖြစ်၏။

ကိုယ်ပေါ်မှာဝတ်ဆင်ထားသော အဝတ်တို့မှာလည်း အဖြူရောင်ဖြစ်သောကြောင့် အဘိုး၏စိတ်အစဉ်မှာ ဖြူစင်သန့်ရှင်းလျက်ရှိကြောင်း သိသာနိုင်ပေသည်။

သူရဲ့က အဘိုးရှေ့၌ဒူးထောက်ထိုင်ပြီး အရိုအသေပြုလိုက်လေသည်။ အဘိုးကခေါင်းညိတ်ရင်း. . . .

"ငါ့မြေးကို အနုရာမြို့က စစ်သည်တွေကလာခေါ်ကြပြီလား"

ဟုမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်အဘိုး၊ လိုက်သွားသင့်မသွားသင့် အဘိုးဆီမှာလာရောက်ခွင့်ပန်တာပါ"

"ဘဝရဲ့အတုံ့အလှည့်ကြွေး၊ မိသားစုမျိုးနွယ်တွေအတွက်တာဝန်၊ မိမိအတွက် ထိုက်တန်တဲ့အစဉ်အလာ၊ မိဘတွေရဲ့အမွေဟောင်းကို ပြန်ယူနိုင်ဖို့ ငါ့မြေးလိုက်သွားရလိမ့်မယ်၊ လိုက်သွားဖို့လည်းအချိန်ရောက်လာပြီ"

သူရဇ္ဇကခေါင်းတစ်ချက်ညိတ်လိုက်ပြီး မားကိုရှေ့တွင်ချကာ အဘိုးအားကန်တော့လိုက်သည်။

"လောကလမ်းကိုဖြတ်သန်းတော့မယ်ဆိုရင် ကိုယ်ရဲ့ခွန်အား၊ စိတ်ရဲ့စွမ်းအားရှိဖို့လိုသလို အတတ်ပညာတွေကိုလည်းကျွမ်းကျင်ဖို့၊ ပြည့်စုံဖို့လိုတယ်လူကလေး"

"ငါ့မြေးကတော့ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုနဲ့ စိတ်ရဲ့စွမ်းအားပြည့်စုံမှုရှိတာတွေအတွက်တော့ အဘိုးစိတ်ချပါတယ်၊ အဓိကက လောကလမ်းကိုလျှောက်လှမ်းတဲ့အခါ ဘယ်လိုအခက်အခဲတွေတွေ့လို့မှ ကိုယ့်ရဲ့ရည်ရွယ်ချက်၊ ဦးတည်ချက်တွေမပျက်စေနဲ့၊ ဘယ်လမ်းကိုပဲလျှောက်လျှောက် အနှောင့်အယှက်အဖျက်အဆီးအခက်အခဲတွေကတော့ ရှိနေမှာပဲ၊ တွေ့နေမှာပဲ၊ တခြားမဆိုထားနဲ့၊ လောကမှာ အကောင်းဆုံးအလုပ်





ဆိုတဲ့ တရားအလုပ်လုပ်တာတောင်မှ အနှောင့် အယှက်ဆိုတာရှိတယ်"

"မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတောင်မှ ဘုရားဖြစ်တော်မူပြီး (၄၅)ဝါလုံးလုံး ဝေနေယျသတ္တဝါတွေရဲ့ကောင်းကျိုးတွေကိုဆောင်ရွက်တာတောင်မှ 'ဒေဝဒတ်'ဆိုတဲ့ အနှောင့် အယှက်ပေးမယ့်လူတစ်ယောက်က အနားမှာအမြဲရှိနေခဲ့တယ်မဟုတ်လား၊ ဘယ်လိုအနှောင့် အယှက်တွေ့လို့မှ ကိုယ့်ရဲ့ဦးတည်ရည်ရွယ်ချက်မပျောက်စေနဲ့ငါ့မြေး"

ဟု ဆုံးမစကားဆိုသည်။

"ဟုတ်ကဲ့. . အဘိုးရဲ့ဆုံးမစကားကို ဦးထိပ်မှာပန်ပြီး မိဘတွေအတွက်တာဝန်ကျေအောင် ဆောင်ရွက်ပါ့မယ်အဘိုး"

"အေး. . သာဓုကွယ်၊ သာဓု. . သာဓု၊ ငါ့မြေးလိုအင်ဆန္ဒအဝဝပြည့်စုံအောင်မြင်ပါစေကွယ်၊ အကြောင်းကိစ္စအရေးကြုံလာရင် အဘိုးဆီကိုသတိရတဲ့စိတ်ကလေးသာလွှတ်လိုက်လူကလေး၊ ငါ့မြေးကြုံတွေ့ရင်ဆိုင်ရတဲ့ ဒုက္ခအခက်အခဲတွေကို အဘိုးလာပြီး အကူအညီပေးမယ်"

ဟု မှာကြားလေသည်။

သူရဇ္ဇက အဘိုးအားကန်တော့ပြီး မိခင်ဖြစ်သူတာရား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်နေသောဂူသို့သွားကာ ကန်တော့ပြီး အကျိုးအကြောင်းပြောပြလေသည်။ မိခင်ဖြစ်သူက. . .

“သားကောင်းရတနာ၊ သမီးကောင်းရတနာဆိုတာ မိဘတွေရဲ့တာဝန်ကို ပခုံးပြောင်းယူပြီးထမ်းဆောင်နိုင်မှ တာဝန်ကျေတဲ့သူဖြစ်တယ်၊ ငါ့သား ကိုယ်စွမ်းဉာဏ်စွမ်းတွေ ရှိသမျှအသုံးချပြီး မင်းဖခင်ရဲ့အမွေကို ပြန်ရအောင်ကြိုးစားပေတော့”

ဟု မှာကြားလေသည်။

ထို့နောက် သူရဇ္ဇသည် လူပုလေးမိတ္တာကိုပါခေါ်ဆောင်ပြီး တောင်အောက်သို့ပြန်လည်ဆင်းလာခဲ့သည်။



# အခန်း(၂)

## အကျဉ်းစံမင်းသမီး



www.burmeseclassic.com

www.burmeseclassic.com

အနုရာဓမြို့သည် အလွန်မြင့်မားသောကျောက်တောင်တန်းများပေါ်တွင် တည်ထားသော မြို့တစ်မြို့ဖြစ်သည်။

ပတ်ဝန်းကျင်၌ ကန္တာရဆန်စွာဖြင့် ကျောက်တောင်တန်းများ၊ မတ်စောက်သောတောင်ကြီးများ၊ သဲကန္တာရများက ဝန်းရံထားလျက်ရှိသည်။

ကျောက်တောင်တန်းများက အနုရာဓမြို့အား ရန်သူများအလွယ်တကူဝင်ရောက်မတိုက်ခိုက်နိုင်စေရန်အတွက် ကာကွယ်ထားသကဲ့သို့ရှိနေတော့သည်။

မြို့သို့ဝင်ရန် တောင်တက်လမ်းတစ်လမ်းသာရှိသဖြင့် ထိုလမ်းမှတက်ရသည်။ မြို့ကို ကျောက်တံတိုင်းကြီးများဖြင့် ပတ်ကာထားလေသည်။





မြို့တွင်းသို့ဝင်သွားသောအခါ သူရဇ္ဇအား သူရဲကောင်းတစ်ဦးပမာ အော်ဟစ်နှုတ်ဆက်ကြလေသည်။ မြို့သူမြို့သားများက ဝိုင်းဝန်းကြည့်ရှုကြလေသည်။

ဈေးတန်းတစ်ခုကိုဖြတ်သွားသောအခါ 'သူရဲကောင်းကြီးလာပြီ၊ သူရဲကောင်းကြီးလာပြီ'ဟူ၍ သံပြိုင်အော်ဟစ်နှုတ်ဆက်ကြသည်။ မြို့တွင်းကိုအတန်ကြာအောင်ဖြတ်လာပြီးတော့မှ ရဲတိုက်ကြီးပမာဆောက်လုပ်ထားသော အနုရာဓနန်းတော်သို့ ရောက်လေသည်။

နန်းတော်ကို ကြီးမားသောကျောက်လုံးတိုင်ကြီးများဖြင့် မြင့်မားစွာဆောက်လုပ်ထားလေသည်။ နံရံနှင့်ထိုကျောက်တိုင်ကြီးများတွင် ပန်းဆွဲပန်းခက်များ၊ ရုပ်တုများစွာနှင့် နတ်စစ်သည်ရုပ်တုများကို ထွင်းထုထားသည်။

ကျောက်တိုင်ကြီးများဝန်းရံထားသော အလယ်တွင် ကွက်လပ်ကြီးတစ်ခုရှိသဖြင့် ထိုနေရာတွင်မြင်းများကိုရပ်ကာ အားလုံးဆင်းကြရသည်။

ထို့နောက် အရှေ့ဘက်ရှိလှေကားထစ်များပေါ်မှ အပေါ်သို့တက်သွားရသည်။ သူရဇ္ဇနှင့်လူပုလေးမိတ်ဆွေတို့အား တပ်မှူးဗျဋ္ဌက ဦးဆောင်၍ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသောတံခါးချပ်ကြီးတစ်ခုအနီးသို့ ရောက်သောအခါ ရပ်လိုက်ကြသည်။

ခေတ္တကြာသောအခါ တံခါးချပ်ကြီးနှစ်ချပ် ဖြည်းညင်းစွာပွင့်သွားပြီးနောက် ကိုယ်ရံတော်အခြွေအရံများစွာတို့နှင့်အတူ အနုရာဓဘုရင်မ ဘရဏီထွက်တော်မူလာသည်။ သူရဇ္ဇနှင့် လူပုလေးမိတ္တတို့မှလွဲပြီး အားလုံးက ဦးညွှတ်ကာအရိုအသေပြုကြရသည်။

"လူစွမ်းကောင်းသူရဇ္ဇအား အနုရာဓမြို့ရဲ့သခင်မ ဘရဏီက ခရီးဦးကြိုပြုလိုက်ပါတယ်"

ဟု ချိုသာသောအသံဖြင့် နှုတ်ဆက်စကားဆိုလေသည်။

သခင်မဘရဏီမှာ အသက်သုံးဆယ်ဝန်းကျင်အရွယ်မျှသာရှိသေးပြီး လှပတင့်တယ်သောအဆင်းရှိသူဖြစ်၏။ ၎င်း၏မျက်လုံးများမှာ သိမ်းငှက်တစ်ကောင်၏မျက်လုံးကဲ့သို့ စူးရှတောက်ပြောင်လှပေသည်။

သူရဇ္ဇက ဘုရင်မအား တစ်ချက်လှမ်းကြည့်ပြီးနောက် ဦးညွှတ်၍အရိုအသေပြုလိုက်သည်။ သူရဇ္ဇအရိုအသေပြုသောအခါမှ လူပုလေးမိတ္တကပါလိုက်၍ အရိုအသေပြုလေသည်။





ထို့နောက် သခင်မဘရဏီက သူရဇ္ဇအား အတွင်းခန်းဆောင်သို့ခေါ် ဆောင်သွားလေသည်။

အတွင်းခန်းဆောင်၏အရှေ့ဘက်တွင် သီးသန့်အဆောင်ကြီးတစ်ခုရှိပြီး ထိုနေရာမှ ကျောက်ဆောင်အစွန်းတွင်တည်ရှိသောကြောင့် တောင်အောက်သို့သော်လည်းကောင်း၊ ကောင်းကင်ပြင်သို့သော်လည်းကောင်း ကောင်းစွာမြင်နိုင်လေသည်။ ထိုနေရာမှာ နက္ခတ်မျှော်စင်ပင်ဖြစ်တော့သည်။ သူရဇ္ဇအား ထိုအဆောင်သို့ခေါ် သွားခြင်းဖြစ်ပေသည်။

အဆောင်တွင်းသို့ရောက်သောအခါ သူရဇ္ဇ၊ သခင်မဘရဏီနှင့် ၎င်း၏မလှမ်းမကမ်းတွင်ရပ်နေသော အသက်(၇၀)ကျော်အရွယ် ပုဂ္ဂိုလ်ကြီးတစ်ဦးသာရှိပေသည်။

၎င်းမှာ သခင်မဘရဏီ၏လက်စွဲတော် နက္ခတ်ဆရာကြီး ဝေမနိပင်ဖြစ်တော့သည်။ ထိုအခန်းဆောင်၏တစ်နေရာတွင် ကျောက်တလားကြီးတစ်လုံးချထားသည်။ ထိုကျောက်တလားကြီးအား ကနုတ်ပန်းခက်များ၊ နက္ခတ်တာရာရုပ်ပုံများ၊ ရွှေနှင့်ကျောက်သံပတ္တမြားများဖြင့် မွမ်းမံစီခြယ်ထားသည်။

နက္ခတ်ဆရာကြီးဝေမနိက သူရဇ္ဇအား ထိုကျောက်တလားကြီးအနီးသို့ခေါ် သွားပြီး တစ်စုံတစ်ရာမှန်းမှုတ်ရွတ်ဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကျောက်တလားကြီးအဖုံးမှာ တဖြည်းဖြည်းပွင့်လာသည်။

အဖုံးပွင့်သွားသောအခါ အတွင်း၌ ဆေးရည်စိမ်ထားသောအလောင်းတစ်လောင်းကို တွေ့မြင်ရသည်။

ထိုသူမှာ အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး ခန့်ညားထည်ဝါသောသွင်ပြင်လက္ခဏာရှိပေသည်။

ဆေးရည်စိမ်ထားသောကြောင့် မည်သို့မျှချို့ယွင်းပျက်စီးခြင်းမရှိဘဲ ပကတိလူတစ်ယောက်အိပ်ပျော်နေသကဲ့သို့ ရှိလေတော့သည်။ နက္ခတ်ဆရာကြီးဝေမနိက အနားသို့လာပြီးရှင်းပြသည်။

"ဒါ. . အနုရာဓဘုရင်စိတြရဲ့ အလောင်းပဲလူကလေး၊ သူကွယ်လွန်ခဲ့တာ နှစ်အတော်ကြာခဲ့ပြီ၊ သူ့ရဲ့ဝိညာဉ်က ကောင်းကင်ကိုစောင့်ရှောက်တော်မူတဲ့၊ နက္ခတ်တာရာကိုစောင့်ရှောက်တဲ့ နတ်ဒေဝတာထံ ခေတ္တသွားရောက်နေခြင်းဖြစ်တယ်၊ သူ့ရဲ့ဝိညာဉ်ကို ဒီနေရာပြန်ရောက်အောင် ခေါ်နိုင်မယ်ဆိုရင်တော့ သူဟာ အသက်ပြန်လည်ရှင်သန်လာမှာဖြစ်တယ်လူကလေး"

ဟုပြောပြသည်။

အနုရာဓဘုရင် စိတြဟူသောအမည်ကိုကြားလိုက်ရသောအခါ သူရဋ္ဌတစ်ကိုယ်လုံး ကျင်စက်နှင့်အတို့ခံလိုက်ရသူပမာ နှလုံးသွေးများဆူပွက်လာတော့သည်။

အာရုံထဲသို့ ငယ်စဉ်ကာလမှအဖြစ်အပျက်များက တစ်စစီပြန်လည်မြင်ယောင်လာမိသည်။

အနုရာဓဘုရင်စိတြလက်ချက်ကြောင့် မီးတောက်မီးလျှံကြားမှာ ပျက်စီးသွားသောပုဏ္ဏရတိုင်းပြည်. . . . .။

စစ်မီးလျှံများကြားမှာ သွေးသံရဲရဲဖြင့် မရှုမလှသေကြေပျက်စီးသွားခဲ့ကြသော သူရဋ္ဌ၏ဖခင် ဥတ္တရဘုရင်နှင့် ဥတ္တရတိုင်းသူပြည်သားများ၏ပုံရိပ်များ. . . .။

အောင်နိုင်သူအပြုံးများနှင့် ကြောက်မက်ဖွယ်ရာအနုရာဓဘုရင်၏လှုပ်ရှားမှုများကို ပြန်လည်မြင်ယောင်လျက်ရှိရာ သူရဋ္ဌ၏မျက်နှာပေါ်တွင် နာကျည်းကြေကွဲမှုများနှင့်အတူ တင်းမာခက်ထန်မှုများဖြစ်ပေါ်လာလေ၏။

သို့သော် အဘိုးသူတော်စင်မှာကြားလိုက်သောစကားများအား ပြန်လည်ကြားယောင်မိသဖြင့် စိတ်ကိုလျှော့ချလိုက်သည်။

"မလိုအပ်ပဲဝင်လာတတ်တဲ့ဒေါသတရားဟာ ရည်ရွယ်







www.burmeseclassic.com

www.burmeseclassic.com



ချက်တွေကို ဖျက်ဆီးပစ်တတ်တယ်၊ ဒေါသကို သတိတရားနဲ့ ထိန်းချုပ်နိုင်အောင် ကြိုးစားပါလူကလေး"

သူရဇ္ဇ သက်ပြင်းချလိုက်သည်။

"လောကရဲ့အကျိုး၊ လူသားတွေရဲ့အကျိုးကို များစွာ စွမ်းဆောင်နိုင်သော ဤလူသား၏ဝိညာဉ်ကို နတ်ဒေဝတာများ ထံပြန်လည်အပ်နှံရန် အချိန်မရောက်သေးသောကြောင့် ၎င်း၏ ဝိညာဉ်အားပြန်လည်ခေါ်ယူရန် ကျွန်ုပ်တို့ဆန္ဒရှိကြပေတယ်"

"ဘယ်လိုနည်းနဲ့ခေါ်ယူနိုင်မလဲအဘိုး"

"ဝိညာဉ်များကိုပြန်လည်ခေါ်ယူနိုင်သော သိဒ္ဓိဝင်ပစ္စည်း မှာ ခွန်လွန်တောင်တန်းနှင့် ဟိမဝန္တာတောင်တန်းနှစ်ခုဆုံသော မရဏာရေအိုင်ကြီးရဲ့အနီးတစ်နေရာမှာ ရှိပါတယ်လူကလေး"

"အဲဒီနေရာကို ဘယ်လိုလမ်းသိနိုင်မလဲအဘိုး"

ကျွန်ုပ်တို့ဆီမှာ ထိုနေရာထိုအကြောင်းများကို ကောင်း စွာကျွမ်းကျင်သောမိန်းကလေးတစ်ဦးရှိပါတယ်၊ သူ့ရဲ့အမည်က ကေသရီဖြစ်ပါတယ်၊ ကေသရီဟာ အနုရာဓရဲ့နန်းဆက်သွေး ပါတဲ့ မျိုးနွယ်တစ်ဦးလည်းဖြစ်ပါတယ်"

ဟု ပြောပြလေသည်။

"သေပြီးသားလူတစ်ယောက်ကို မည်သို့အသက်ပြန်ရှင်





အောင်လုပ်နိုင်သည်ဆိုတာကိုလည်း သိလိုပါတယ်အဘိုး"

"သေခြင်းရဲ့အဓိပ္ပာယ်က ဝိညာဉ်ခွာခြင်းကြောင့်သာ ဖြစ်ပါတယ်၊ သေဆုံးခြင်းက ရုပ်နဲ့ပဲဆိုင်တယ်၊ နာမ်လို့ခေါ်တဲ့ ဝိညာဉ်နဲ့မဆိုင်ဘူး၊ နာမ်ဆိုတာက ဘယ်တော့မှမသေဘူး၊ ရုပ် ဆိုတာက နာမ်ရဲ့ခေတ္တအသုံးချတဲ့ ရုပ်ဝတ္ထုပစ္စည်းပါပဲ"

သူရဇ္ဇက နားမလည်သလိုငေးကြည့်နေသည်။

"အခု အနုရာဓဘုရင်ရဲ့ရုပ်ကြီးဟာ ဝိညာဉ်မရှိလို့ငြိမ် သက်နေရတယ်၊ ဝိညာဉ်ပြန်ရောက်လာတဲ့အခါကျရင်တော့ အရင်လိုပဲ သက်ဝင်လှုပ်ရှားလာမှာပေါ့၊ အဘိုးတို့အလိုရှိတဲ့ သဒ္ဒိ ဝင်ပစ္စည်းကိုသာရမယ်ဆိုရင် စိတြနက္ခတ်နဲ့ကြုံကြိုက်တဲ့အခါ မှာ အနုရာဓဘုရင်ကြီး အသက်ပြန်ရှင်အောင်လုပ်လို့ရပါတယ်"

ဟု ရှင်းပြလေသည်။

ထို့နောက်တွင် ကျောက်တလားကြီး၏အဖုံးကိုပြန်ပိတ် လိုက်သည်။ သခင်မဘရဏီက သူရဇ္ဇအနီးသို့တိုးကပ်လာပြီး ဤသို့ပြောပြလေသည်။

"သူရဲကောင်းသူရဇ္ဇကို အနုရာဓမြို့ကိုခေါ်ရတဲ့အ ကြောင်းရင်းက မရဏာရေအိုင်ကြီးအနီးမှာရှိတဲ့ သဒ္ဒိဝင်ပစ္စည်း ကိုယူခိုင်းဖို့ပါပဲ၊ ဒီကိစ္စကို သင်အောင်မြင်အောင်ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့မယ်ဆိုရင် အနုရာဓမှာ သူရဲကောင်းပြုပါ့မယ်"

"ကျွန်ုပ်က ဘယ်လိုအစီအစဉ်နဲ့သွားရမယ်ဆိုတာ အမိန့်ရှိပါသခင်မ"

"သူရဲကောင်းသွားသောခရီးအတွက် ကေသရီနဲ့တပ်မှူးဗျူဟ်ကိုထည့်လိုက်ပါမယ်၊ ခရီးထွက်ဖို့အတွက်လည်း အားလုံးစီစဉ်ထားပြီးပါပြီ"

သူရဋ္ဌအား ကေသရီရှိရာသို့ ခေါ်သွားလေသည်။

ကေသရီအား ရဲတိုက်ကြီးတစ်ခုထဲတွင်ထားလေသည်။ သီးခြားအဆောင်နှင့်ထားသည်ဟုဆိုသော်လည်း မင်းသမီးလေးကေသရီအား ရဲတိုက်ကြီးထဲ၌ ဖမ်းဆီးချုပ်နှောင်ထားသည်နှင့် ပင်တူလေတော့သည်။

ကေသရီမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိပြီး နူးညံ့သိမ်မွေ့သူတစ်ဦးဖြစ်၏။ ဖြူဝင်းသောအသားအရေနှင့် မဟာနွယ်မဟာသွေးဆန်သော အလှပိုင်ရှင်ဖြစ်၏။

သခင်မဘရဏီက ကေသရီလှဲလျောင်းနေသော ခုတင်ပေါ်သို့သွားကာ ဖျောင်းဖျပြောဆိုနေဟန်ရှိပေသည်။ အတန်ကြာသောအခါ နှစ်ယောက်သား သူရဋ္ဌရှိရာသို့ လျှောက်လာကြလေသည်။





အနီးသို့ရောက်သောအခါ ကေသရီက သူရဋ္ဌအားဦးညွှတ်၍ အရိုအသေပေးလိုက်လေသည်။ အခိုက်အတန့်လေးမှာပင် ကေသရီမျက်ဝန်းထဲ၌ သူရဋ္ဌအား မိမိအား ဒုက္ခတွင်းမှ ကယ်တင်ပေးမည့်သူတစ်ဦးအဖြစ် စွဲထင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

## ကနန်ပျိုးနွယ်စုခေါင်းဆောင် ရောယာထီ



ခရီးထွက်သောအခါ လေးယောက်ဖြစ်သည်။ အားလုံး မြင်းကိုယ်စီနှင့်ဖြစ်သည်။ သူရဇ္ဇ၊ လူပုလေးမိတ္တာ၊ တပ်မှူးဗျူဗွနှင့် ကေသရီတို့ဖြစ်ကြသည်။

သူတို့သည် အနုရာဓမြို့မှစထွက်ကတည်းက ကျောက်ဆောင်များ၊ သဲကန္တာရများကို ဖြတ်ကြရသည်။ ခွန်လွန်တောင်တန်းကြီးမှာ တိဗက်နယ်နှင့်ဆက်စပ်လျက်ရှိသောကြောင့် အရှေ့မြောက်ဘက်သို့ဦးတည်ကာ ခရီးနှင်ကြရသည်။ ကေသရီမှာ နုနယ်လှပသော မိန်းမသားတစ်ဦးပင်ဖြစ်လင့်ကစား ယေ[illegible]ကျားများကဲ့သို့ ခရီးကြမ်းသွားနိုင်ပေသည်။

အနုရာဓမြို့မှထွက်ခဲ့ကြပြီး သုံးရက်မြောက်သောနေ့တွင် လူသူအရောက်အပေါက်နည်းသော တောနက်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းကြရသည်။ တောနက်အတွင်းမှာ လမ်းဟူ၍မယ်မယ် ရရမရှိဘဲ အဆင်ပြေသလိုသွားကြရသဖြင့် မကြာခဏလမ်းမှား တတ်ပေသည်။ ထိုသို့ဖြစ်သောအခါ ကေသရီက စိတ်အာရုံပြု ပြီး လမ်းကြောင်းမှန်အားညွှန်ပြရလေသည်။

ထိုသို့တောနက်ထဲ၌ဖြတ်သန်းနေကြစဉ်မှာ တောနက် တွင်းတစ်နေရာဆီမှ စူးစူးဝါးဝါးအော်သံကြားလိုက်ရသဖြင့် အား လုံးတိုင်ပင်ပြီး ထိုနေရာဘက်သို့ဦးတည်၍လာခဲ့ကြသည်။

မလှမ်းမကမ်းသို့ရောက်သောအခါ လူတစ်ယောက်၏ ကြောက်လန့်တကြားအော်ဟစ်သံကိုသာမက အခြားလူသံအ ချို့ကိုပါ ကြားရလေသည်။

သို့ကြောင့် မြင်းများပေါ်မှဆင်းပြီး ထိုနေရာဘက်သို့ လျှို့ဝှက်စွာသွားကြလေသည်။

ထိုနေရာသို့ရောက်သောအခါ မြင်ကွင်းကမလှပပေ။ တောတွင်း၌နေသောလူရိုင်းအချို့က ကွက်လပ်တစ်နေရာတွင် မီးဖိုကြီးဖိုလျက်စောင့်နေကြသည်။

ခဏကြာသောအခါ တောနက်အတွင်းမှ လူတစ်စု ထွက်လာသည်။ ၎င်းတို့နှင့်အတူ လူတစ်ယောက်အား ဖမ်းဆီး ခေါ်ဆောင်လာလေသည်။





ဖမ်းခေါ်လာပုံမှာလည်း လူကိုကြိုးနှင့်တုပ်ကာ တုတ် ဖြင့်လျှိုကာထမ်းခေါ်လာခြင်းဖြစ်၏။ ထိုသို့ခေါ်လာပြီး လူကို အရှင်လတ်လတ်မီးရှို့သတ်ရန်ပြင်နေသည်ကို မြင်လိုက်ရသဖြင့် သူရဇ္ဇတို့မှာမနေသာတော့ပဲ လူရိုင်းများကိုဝင်ရောက်တိုက်ခိုက် ကာ ထိုလူအားကယ်တင်ရလေတော့သည်။

လူရိုင်းများမှာ လူများသည်ဆိုသော်လည်း တိုက်ရည် ခိုက်ရည်မြင့်မားသောသူရဇ္ဇတို့အား ဘယ်လိုမှမယှဉ်သာသဖြင့် အတုန်းအရုန်းသေဆုံးကုန်လေတော့သည်။

ကျန်လူရိုင်းများမှာလည်း မတိုက်ခိုက်ဝံ့ကြတော့ပဲ ဖမ်း ဆီးလာသောလူအားချထားခဲ့ပြီး တောနက်အတွင်းသို့ပြန်ဝင် ပြေးကြလေတော့သည်။

ထိုအခါမှ ဖမ်းဆီးလာသူကို ကြိုးများဖြည်ပေးလိုက် သည်။ ထိုသူမှာ တိဗက်လူမျိုးတစ်ဦးဖြစ်ပြီး သူရဇ္ဇတို့အား ဦး ညွှတ်ကာ အရိုအသေပေးလိုက်သည်။

"ကျွန်ုပ်အား အခုလိုအသက်ကယ်ပေးတဲ့အတွက် အရှင် တို့ကိုကျေးဇူးတင်ပါတယ်၊ ကျွန်ုပ်မှာ အရှင်တို့ပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ ဒီကျေးဇူးကိုဆပ်ပါရစေ"

ထိုသူမှာ အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အရပ်ပုပု ဂင်တိုတိုဖြစ်သည်။ ရှည်လျားသောမုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးဖြူများရှိသည်။ တိဗက်ဘုန်းတော်ကြီးများဝတ်ဆင်သော အဝတ်အစားများဝတ်ဆင်ထားပြီး လည်ပင်း၌ ပုတီးတစ်ကုံးဆွဲထားလေသည်။ ၎င်း၏အမည်မှာ "ပါဝဏ"ဖြစ်ပြီး စိတ်စွမ်းအားကို ကောင်းစွာတည်ဆောက်အသုံးချနိုင်သူဖြစ်ကြောင်း နောင်သောအခါ ၎င်း၏စိတ်စွမ်းအားများကို ကောင်းစွာအသုံးချနိုင်ကြောင်း သိရပေသည်။

၎င်းသည် တစ်ကောင်ကြွက်တစ်ဦးဖြစ်ကာ ခွန်လွန်တောင်တန်းတစ်နေရာမှ တိဗက်ရွာကလေးတစ်ရွာမှ လယ်သမားတစ်ဦးဖြစ်သည်။

ခွန်လွန်တောင်တန်းပေါ်သို့တက်ကာ ဆေးမြစ်ဆေးဥရှာရင်း လူရိုင်းများနှင့်တွေ့ကာ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်၏။

ဤသို့ဖြင့် ၎င်းတို့အဖွဲ့တွင် ပါဝဏတစ်ယောက်တိုးလာကာ ငါးယောက်ဖြစ်သွား၍ ရှေ့သို့ခရီးဆက်ခဲ့ကြသည်။

လမ်းခရီးတစ်လျှောက်တွင် အနှောင့် အယှက်တစ်စုံတစ်ရာမတွေ့ကြပဲ တောင်ပေါ်ရွာကြီးတစ်ရွာသို့ရောက်သွားကြသည်။ ထိုရွာမှာ ကသည်းလူမျိုးများနေသော ရွာကြီးဖြစ်၏။

ထိုရွာသို့ရောက်သောအခါ ရွာပြင်တစ်နေရာတွင် လူ





တစ်ယောက်ကိုဖမ်းဆီးထားသည်ကို မြင်ရသည်။ ဖမ်းဆီးထားသူအား ကွင်းလယ်တစ်နေရာတွင် ခြေထောက်တစ်ဖက်အားသံခြေကျင်းခတ်ကာ ကြိုးရှည်ရှည်ဖြင့် ဖမ်းဆီးထားခြင်းဖြစ်၏။

၎င်း၏လက်ထဲတွင် လှံကဲ့သို့တုတ်ရှည်ကြီးတစ်ချောင်းကိုင်ဆောင်ထားသည်။ တုတ်ရှည်ကြီးမှာ ခိုင်မာတောင့်တင်းဟန်ရှိပြီး တစ်ဖက်ဖျားတွင် လှံသွားကဲ့သို့ အချွန်တစ်ခုတပ်ဆင်ထားလေသည်။

တုတ်နှင့်လှံရှည်များကိုင်ဆောင်ထားသော ရွာသားများက ၎င်းအားဝိုင်းထားကာ အော်ဟစ်လှောင်ပြောင်လျက်ရှိနေကြသည်။ အခြားရွာသူရွာသားများကလည်း ဝိုင်းဝန်းကြည့်ရှုလျက်ရှိနေကြသည်။

ဖမ်းဆီးထားသောလူမှာ ထောင်ထောင်မောင်းမောင်းကိုယ်လုံးကိုယ်ထည်တောင့်တင်းသန်မာလျက်ရှိပြီး ၎င်းကိုင်ဆောင်ထားသောတုတ်ရှည်ကြီးအား ကောင်းစွာအသုံးချတတ်ဟန်ရှိသည်။

ခြေထောက်တစ်ဖက်အား သံကြိုးကြီးဖြင့်ချည်၍ သော့ခတ်ထားစေကာမူ ရုတ်တရက်အနားမကပ်ဝံ့ကြပေ။ ဝိုင်းထားသူများက မဝံ့မရဲအနီးသို့ကပ်သွားသည်နှင့် ၎င်းကိုင်ဆောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သောတုတ်ရှည်ကြီးကို ဝှေ့ယမ်းလိုက်လျှင် အလဲလဲအပြိုပြိုဖြင့် နောက်ဖက်သို့ဆုတ်ပေးကြရပြန်၏။

၎င်းလက်တွင်းမှ တုတ်ရှည်ကြီးအား ဝှေ့ယမ်းလိုက်သောအခါတွင် ပိတုံးကောင်ကြီးများပျံဝဲလာသည့်နှယ် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် တဝီဝီမြည်လျက်ရှိသည်။

အရဲစွန့်ကာ အနီးသို့ကပ်သွားသူအချို့မှာလည်း ၎င်း၏တုတ်ချက်မိလိုက်သည်နှင့် အလဲလဲအပြိုပြိုဖြင့် လွင့်စင်ထွက်သွားလေသည်။

“သတ္တိတော့အတော်ကောင်းတဲ့လူပဲ၊ ခြေထောက်တစ်ဖက်သံကြိုးချည်ထားတာတောင် ကျန်တဲ့လူတွေ အနားမကပ်ဝံ့ကြဘူး၊ သံကြိုးသာချည်မထားရင်တော့ ဘယ်လိုနေမယ်မသိဘူးသူရဇ္ဇ”

လူပုလေးမိတ္တက သူရဇ္ဇအနီးသို့ တိုးတိုးလေးကပ်ပြောသည်။

“အင်း. . ဒီတိုက်ပွဲက မမျှတတာတော့အမှန်ပဲ၊ လူဆိုးပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ် လူတစ်ယောက်ကိုသံကြိုးနဲ့ချည်ထားပြီး ဝိုင်းတိုက်ဖို့ကြိုးစားနေတာကတော့ အတော့်ကိုမတရားတာပဲ”





“ဒါတောင် သူတို့အနားမကပ်ဝံ့ကြဘူးလေ၊ ကပ်သွားတာနဲ့ တုတ်ချက်မိပြီး လွင့်ထွက်သွားတာပဲ၊ ဒီလူက တုတ်သိုင်းတော့ အတော်ကျွမ်းကျင်ပုံရတယ်”

“သူအသုံးပြုနေတဲ့ပညာက မြောက်ပိုင်းဘက်က ကနန်မျိုးနွယ်စုတွေအသုံးပြုတဲ့တုတ်သိုင်းပညာပဲ၊ တိဗက်တောင်တန်းပေါ်က ရှောင်လင်ဘုန်းတော်ကြီးတွေ အသုံးပြုကြတဲ့ပညာနဲ့ အတော်ဆင်တယ်၊ သူ့ကိုသာလွှတ်ပေးလိုက်ရင် ဒီလူတွေမလွယ်ဘူး”

တုတ်မားများကိုကိုင်ဆောင်ထားသော ရွာသူရွာသားများက ဝိုင်းဝန်းတိုက်ခိုက်ရန်ကြိုးစားကြပြန်သည်။

ပိတုံးပျံဝဲသကဲ့သို့ တုတ်ရှည်ကြီးဝှေ့ယမ်းသံ ထွက်ပေါ်လာပြီးနောက် ကိုင်းပင်များကို ဓားပြတ်ပြတ်ဖြင့်ခုတ်ပိုင်းချလိုက်သကဲ့သို့ အလဲလဲအပြိုပြိုဖြင့် ရှဲထွက်သွားပြန်လေ၏။

ထိုအခါ သူရဇ္ဇက ကွင်းလယ်မှလူအနီးသို့ဝင်သွားပြီး ၎င်းခြေထောက်၌ချည်ထားသောသံကြိုးကို ဓားဖြင့်ခုတ်ဖြတ်ပေးလိုက်သည်။

ခြေထောက်မှကြိုးလွတ်သွားသည်နှင့် ထိုသူက သူရဇ္ဇအား လွန်စွာကျေးဇူးတင်သောမျက်လုံးဖြင့် တစ်ချက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ၄င်းအားဝိုင်းထားသူများကို ၄င်းလက်ထဲမှကိုင်ထားသောတုတ်ရှည်ကြီးအားအသုံးပြု၍ တရကြမ်းဝင်ရောက်တိုက်ခိုက်လေတော့သည်။ တုတ်ချင်းခားချင်းထိသံများ ဆူညံစွာပေါ်ထွက်လာပြီးနောက် တုတ်ချက်မိသွားသူများ အလဲလဲအပြိုပြိုလွင့်စင်ထွက်ကုန်တော့သည်။

ထိုသူက ဝိုင်းထားသောလူအုပ်ကြီးအား ဖောက်ထွက်ကာမြင်းတစ်ကောင်ဆီသို့သွားလေသည်။

အထိနာနေသောရွာသားများက သူ့အနားသို့မကပ်ဝံ့ကြပေ။ အရဲစွန့်ကာဝိုင်းသွားသူများမှာလည်း တုတ်ကြီးကိုတစ်ချက်ဝေ့လိုက်သည်နှင့် နောက်သို့ရှဲပေးကြရတော့သည်။ တုတ်ကိုင်လူစွမ်းကောင်းသည် မြင်းပေါ်ရောက်သည်နှင့် စူးစူးဝါးဝါးအော်ဟစ်ကာ အနောက်တောင်ကြားလမ်းဘက်သို့ မြင်းကိုဒုန်းစိုင်းသွားလေတော့သည်။

ထိုအခါမှ သူရဇ္ဇတို့တစ်တွေလည်း ရှေ့သို့ခရီးဆက်ကြလေတော့သည်။ သူတို့သည် တစ်ညအိပ်ခရီးမျှကျော်သည်နှင့် ကျောက်တောင်တန်းပေါ်မှ လွင်ပြင်ဘက်သို့ဆင်းသွားသောတောအုပ်တစ်နေရာသို့ ရောက်သွားကြသည်။

ထိုနေရာမှာ တောနက်သည်ကတစ်ကြောင်း၊ လူသူ





အရောက်အပေါက်နည်းသောနေရာဖြစ်သောကြောင့် သားရဲတိရစ္ဆာန်များထူပြောလှပေသည်။

ဂူပေါက်ဝတစ်နေရာတွင် တပ်မှူးဗျူဟနှင့် ကေသရီတို့အား ကောင်းမွန်စွာနေရာချထားပေးခဲ့ပြီးနောက် သူရဇ္ဇ၊ လူပုလေးမိတ္တ၊ ပါဝဏတို့က ရိက္ခာရှာဖွေရန်ထွက်ကြသည်။

တောင်တန်းပေါ်ရောက်သောအခါ ရေနှင့်ရိက္ခာရစေရန် တစ်ယောက်တစ်နေရာစီ ခွဲရှာကြသည်။ လူပုလေးမိတ္တက တစ်နေရာ၊ ပါဝဏကတစ်နေရာ ထွက်သွားသောအခါ သူရဇ္ဇက တောင်ကုန်းတစ်ခုပေါ်တက်ခဲ့လေသည်။

ကံအားလျော်စွာ သူတက်လာသောတောင်ကုန်းပေါ်၌ သစ်တော်ပင်များရှိကာ အသီးများသီးနေခိုက်ကြုံသဖြင့် ဝမ်းသာအားရခူးဆွတ်ကာ အိတ်တစ်လုံးဖြင့်ထည့်ယူလေသည်။

တစ်နေရာရောက်သောအခါ အလွန်မြင့်သောတောင်ကညင်တစ်ပင်၏ အပေါ်ကိုင်းတစ်နေရာတွင် သစ်ခွအုံကြီးမှ ပန်းခက်များဝေဝေဆာဆာပွင့်နေသည်ကို လှမ်းမြင်ရသည်။

သစ်ခွပန်းခက်များအားမြင်သောအခါ [illegible]သမီးလေးကေသရီကို သတိရမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက် ဒီသစ်ခွပန်းတွေခူးပေးလိုက်ရင် သိပ်ပြီးဝမ်းသာမယ်ထင်တယ်"

ဟုစိတ်ကူးမိကာ၊ ကျောတွင်လွယ်ထားသောဓားနှင့် သစ်တော်သီးအိတ်အား သစ်ပင်ခြေရင်း၌ချထားခဲ့ပြီးနောက် သစ်ပင်ပေါ်သို့တက်သည်။ အပေါ်သစ်ပင်ခွသို့ရောက်သောအခါ သစ်ခွပန်းရှိသောနေရာမှာ သစ်ကိုင်းဖျားတွင်ရှိသောကြောင့် ထိုနေရာသို့ရောက်အောင် သတိနှင့်လျှောက်ရသည်။

လှုပ်ယမ်းနေသောသစ်ကိုင်းပေါ်တွင် ကိုယ်ကိုဖော့ပြီး ဟန်ချက်ညီစွာလျှောက်၍ သစ်ခွပန်းခက်များရှိသောပန်းအုံကို ဖြုတ်ယူကာပြန်ဆင်းသည်။

သူပြန်ဆင်းသောအခါ သစ်ခွပန်းအုံပါနေသောကြောင့် အပင်မှမဆင်းတော့ဘဲ ကိုယ်ဖော့ကာ အောက်သို့ခုန်ဆင်းလာခဲ့လေသည်။

သူကျောက်ဂူသို့ပြန်ရောက်သောအခါ လူပုလေးမိတ္တာနှင့်ပါဝဏတို့လည်း စခန်းသို့ပြန်ရောက်နေကြပြီဖြစ်၏။ သူတို့နှစ်ဦးမှာ ဒရယ်ပေါက်တစ်ကောင်နှင့် လည်ရစ်ငှက်ကြီးတစ်ကောင်စီရလာသဖြင့် စားသောက်စရာအတွက် ပြည့်စုံသွားလေတော့သည်။





ဒရယ်နှင့်ငှက်ကြီးကိုမီးကင်ခြင်း၊ ရှေ့ခရီးလမ်းအတွက် တိုင်ပင်ဆွေးနွေးခြင်းများပြုလုပ်ကြကာ ထိုနေရာတွင် နားကြလေသည်။

ညနေပိုင်းအချိန်လောက်တွင် သူတို့ဆီသို့ မမျှော်လင့်သောအန္တရာယ်များက ရောက်လာတော့သည်။

အခြားမဟုတ်ပေ။

တောနက်အတွင်း၌နေကြသော လူရိုင်းများက ၄င်းတို့အားတိုက်ခိုက်ရန် ဝိုင်းလာကြလေတော့သည်။

သူရဇ္ဇတို့ကလည်း ကေသရီအား ဂူအတွင်းသို့ထည့်ကာ အစွမ်းကုန်ခုခံတိုက်ခိုက်ကြရန် ပြင်ကြရသည်။

လူရိုင်းများက တုတ်ရှည်များကို ၊လှံရှည်များသဖွယ် အသုံးပြုကာ တရကြမ်းဝိုင်းဝန်းတိုက်ခိုက်လေရာ သူရဇ္ဇ၊ တပ်မှူးဗျဂ္ဃ၊ လူပုလေးမိတ္တာ၊ ပါဝဏတို့မှာ အစွမ်းကုန်ပြန်လည်ခုခံတိုက်ခိုက်ရတော့သည်။

အော်ဟစ်သံများ၊ ဓားလှံချင်းထိသံများ၊ နာကျည်းစွာ ညည်းညူသံများက တောင်နံရံများမှတစ်ဆင့် ပဲ့တင်ရိုက်ကာ ပတ်ဝန်းကျင်တစ်ဝိုက် လွှမ်းထလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမှာ ပြင်းထန်သောကြောင့် မြေကြီးများ၊ တောင်နံရံများ၊ သစ်ပင်များ သိမ့်သိမ့်တုန်လျက်ရှိသည်။

တောင်ထွတ်များ၌ ဆည်းဆာရိပ်သမ်းလျက်ရှိပြီး ရွှေအိုရောင်ဖြန်းထားသော ခွန်လွန်တောင်တန်းတစ်နေရာမှာ ကြောက်မက်ဖွယ်ရာတိုက်ပွဲကြီးတစ်ခုကြောင့် ဆည်းဆာ၏အလှအပများ ပျက်သုဉ်းလျက်ရှိနေသည်။

ဆည်းဆာနေရီတွင် ရွှေအိုရောင်များအစား သွေးရောင်များလွှမ်းလျက်ရှိသည်။ သာယာသောကျေးငှက်သံများအစား ကြောက်မက်ဖွယ်ရာအော်ဟစ်သံများ ပေါ်ထွက်နေသည်။

အေးချမ်းတိတ်ဆိတ်မှုများအစား ဆူညံပေါက်ကွဲသံများက နေရာယူထားသည်။

လူရိုင်းများကလူများပြီး သူရဇ္ဇတို့က လူနည်းသည်ဆိုသော်လည်း တိုက်ခိုက်မှုစွမ်းရည်မြင့်သောကြောင့် လူရိုင်းများမှာ အနားကပ်၍မရလောက်အောင် ဖြစ်နေကြတော့သည်။

ထိုအချိန်မှာပင် တောထဲဆီမှ စူးရှကျယ်လောင်သော အော်ဟစ်သံတစ်သံပေါ်လာပြီးနောက် တိုက်ခိုက်ခြင်းများရပ်တန့်သွားလေတော့သည်။





သူရဇ္ဇတို့က တအံ့တသြရှိနေကြစဉ်မှာပင် လူရိုင်းများကြားမှ လူတစ်ယောက်ထွက်လာသည်။

ရွာတစ်ရွာတွင် သူတို့ကယ်ပေးလိုက်သော တုတ်ရှည်ကိုင်ဆောင်ထားသောလူပင်ဖြစ်၏။

"ကျုပ်ရဲ့လူများကမသိ၍ တိုက်ခိုက်မိခြင်းအတွက် တောင်းပန်ပါတယ်"

"မင်းကဘယ်သူလဲ"

တပ်မှူးဗျဂ္ဃကလှမ်းမေးလိုက်သည်။

"ကျုပ်က ကနန်မျိုးနွယ်တွေကိုအုပ်ချုပ်တဲ့ရောဟဏီဖြစ်ပါတယ်၊ သင်တို့ကဘယ်သူတွေလဲ၊ ဘယ်ကိုခရီးသွားကြမှာလဲ"

"ကျုပ်က အနုရာဓမြို့က တပ်မှူးဗျဂ္ဃဖြစ်တယ်၊ သူတို့က ကျုပ်ရဲ့အဖော်တွေပဲ၊ ကျုပ်တို့က မရဏရေအိုင်ကြီးအလယ်က ရဲတိုက်ကြီးဆီကိုသွားကြမလို့ပါ"

"ဒီလောက်အန္တရာယ်များတဲ့နေရာကို ဘာကြောင့်သွားချင်ရတာလဲ၊ အဲဒီနေရာက သွားတဲ့လူတိုင်း ပြန်လမ်းမရှိတဲ့နေရာပဲ"

"မင်း. . အဲဒီနေရာကိုသိသလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရေအိုင်ကြီးရှိရာကို အကြိမ်ကြိမ်သွားဖူးပါတယ်"

"ဒါဖြင့်ရင် တို့နဲ့အတူလိုက်ပြီး လမ်းပြကူညီပေးပါလား"

ရောဟဏီက အတန်ကြာအောင်စဉ်းစားနေသည်။

"ကျုပ်တို့မျိုးနွယ်တွေမှာ အစဉ်အလာဓလေ့တစ်ခုရှိတယ်၊ သင်တို့ ကျုပ်ကိုခေါ်သွားချင်တယ်ဆိုရင် သင်တို့အထဲက တစ်ယောက်ယောက်နဲ့ ကျုပ်နဲ့တိုက်ခိုက်ရလိမ့်မယ်၊ ကျုပ်ကို နိုင်အောင်တိုက်နိုင်မှသာ ကျုပ်ကိုခေါ်သွားခွင့်ရှိတယ်"

ဟု ဆိုလေသည်။

ထို့ကြောင့် တပ်မှူးဗျဂ္ဃနှင့်သူရဇ္ဇတို့ မည်သူတိုက်မည်ကိုရွေးချယ်ကြရတော့သည်။

တပ်မှူးဗျဂ္ဃက သူကိုယ်တိုင်တိုက်ခိုက်ပါရစေဟုပြောသဖြင့် သူရဇ္ဇကအလျှော့ပေးလိုက်သည်။ သူတို့နှစ်ယောက်၏တိုက်ပွဲကို လွင်ပြင်တစ်နေရာ၌ ကျင်းပပြုလုပ်ကြရာ သူရဇ္ဇတို့နှင့်လူရိုင်းများကဝိုင်းပြီးကြည့်ကြသည်။

တပ်မှူးဗျဂ္ဃက သူ၏လက်စွဲတော် ကပ်ပါးကြီး(ရဲဒင်းအကြီးစားဖြစ်သည်)ကိုကိုင်ကာ တိုက်ပွဲဝင်သလို ရောဟဏီကလည်း ၎င်း၏တုတ်ရှည်ကြီးကိုကိုင်၍ တိုက်ပွဲဝင်မည်ဖြစ်တော့သည်။





တပ်မှူးဗျဂ္ဃက ၎င်း၏ကပ်ပါးကြီးကို ကျွမ်းကျင်စွာကိုင်၍ လေထဲ၌ဝှေ့ယမ်းနေသကဲ့သို့ ရောဟဏီကလည်း တုတ်ရှည်ကြီးအား ဝါဝီဝီမြည်အောင်လှည့်ပတ်ကစားလျက်ရှိရာ ဘေးမှကြည့်နေသူများအတွက် အသည်းယားဖွယ်ရာရှိလှသည်။

မကြာမီ ၎င်းတို့နှစ်ဦး၏ ပြင်းထန်သောတိုက်ပွဲကြီးစတင်လေတော့သည်။

'ရောဟဏီကိုင်ဆောင်သောတုတ်ရှည်ကြီးမှာ သာမာန်တုတ်တစ်ချောင်းမဟုတ်ပဲ သံလုံးစွပ်ထားသောတုတ်ဖြစ်ပေရာ ရဲဒင်းသွားနှင့် သံလုံးတို့ထိခတ်မှုကြောင့် ပြင်းထန်သောထိချက်များနှင့်အတူ မီးပွင့်မီးပွားများ ဖြာထွက်လာလေသည်။ 'ချွင်. . ချွင်. . ချွင်'ဟူသော သံသံချင်းထိသံများကလည်း ကြောက်မက်ဖွယ်ရာကောင်းလှသည်။

တပ်မှူးဗျဂ္ဃ၏ရဲဒင်းသွားကြီးကလည်း လေထဲမှာ တဝီးဝီးဖြတ်သွားနေသလို ရောဟဏီ၏တုတ်ရှည်ကြီးကလည်း ကြောက်မက်ဖွယ်ရာကောင်းလှသည်။

ရောဟဏီက ၎င်း၏တုတ်ရှည်ကြီးအား လွန်စွာအားကိုးဟန်ရှိပေသည်။ တုတ်ကိုကိုင်တွယ်အသုံးပြုရာမှုလည်း လွန်စွာကျွမ်းကျင်ဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိုက်၊ ထိုး၊ ကာ၊ ပက်တုတ်ချက်များမှာ တော်ရုံတန်ရုံ တိုက်ခိုက်ရေးညံ့သူဆိုလျှင် ခဏချင်းမှာပင် ပွဲသိမ်းသွားနိုင်လောက်အောင် လျင်မြန်ပြင်းထန်လှသည်။

တပ်မှူးဗျူဟကလည်း ပွဲပေါင်းများစွာတိုက်ပွဲဝင်ခဲ့သော တပ်မှူးတစ်ဦးပီပီ ၎င်း၏ရဲဒင်းကြီးအား ကောင်းစွာအသုံးချနိုင်သူဖြစ်ပေသည်။

ရောဟဏီ၏ ပြင်းထန်သောတုတ်ချက်၊ ရိုက်ချက်များအား လျင်မြန်သွက်လက်စွာ ရှောင်တိမ်းနိုင်ရုံမက ၎င်း၏ရဲဒင်းကြီးကိုအသုံးပြုပြီး တန်ပြန်တိုက်ခိုက်မှုများကလည်း ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

ဘေးမှပွဲကြည့်နေသူများကတော့ အသက်ရှူရန်ပင်မေ့နေလောက်အောင် ရင်တမမဖြစ်နေကြသည်။

နှစ်ဦးသား လက်ရည်တူတိုက်ခိုက်နေရာမှ တစ်ကြိမ်တွင် တပ်မှူးဗျူဟခုတ်ပိုင်းလိုက်သောကပ်ပါးချက်ကို ရောဟဏီက လွတ်အောင်ခုန်ရှောင်သွားပြီး နောက်ဘက်မှ တုတ်ဖြင့်သိမ်းရိုက်သည်။ ဗျူဟက ကပ်ပါးဖြင့်ဆီးခံပေးလိုက်ရာ အရှိန်ဖြင့် လူချင်းပူးသွားတော့သည်။





ထိုအခါမှ တပ်မှူးဗျူဟမှာ အထိတ်တလန့်ဖြစ်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော်. . . .

ရောဟဏီမှာ သူတို့ထင်သလိုယောကျ်ားတစ်ဦးမဟုတ်ပဲ ကျစ်လစ်သန်မာသော မိန်းမသားတစ်ဦးဖြစ်နေသောကြောင့်ပင်။

သို့ကြောင့် တပ်မှူးဗျူဟက ရောဟဏီလက်ထဲမှတုတ်ရှည်ကြီးကို လွတ်ကျသွားအောင်တိုက်ခိုက်ပြီး ရောဟဏီအား ဖမ်းချုပ်လိုက်တော့သည်။

သည်မှာတင် သူတို့နှစ်ယောက်၏ ပြင်းထန်သောတိုက်ပွဲက အဆုံးသတ်သွားလေတော့သည်။

"ကဲ. . ဘယ်လိုလဲရောဟဏီ၊ ဒီတိုက်ပွဲမှာ မင်းရှုံးသွားပြီဆိုတော့ တို့နဲ့အတူလိုက်ပြီး လမ်းပြပေးဖို့ သဘောတူပြီမဟုတ်လား"

ဟု တပ်မှူးဗျူဟကမေးလိုက်သည်။

ရောဟဏီက စူးရှတောက်ပြောင်သောမျက်လုံးရွဲကြီးများဖြင့် သူရဲဇွာအား တစ်ချက်လှမ်းကြည့်လိုက်သည်။

ခေတ္တစဉ်းစားပြီးနောက် ခေါင်းညိတ်ပြလိုက်လေသည်။ ထို့နောက်တွင် ၎င်းနောက်မှလူများအား တစ်စုံတစ်ရာအော်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်အမိန့်ပေးလိုက်သည်နှင့် တောင့်ဆဲသို့ အလျှိုလျှိုပြန်ဝင်သွားကြလေတော့သည်။

ရောဟဏီမှာ အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သော်လည်း အမျိုးသမီးနှင့်မတူဘဲ ယောကျ်ားတစ်ဦးကဲ့သို့ ကြမ်းတမ်းခက်ထန်သူဖြစ်၏။

အခြားမကြည့်လေနှင့်။

တပ်မှူးဗျူဟကဲ့သို့ တိုက်ရည်ခိုက်ရည်ကောင်းသူတစ်ဦးကိုပင် အချိန်ကြာမြင့်စွာ လက်ရည်တူတိုက်ခိုက်နိုင်သူဖြစ်ပေသည်။ ရောဟဏီက သူရဇ္ဇရှိရာသို့လာပြီး တုတ်ကိုထောက်ကာ ဒူးထောက်ထိုင်၍ အရိုအသေပြုလိုက်သည်။

သူမအား အဖွဲ့သားတစ်ဦးအနေဖြင့်လက်ခံရန် အရိုအသေပေးလိုက်ခြင်းဖြစ်၏။

ဤသို့ဖြင့် ထိုနေရာမှ ခရီးဆက်ထွက်သောအခါ ရောဟဏီတစ်ဦးပါထပ်တိုးလာပြီး စုစုပေါင်းခြောက်ယောက်ဖြစ်သွားလေတော့သည်။



# အခန်း(၄)

## ရှမ်ပဲလားသို့ခရီးသွားသောသူတော်စင်



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ခွန်လွန်တောင်တန်းများပေါ်တွင် ဖြတ်သန်းရသောခရီးစဉ်မှာ လွယ်ကူချောမွေ့သောခရီးမျိုးတော့ မဟုတ်ပါပေ။

တောင်ထွတ်များ၊ တောင်ကြားများ၊ လျှိုများ၊ ကျောက်လိုဏ်ဂူခေါင်းကြီးများလည်း အနှံ့အပြားရှိသည်။ အချို့အမှောင်ထုဖုံးလွှမ်းလျက်ရှိသော ဥမင်လမ်းများမှ သွားရသည်လည်းရှိသည်။

ထိုခရီးလမ်းကိုဖြတ်သန်းကြရာတွင် ယောကျ်ားများနှင့်တန်းတူလိုက်နိုင်သော မင်းသမီးလေးကေသရီ၏ဇွဲသတ္တိကိုတော့ ချီးကျူးရပေမည်။ တောင်တက်တောင်ဆင်းလမ်းများကို ခက်ခက်ခဲခဲသွားရစေကာမူ မငြီးမငြူလိုက်နိုင်ပေ၏။





မြင်းနှင့်သွားကြရသည်ဆိုသော်လည်း ပင်ပန်းမှုဒဏ်ကိုတော့ခံရသည်ပင်။

တောင်ကြားလမ်းတစ်ခုမှဖြတ်သောအခါ လေနှင့်အတူတစ်ချက်တစ်ချက် အပုပ်နံ့များလှိုင်တက်နေသည်ကို သတိပြုမိကြသည်။

"ဘာနံ့တွေလဲ"

တပ်မှူးဗျဂ္ဃကငြီးငြူလိုက်သည်။

ထိုအခါ ရောဟဏီက ပြောပြသည်။

"ဒီနေရာတွေဟာ မကောင်းဆိုးဝါးတွေ၊ ဝိညာဉ်တွေပျော်စံတဲ့နေရာပဲ၊ ဒါ'မရဏတောင်ကြား'လမ်းလို့ခေါ်တယ်၊ ဒီနားက ချောက်တစ်ခုထဲမှာ ဆင်သင်္ချိုင်းရှိတယ်၊ အပုပ်နံ့တွေက အဲဒီကနေလာတာ"

"ဆင်သင်္ချိုင်းရှိတယ်ဟုတ်လား၊ ဒီလိုဆိုရင်တော့ ဆင်သင်္ချိုင်းကိုတွေ့အောင်ရှာပြီး ဆင်စွယ်တွေကိုယူရမှာပေါ့"

ဟု လူပုလေးမိတ္တက အားရပါးရပြောလေသည်။

ထိုအခါ တိဗက်လူမျိုးပါဝဏက. . .

"ဒီနေရာတွေမှာ ဆင်သင်္ချိုင်းရှိတာတော့မှန်တယ်၊ ဆင်



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကိုတွေ့ချင်ရင် ချောက်ထဲကိုဆင်းသွားရင်တွေ့နိုင်တယ်၊ ဒါပေမယ့် ဆင်သချိုင်းကိုသွားဖို့ကမလွယ်ဘူး"

ဟုပြောသည်။

"ဘာကြောင့်လဲ"

"ဆင်သချိုင်းမှာ ဆင်စွယ်တွေ၊ ဆင်အရိုးတွေက တောင်လိုပုံနေအောင်ရှိတယ်၊ ဒါပေမယ့် တကယ်ဆင်းရှာရင်လည်း မတွေ့နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာကို မကောင်းဆိုးဝါးတစ္ဆေတွေ၊ ဝိညာဉ်တွေက စောင့်ရှောက်ကာကွယ်ထားလို့ပဲဖြစ်တယ်"

"ဒါတွေက တကယ်ရောရှိလို့လား"

ဟု တပ်မှူးဗျူဂွက မယုံကြည်ဟန်ဖြင့်မေးလိုက်သည်။

"လောကမှာ ရုပ်နဲ့နာမ်ရှိနေမှတော့ ဝိညာဉ်ဆိုတာလည်း ရှိနေမှာပေါ့၊ ဒီနေရာမှ နတ်ဒေဝတာနဲ့ ဝိညာဉ်တွေရှိတယ်ဆိုတာ မယုံလို့မရဘူး၊ နောက်ပြီး. . ."

ပါဝဏ စကားကိုခဏရပ်လိုက်လေသည်။

"ဆက်ပြောပါ ပါဝဏ"

"ဒီတောင်တန်းတွေရဲ့တစ်နေရာမှာ ရှမ်ဖဲလားဆိုတာရှိတယ်"





ထိုစကားကြားရသောအခါ ကျန်သူများက တအံ့တသြဖြစ်သွားကြတော့သည်။

ပါဝဏပြောပြသောရှမ်ဖဲလားဟူသောအမည်မှာ သူတို့အားလုံးကြားဖူးပြီး စိတ်ဝင်စားသောအကြောင်းအရာတစ်ခုဖြစ်သည်။

"ရှမ်ဖဲလား"ဟူသောသူတော်စင်တို့ တရားဓမ္မရှာမှီးပျော်မွေ့နေကြသည့်စုံတောမြိုင်သည် ဟိမဝန္တာတောင်တန်းကေလာသတောင်နှင့် တရုတ်ပြည်နယ်စပ်အနီးရှိ ခွန်လွန် (Kun Lun)တောင်တန်းအနီးတွင်တည်ရှိသည်။

ယင်းသူတော်စင်တို့ တရားဓမ္မရှာမှီးသည့် 'ရှမ်ဖဲလား' မှ လူရပ်လူရွာသို့ မဟာဂန္ဓာရီပညာရပ်များဖြန့်ဖြူးရန် တမန်တော်များစေလွှတ်သည်။

ရှမ်ဖဲလားသို့လည်း အိန္ဒိယနိုင်ငံ ရှီဂတ်ဆီမြို့ကလေးတွင် လူရပ်လူရွာမှ တရားဓမ္မရှာမှီးသည့် ဓမ္မခရီးသည်များအားရှမ်ဖဲလားတမန်တော်များကိုယ်တိုင်တွေ့ဆုံ၍ တရားဓမ္မဆွေးနွေးသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် တရားဓမ္မများဆွေးနွေးရန်သူတော်စင်တို့ ရှမ်ဖဲလားတွင် ဓမ္မသဘင်ဆင်ယင်ကျင်းပပြီး



www.burmeseclassic.com

www.burmeseclassic.com



ညောင်ရေသဘင်ပွဲကျင်းပကြသည်ဆိုသော ယုံကြည်မှုများရှိခဲ့ကြသည်။

တိဗက်နယ်စပ် ဟိမဝန္တာတောင်တန်းတစ်လျှောက်၊ ကေလာသတောင်တန်းတစ်လျှောက်၊ ခွန်လွန်တောင်တန်းအချို့တွင် ရှမ်ဗဲလားရာပုံတော်ဖွင့်ခဲ့သူများလည်းရှိသည်။

အချို့က ၎င်းတောင်တန်းများပေါ်၌ ဘုန်းတော်ကြီးကျောင်းကိုပင် တွေ့ခဲ့ဖူးသူများရှိပေသည်။ အချို့ကလည်း ထိုတောင်တန်းများတစ်နေရာတွင် သူတော်စင်များနှင့်တွေ့ဆုံခဲ့ရသူများလည်းရှိသည်။

သူတော်စင်တို့ တရားဓမ္မရှာမှီးသည့် စုံတောမြိုင်သည် ဟိမဝန္တာတောင်မြောက်ဘက် ကေလာသတောင်အနီးတွင်ရှိသည်ဟူသောအချက်ကို ဘာဂ်ဝါတာပူရာမ်ကျမ်းတွင် ဖော်ပြထားပေသည်။

ရှမ်ဗဲလားဟူသော အဓိပ္ပာယ်သည် 'ရှမ်'ဟူသောဝေါဟာရနှင့် 'လား'ဟူသောစကားလုံးကို ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

'ရှမ်'ဟူသောအဓိပ္ပာယ်မှာ ငြိမ်းအေးခြင်း၊ စိတ်ဓာတ်တည်ကြည်ခြင်းသဘောကိုဆောင်ပြီး 'လား'ဟူသောစကားကို





ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ပေသည်။

'လား'ဟူသောအဓိပ္ပာယ်မှာ 'တောင်ကြား'ဟူ၍ တိဗက်ဘာသာအဓိပ္ပာယ်ဖြစ်ပေသည်။

အမှန်တော့ ရှမ်ဗဲလားဟူသည်မှာ ***"သူတော်စင်တို့တရားဓမ္မဖြင့်ပျော်မွေ့သောစုံတောမြိုင်"***ဟူ၍ ဂန္ထာရီမှတ်တမ်းများ၌ ရေးသားမှတ်တမ်းတင်ကြပေသည်။

ပါဝဏာထံမှ ရှမ်ဗဲလားဟူသောဝေါဟာရကို ကြားလိုက်ရသဖြင့် တပ်မှူးဗျဂ္ဂမှာ လွန်စွာအံ့ဩနေဟန်ရှိပေသည်။

"ကျုပ်. . အဲဒီရှမ်ဗဲလားဆိုတဲ့နာမည်ကို စိတ်ဝင်စားတယ်၊ အဲဒီနေရာကိုရောက်ဖူးချင်တယ်၊ အဲဒီကလူတွေနဲ့ တွေ့ဖူးချင်တယ်"

ထိုအခါ ပါဝဏာက. . .

"အဲဒီနေရာကိုရောက်ဖို့ဆိုတာ မလွယ်သလို အဲဒီကလူတွေနဲ့တွေ့ဖူးဖို့ဆိုတာလည်း မလွယ်ပါဘူးတပ်မှူး"

ဟု ပြောလိုက်သည်။

"မင်းတို့တိဗက်နယ်ထဲမှာ ဘုန်းတော်ကြီးကျောင်းတွေရှိတယ်မဟုတ်လား"

"ရှိပါတယ်၊ တောင်မြင့်ကြီးတွေရဲ့နံရံတွေမှာ ဘုန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျောင်းတွေရှိပါတယ်၊ ဒါပေမယ့် အဲဒီနေရာတွေက ရှမ်ဗဲလားလို့ခေါ်တဲ့ နေရာတွေမဟုတ်ပါဘူးတပ်မျူး”

“ဒါပေမယ့် ရှမ်ဗဲလားဆိုတာရှိနေတာဆိုတော့ အဲဒီနေရာကိုရောက်ဖူးတဲ့လူ၊ တွေ့ဖူးတဲ့လူမရှိဘူးလား”

“ကျုပ်တို့နယ်ဘက်မှာတော့ ရှမ်ဗဲလားလို့ထင်ရတဲ့နေရာကိုရောက်ဖူးတွေ့ဖူးတဲ့လူတွေတော့ ရှိပါတယ်”

“ကျုပ်စိတ်ဝင်စားလို့ ပြောပြပါ ပါဝဏ”

၎င်းပြောပြချက်အရ ကေလာသတောင်စွန်းတွင် ထူးဆန်းသော ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိသည်။ ထိုဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေကြသော ဘုန်းတော်ကြီးများမှာ ဝါတော်မည်ရွေ့မည်မျှရှိသည်၊ သက်တော်မည်ရွေ့မည်မျှရှိကြောင်းကို မမှန်းနိုင်ကြောင်း။

ကျောင်းရှိ ပိဋကတ်တိုက်ကြီးမှ ဗုဒ္ဓကျမ်းစာအုပ်များ၊ ထောင်သောင်းချီရှိကြောင်း၊ လျှို့ဝှက်နက်နဲသည့် အရှေ့တိုင်း၏ပညာရပ်များကို ရေးသားပြုစုထားသည့် ပုရပိုဒ်များမှာလည်း ရေတွက်ခြင်းငှာမစွမ်းနိုင်ကြောင်း၊ ထိုကျောင်းတော်ကြီးရှိသည့် တောင်စွန်းဘက်နံရံကြီးတွင် ထူးခြားသည့် စကြာအမှတ်အသားကြီးကို အဝေးကမြင်နိုင်လောက်ပေသည်။





ဘုန်းတော်ကြီးကျောင်းတည်ရှိသည့် ကေလာသတောင်၏တစ်ဖက်တွင် မျက်စိတစ်ဆုံးကျယ်ပြောလှသည့် ကန်တော်ကြီးနှင့် ချိုင့်ဝှမ်းကြီးရှိကြောင်း၊ ထိုချိုင့်ဝှမ်းကြီး၏အကျယ်အဝန်းမှာ ခန့်မှန်းခြင်းငှာမစွမ်းသာနိုင်ပေ။

သစ်သီးဥယျာဉ်များ၊ စမ်းချောင်းငယ်ကလေးများ၊ တရားကျောင်းကလေးများရှိကြောင်း၊ ထိုနေရာသို့ရောက်ဖူးသူရှိကြောင်း၊ ထူးထူးခြားခြားတွေ့ရသူတစ်ဦးကတော့ တစ်နေ့သောအခါ ဒွါလာဂီရိတောင်တန်းအနီး လှည့်လည်၍သွားလာနေစဉ် အဝေးမှစည်တီးသံများ၊ ဗုဒ္ဓကျမ်းစာရွတ်ဆိုသံများ ထူးထူးခြားခြားကြားရသည်။

ယခင်ငယ်စဉ်က ထိုနေရာတစ်ဝိုက်သို့ အကြိမ်ကြိမ်အခါခါရောက်ခဲ့ဖူးသော်လည်း ဤကဲ့သို့ကျမ်းစာရွတ်ဖတ်သံများ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ရဖူးချေ။

ထိုအသံများကြားရသောအခါ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထကာ ခေါင်းနပန်းကြီးသွားတော့သည်။

ဗုဒ္ဓရှင်တော်ဘုရား၏ တရားသုတ္တန်များရွတ်ဆိုသည့် အသံကြားရာသို့ တဖြည်းဖြည်းသွားရောက်ခဲ့ရာ ထူးထူးခြားခြား ကွဲအက်နေသောကျောက်နံရံကြီးကို တွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနံရံကြီးအား သူတစ်သက်တာတွင် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်တွေ့ရခြင်းဖြစ်သည်။

နံရံကြီးအပေါက်မှမြင်ကွင်းသည် သူ့အား ဆီးကြိုလျက်ရှိနေတော့သည်။

မြင်ကွင်းက သူ့မျက်လုံးကိုပင် မယုံနိုင်လောက်အောင်ဆန်းကြယ်လှသည်။

ထူးဆန်းသောဘုန်းတော်ကြီးကျောင်းနှင့် တစ်မျှော်တစ်ခေါ်မြင်ရသောလယ်ကွင်းများ၊ ဥယျာဉ်များ၊ သစ်သီးခြံများကိုလှမ်းမြင်ရသည်။ နေထိုင်ကြသည့်လူများမှာလည်း ဘုန်းတော်ကြီးများနှင့်အတူ တရားဓမ္မရှာမှီး၍ အေးအေးငြိမ်းငြိမ်းနေထိုင်ကြသူများသာရှိသည်။

၄င်းတို့က တရားအားထုတ်ရန်ခေါ်သော်လည်း ရွာသို့ပြန်၍ခွင့်ပန်ပါရစေဟုခေါ်ကာ ၄င်းကျောက်နံရံအနီးတွင် ၄င်းဦးပါသောပစ္စည်းများကိုချထားခဲ့ပြီး ရွာသို့ပြန်ခဲ့သည်။

ရွာသို့ရောက်သောအခါ ထိုအကြောင်းများအားပြောပြ၍ ရွာမှလူများနှင့်အတူ ထိုနေရာသို့နောက်ထပ်တစ်ကြိမ်သွားသောအခါ မိမိချထားခဲ့သောပစ္စည်းများကိုသာတွေ့ရပြီး ကျောက်နံရံအပေါက်ကြီးကိုမူ လုံးဝရှာမတွေ့တော့ပေ။





ရွာသူရွာသားများက ၄င်းအား တော၌လှည့်စားမှုခံရခြင်း၊ ဒါမှမဟုတ် စိတ်ထင်ရာပြောသူဟူ၍ သတ်မှတ်ခဲ့ကြသည်။

အခြားတစ်ဦးကတော့ မုဆိုးတစ်ဦးဖြစ်သည်။

ထိုသူမှာ လာဒက်မှ မုဆိုးတစ်ဦးဖြစ်၍ သမင်တစ်ကောင်နောက်သို့ သဲကြီးမဲကြီးလိုက်ရင်းနှင့် တောကျွံသွားခဲ့လေသည်။

သူရောက်သွားသောနေရာမှာ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသောနေရာဖြစ်၏။ ထိုနေရာမှလှမ်းကြည့်လျှင် ကေလာသတောင်ကြီးနှင့် ဒွါလာဂီရိတောင်ကြီးအား လှမ်းမြင်ရသည်။

သူရောက်သွားသည့်နေရာတွင် ထူးထူးဆန်းဆန်းကျောက်နံရံအကွဲကြီးကိုတွေ့ရသည်။ ထိုကျောက်နံရံအကွဲကြီး၏တစ်ဖက်တွင် ထူးခြားသောမြင်ကွင်းကိုလှမ်းမြင်ရသည်။

ထူးခြားဆန်းကြယ်သော ဘုန်းတော်ကြီးကျောင်းနှင့် ယာတောများ၊ သာယာသည့်ဥယျာဉ်ခြံများ၊ ထိုနေရာတွင် သွားလာနေကြသည့်လူများကို မျက်ဝါးထင်ထင်တွေ့ရသည်။

သူသည်လည်း ကျောက်နံရံကြီးရှိသောနေရာကိုကောင်းစွာမှတ်သားပြီး ရွာသို့ပြန်ခဲ့သည်။

ရွာမှမိသားစုများအားခေါ်ပြီး ထိုနေရာသို့တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားသောအခါ ထိုကျောက်နံရံကြီးအား လုံးဝရှာမတွေ့တော့ပေ။

ထို့ပြင် ဧဝရတ်တောင်သို့တက်သောအဖွဲ့တွင် လမ်းပြအဖြစ် လိုက်ပါသွားသူတစ်ဦးကမူ ဧဝရတ်တောင်စွန်းမှ ထူးဆန်းသောမြင်ကွင်းတစ်ခုကိုမြင်ခဲ့ရသည်။

တောက်ပရွှန်းလဲ့သောနေရောင်ခြည်အောက်ဝယ် ဘုန်းတော်ကြီးကျောင်းများအား တနံတလျားမြင်ခဲ့ရသည်။

လယ်တောများ၊ ဥယျာဉ်ခြံမြေများ၊ တသွင်သွင်စီးဆင်းနေသည့်စမ်းချောင်းများ၊ ဘုရားဂူကျောင်းပြသာဒ်များကိုလည်း တွေ့မြင်ခဲ့ရသဖြင့် ၎င်း၏အဖော်မိတ်ဆွေများကို အပြေးအလွှားသွားရောက်သတင်းပို့ကာ တောင်တက်တစ်ဖွဲ့လုံး သူမြင်ခဲ့ရသည့်ထူးဆန်းသည့်မြင်ကွင်းအား အပြေးအလွှားသွားရောက်ကြည့်သောအခါ ရေခဲပြင်ကြီးနှင့်ကျောက်ဆောင်ကျောက်တုံးကြီးများကိုသာ တွေ့ရလေတော့သည်။

ဆစ်ကင်းအမျိုးသားတစ်ဦး၏ တွေ့ကြုံရပုံက ပို၍ဆန်းကျယ်လေသည်။ သူ၏နွားများထိန်းကျောင်းနေစဉ် တွေ့ရသောမြင်ကွင်းဖြစ်သည်။

သူသည် နွားများနောက်သို့ လိုက်သွားရင်းနှင့်ပင်





ကျောက်နံရံကြီးတစ်ခုကိုတွေ့ရလေ၏။ ထိုနံရံအက်ကြောင်းကြီးမှ အတွင်းသို့ဝင်ခဲ့ရာ ထူးခြားသောဘုန်းတော်ကြီးကျောင်းများ၊ ယာတောနှင့် သစ်သီးခြံများ၊ ဥယျာဉ်များနှင့် ထူးခြားသောလူ့အဖွဲ့အစည်းကိုတွေ့ခဲ့ရကြောင်း၊ သူ့အား ပုဂ္ဂိုလ်တစ်ဦးက ဆန်(၇)စေ့ကိုပေးခဲ့ကြောင်း၊ နောက်တစ်ကြိမ် ထိုနေရာသို့ တစ်ခေါက်ပြန်သွားသောအခါ ထိုကျောက်နံရံကြီးအား မတွေ့ရတော့ပေ။

ထိုအဖြစ်အပျက်များ၊ အကြောင်းများမှာ ခွန်လွန်တောင်တန်း၊ ကေလာသတောင်တန်းပတ်ဝန်းကျင်တွင်ရှိသည်ဟုယူဆရသော ရှမ်ဗဲလားနှင့်ပတ်သက်၍ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်များပင်ဖြစ်ပေသည်။

သူရဇ္ဇအနေနှင့် အဘိုးသူတော်စင်ကြီးနှင့်အတူနေထိုင်စဉ်က အဘိုးသည် တစ်ပတ်လျှင်တစ်ကြိမ်လောက်တော့ ရှမ်ဗဲလားသို့သွားသည်ဟုသိခဲ့ရသည်။ အဘိုးသည် ဘယ်လိုကိစ္စအကြောင်းဖြင့် ရှမ်ဗဲလားသို့သွားခဲ့သည်ကိုမသိရပေ။

ရှမ်ဗဲလားသို့ရောက်အောင် အဘိုးဘယ်လိုသွားခဲ့သည်၊ ဘယ်လိုအကြောင်းကြောင့် သွားခဲ့သည်ကိုမသိရပေ။

သူတို့အဖွဲ့သွားရသောခရီးက မဖြောင့်လှပေ။ မြင့်မား



www.burmeseclassic.com

www.burmeseclassic.com



သောတောင်ပတ်လမ်းများပေါ်မှ သွားကြရသည်။ ကျောက်ထရံကြီးများကြားဝယ် မရေတွက်နိုင်အောင်များပြားလှသော လှိုဏ်ကြီးများအတွင်းမှလည်း ခက်ခက်ခဲခဲသွားကြရသည်။

ကျောက်လိုဏ်ဂူကြီးများအတွင်းမှလည်း ဖြတ်သန်းကြသည်။ နေရာတိုင်းမှာ မြင်းများမစီးရသောကြောင့် ခြေလျင်သွားရသည်များလည်းရှိသည်။

အချို့လိုဏ်ဂူကြီးများမှာ ထွက်ပေါက်ဝင်ပေါက်တစ်ခုတည်းရှိသော်လည်း အတွင်းသို့ရောက်သောအခါ ဝင်္ကပါသဖွယ်ရှုပ်ထွေးနေတတ်သည်။ လမ်းမှန်ကိုဘယ်လိုမှရှာမတွေ့နိုင်သောအခါ ပါဝဏ၏မနောစွမ်းအားကို ကောင်းစွာအသုံးချရသည်။

ထိုအခက်အခဲများကိုကြုံလာတိုင်း ပါဝဏက မြေပေါ်တွင် တင်ပလ္လင်ခွေထိုင်၊ မျက်စိမှိတ်၊ လက်နှစ်ဖက်ကိုရှေ့သို့ဆန့်တန်းကာ အာရုံပြုကြည့်လေ့ရှိသည်။

ထိုအခါ လမ်းမှန်ကို ညွှန်ပြပေးနိုင်လေသည်။

သဘာဝအလျှောက်ဖြစ်ပေါ်နေသော ဥမင်လိုဏ်ခေါင်းကြီးများမှာ မဆုံးနိုင်အောင်ရှည်လျားလှပေသည်။ ဥမင်များအတွင်း၌ သဘာဝအတိုင်းဖြစ်နေသော စမ်းချောင်းများမှာလည်းရှည်လျားလှသည်။





အနောက်ဘက်သို့လားသော် ဗြဟ္မပုတ္တရမြစ်ရှိရာသို့လည်းကောင်း၊ တောင်ဘက်သို့လားသော် မေခမလိခရောက်အောင်ပေါက်သည်ဟု အဆိုရှိကြသည်။

အချို့ဂူကြီးများမှာ ကြီးမားလှပြီး ပိန်းပိတ်အောင်မှောင်လျက်ရှိကာ ဗိညာဉ်များခိုအောင်းရာနေရာများဟုလည်း အထင်ရှိကြသည်။

သူတို့တစ်တွေသည် အအေးဓာတ်လွန်ကဲလာသော ညနေပိုင်းအချိန်တွင် ခရီးဆက်ရန်မသင့်တော့သဖြင့် လေကွယ်နှင်းကွယ်ရှိသော ဂူကြီးတစ်ဂူထဲသို့ဝင်ကာ တစ်ညတာစခန်းချရန် ပြင်ဆင်ကြသည်။

ဂူကြီးတစ်ဂူလုံးမှာ မည်းမှောင်လျက်ရှိသည်။

ရောဟဏီက သူ၏တုတ်ရှည်ကြီးအားကိုင်ဆောင်ပြီး ဂူအတွင်းပိုင်းသို့ဝင်သွားလေသည်။ ကျန်လူများကတော့ မီးဖိုရန် မီးမွှေးခြင်း၊ ညနေစာစားရန်အတွက် ပြင်ဆင်ခြင်းများအားတစ်ယောက်တစ်နေရာစီတာဝန်ယူ၍ လုပ်ကိုင်ကြလေသည်။

အတန်ကြာသောအခါ ရောဟဏီပြန်ထွက်လာသည်။ ... ၏မျက်နှာပေါ်ဝယ် ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိသည်။ အခြေအနေကိုမေးသောအခါ ဤသို့ပြောလေသည်။

"ဒီဂူကြီးထဲမှာ မြွေနဂါးအဖြူတွေခိုအောင်းနေတယ်၊ ဒီသတ္တဝါတွေက သိပ်ပြီးကြောက်စရာကောင်းတယ်၊ အဆိပ်ငွေ့ထိတာနဲ့ကို ဒုက္ခဖြစ်တတ်တယ်"

"နောက်ပြီး မြွေနဂါးအဖြူတွေက အလင်းရောင်နဲ့အသံကို မကြိုက်ကြဘူး၊ သူတို့ရဲ့ကိုယ်ထဲမှာ မကောင်းဆိုးဝါးတွေရဲ့ ဝိညာဉ်တွေခိုကပ်နေတော့ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် တွေ့တာနဲ့ဒုက္ခပေးတတ်ကြတယ်"

ဟု မျက်စိမျက်နှာပျက်စွာဖြင့် ပြောပြလေသည်။

သို့သော်. . .

အချိန်ကလည်းမရှိတော့သဖြင့် နောက်တစ်နေရာရွှေ့ပြောင်းရန်မလွယ်တော့ပေ၊ ထို့ကြောင့် ထိုဂူထဲမှာပင် တစ်ညတာနားကြရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုဂူထဲမှာနားနေကြစဉ်ကာလအတွင်း သူတို့အတွက် အနှောင့် အယှက်တစ်စုံတစ်ရာမတွေ့ကြသော်လည်း မီးပုံကြီးအား မီးမပြတ်စေရန် သစ်တုံးများထည့်ထားခြင်းကြောင့် မီးခိုး

ငွေ့များနှင့် မီးအပူရှိန်များကတော့ ဂူအတွင်းပိုင်းသို့ဝင်လျှက်ရှိသည်။

ဂူထဲမှာ လေလုံမိုးလုံရှိသည်ကတစ်ကြောင်း၊ မီးဖိုမှ အပူဓာတ်များရနေသည်ကတစ်ကြောင်း၊ ခရီးပန်းလာကြသည်ကတစ်ကြောင်းကြောင့် အနားယူလိုက်သည်နှင့် အိပ်ပျော်သွားကြလေတော့သည်။

ညဉ့်နက်ပိုင်းအချိန်သို့ရောက်သောအခါ ဂူပေါက်ဝ၌ချည်ထားသောမြင်းများ ကြောက်လန့်တကြားဟီလိုက်သံကြောင့် အိပ်ပျော်နေသူများလန့်နိုးလာကြတော့သည်။

နားစွင့်ကြည့်လိုက်သောအခါ တိတ်ဆိတ်ငြိမ်သက်လျှက်ရှိသောညအချိန်တွင် ဂူအတွင်းပိုင်းတစ်နေရာဆီမှ မြွေနှာမှုတ်သံကဲ့သို့ ထူးထူးခြားခြားအသံတစ်မျိုးကို သတိပြုမိလိုက်ကြသည်။

"ရှီ. . . ရှီ. . . ရှီ"

ကြောက်မက်ဖွယ်ကောင်းသော မြွေတွန်သံကြီးမှာ ဂူပေါက်ဝအထိ လိုက်သံနှင့်အတူထွက်လာသည်။

"မြွေဖြူကြီးတွေထွက်လာပြီထင်တယ်"

ရောဟဏီက စိုးရိမ်စွာမေးလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



ပါဝဏာနှင့် တပ်မှူးဗျူဟတို့ကလည်း မိမိလက်နက်များကို ကိုင်ဆောင်ကာ နေရာမှထလိုက်ကြသည်။

ကေသရီ၏မျက်နှာပြင်ပေါ်တွင် စိုးရိမ်ထိတ်လန့်မှုများ အထင်းသားပေါ်လွင်နေသည်။

သူရဇ္ဈက အဖွဲ့ခေါင်းဆောင်တစ်ဦးပီပီ ၎င်း၏ဓားရှည်ကြီးအားဆွဲထုတ်လိုက်ပြီး အသံလာရာဘက်သို့ထွက်လိုက်သည်။

"ရောဟဏီ. . ကေသရီကို ဘယ်လိုအန္တရာယ်မှမထိနိုင်အောင် မင်းကာကွယ်စောင့်ရှောက်ပေတော့"

ရောဟဏီခေါင်းညိတ်ပြသည်။

မကြာမီ ဂူအတွင်းပိုင်းမှထွက်လာသောအသံက တစ်စတစ်စပိုပြီးကျယ်လောင်စွာကြားလာရပြီးနောက် ဂူအတွင်းမှ ထွက်လာသောလှုပ်ရှားမှုတစ်ခုကိုပါ အားလုံးမြင်လိုက်ရသည်။

ထွက်လာသောသတ္တဝါမှာ အခြားမဟုတ်ပေ။

ဦးခေါင်းတွင်အမောက်များပါသော မြွေဖြူကြီးတစ်ကောင်ပင်ဖြစ်၏။ လုံးပတ်မှာ အတော်အတန်ကြီးမားသော်လည်း အလျားကတော့အတော်ရှည်လှသည်။

ကိုယ်ပေါ်တွင် အကြေးခွံများရှိကာ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူလျက်ရှိသည်။





အထူးခြားဆုံးမှာ မျက်လုံးများဖြစ်သည်။ မီးရောင်ဖြင့်ထိလိုက်သော၎င်း၏မျက်လုံးများမှာ ပတ္တမြားခဲပမာ ရဲရဲနီလျက်ရှိသည်။ ဦးခေါင်းထောင်လျက် ပါးပျဉ်းခွက်ထားလေရာ ၎င်းပါးပျဉ်းပေါ်တွင် ထူးခြားသောစာလုံးများကို လှမ်းမြင်ရသည်။

နှာတစ်ချက်မှုတ်လိုက်လေတိုင်း နှာခေါင်းပေါက်မှ အခိုးအငွေ့များထွက်နေသည်။

"အဲဒါအဆိပ်ငွေ့တွေပဲ၊ အဲဒီအဆိပ်ငွေ့တွေထိလိုက်တာနဲ့ အန္တရာယ်ဖြစ်လိမ့်မယ်၊ သတိထား၊ သတိထား"

ဟု ရောဟဏီက စိုးရိမ်တကြီးလှမ်းအော်နေသည်။

မြွေဖြူကြီးမှာ ကိုယ်အလျားရှည်သောကြောင့် ကိုယ်ကိုတစ်ချက်တွန့်ပြီးဆန့်ထုတ်လိုက်သောအရှိန်မှာ လွန်စွာလျင်မြန်လှပေသည်။

သူရဇ္ဈသည် ပါးစပ်ကြီးဖြဲလျက် အစွယ်ငေါငေါဖြင့်လျက်တပြက်လှမ်းဟပ်လိုက်သောမြွေခေါင်းကြီးကို လွတ်အောင်ရှောင်ပြီး လက်ထဲမှဓားဖြင့် ဇက်ကိုပိုင်းချလိုက်သည်။

သံကြိုးတစ်ချောင်းပင် တိကနဲပြတ်သွားနိုင်အောင်အစွမ်းထက်လှသော ၎င်း၏ဓားချက်မှာ ထုံကနဲဖြစ်ကာ ပြန်ကန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေက ကိုယ်ကိုတွန့်ပြီး နောက်သို့ပြန်လှည့်ပေါက်ပြန်သည်။ သူရဇ္ဇက အတွင်းဘက်သို့လှိမ့်ရှောင်ပြီး ခါးကိုဖြတ်ပိုင်းချလိုက်သည်။ ဓားကအရေပြားထဲပျော့ဝင်သွားပြီး ပြန်ကန်တက်လာပြန်သည်။

ထိုအခိုက်မှာပင် တပ်မှူးဗျဂ္ဃ၊ ရောဟဏီ၊ ပါဝဏတို့ဝင်လာကြပြီး ဝိုင်းဝန်းတိုက်ခိုက်ကြရာ မြွေဖြူတစ်ကောင်နှင့် လူလေးယောက်တို့၏တိုက်ပွဲမှာ ဂူထဲ၌ပြင်းထန်စွာဖြစ်ပေါ်လာတော့သည်။

လူပုလေးမိတ္တကတော့ မင်းသမီးလေးကေသရီအား အန္တရာယ်မထိစေရန် ဓားနှစ်လက်ကိုအဆင်သင့်ကိုင်ကာ ကာကွယ်စောင့်ရှောက်ပေးနေသည်။

တစ်ကြိမ်တွင် တိုက်ရင်းခိုက်ရင်းနှင့် ပါဝဏမှာ ကျော' တုံးတစ်တုံးနှင့်တိုက်မိကာ မြွေကြီးရှေ့နားတွင် ပစ်လဲကျသွားလေတော့သည်။

ထိုအချိန်မှာ မြွေကြီးကပါးစပ်ကြီးဟကာ ပါဝဏအား ပေါက်ချလိုက်သည်။ ထိုစဉ်မှာ ရောဟဏီက ရှေ့သို့ခုန်ဝင်လာကာ ၄င်း၏လှံရှည်ကြီးဖြင့် မြွေကြီး၏အာခေါင်တည့်တည့်သို့ ထိုးသွင်းလိုက်လေတော့သည်။





၄င်း၏လှံချက်က ထိရောက်လှသည်။ မြွေကြီးအာခေါင်ထဲသို့ဝင်သွားကာ ဦးခေါင်းနောက်ဘက်သို့ ပေါက်ထွက်သွားလေတော့သည်။

ဒဏ်ရာပြင်းထန်စွာရသွားသောမြွေကြီး၏ ကိုယ်လုံးရိုက်ခတ်မှုကြောင့် ကျောက်တုံးကျောက်ခဲများပင် လွင့်စင်ထွက်လာသဖြင့် သူတို့တစ်တွေမှာ မြင်းများကိုပါခေါ်ပြီး ဂူအပြင်ဘက်သို့ထွက်ပြေးရတော့သည်။

မကြာမီ မြွေကိုယ်လုံးကြီးနှင့် ပြင်းထန်စွာရိုက်ခတ်မှုကြောင့် ဂူပေါက်ဝမှကျောက်တုံးကျောက်ခဲကြီးများ တဝုန်းဝုန်းပြိုကျလာပြီးနောက် ဂူပေါက်ဝပိတ်သွားလေတော့သည်။

သူတို့တစ်တွေမှာလည်း ဂူပေါက်ဝနှင့်မဝေးလှသော တောင်ကုန်းတစ်ခုပေါ်တွင် ခေတ္တအမောဖြေကြရသည်။

အေးမြသောကာလမို့ နှင်းမှုန်နှင်းစက်များက တဖွဲဖွဲကျဆင်းလျက်ရှိရာ သူတို့ကိုယ်ပေါ်တွင် နှင်းစက်နှင့်ချွေးစက်များက ရောလျက်ရှိသည်။

"ကျုပ်ဓားနဲ့ပိုင်းတာတောင် ပြတ်မသွားတာဘာကြောင့်လဲ၊ ပြောပြစမ်းပါ"

ရောဟဏီက. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမြွေမျိုးတွေက ဒီလိုပဲ၊ သူတို့ကိုယ်ပေါ်မှာရှိတဲ့ အကြေးခွံတွေက သံမဏိပြားလိုမာကျောလှတယ်၊ ဒါကြောင့် ဓားနဲ့ခုတ်လို့မရတာပါ"

ဟု ပြောပြသည်။

"မင်းရဲ့တုတ်ချွန်ကြီးကယ်ပေလို့သာ၊ မဟုတ်ရင် ငါ တော့မြွေပေါက်ခံရလို့သေလောက်ပြီ"

ပါဝဏာက ရောဟဏီအား လွန်စွာကျေးဇူးတင်သော အမူအယာဖြင့် လှမ်းပြောလိုက်သည်။

ထိုအချိန်တွင် လူပုလေးမိတ္တထံမှ အလန့်တကြားအော် သံတစ်ချက် ထွက်ပေါ်လာတော့သည်။

"လုပ်ကြပါဦး. . လုပ်ကြပါဦး၊ ဒီမှာ မင်းသမီးလေး သတိမရတော့ဘူးဗျ"

ထိုအော်သံကြောင့် လေးယောက်သား ထိုနေရာသို့ အပြေးအလွှားသွားကြည့်သောအခါ မင်းသမီးလေးကေသရီမှာ ကျောက်ပြားတစ်ချပ်ပေါ်တွင် သတိမေ့ကာလဲကျနေသည်။

ပါဝဏာက စမ်းသပ်ကြည့်လိုက်ပြီး. . . .

"သူမြွေဆိပ်မိပြီး သတိမေ့နေတာပဲ၊ အမြန်ဆုံးကုသ ပေးနိုင်မှဖြစ်မယ်၊ အချိန်နည်းနည်းကြာသွားရင် တစ်ကိုယ်လုံး





အဆိပ်တွေပြန့်ပြီး နှလုံးသွေးရပ်သွားလိမ့်မယ်"

"မင်း မြွေဆိပ်ပြေအောင်ဖြေနိုင်လား ပါဝဏာ"

"ကျုပ်မှာ စွမ်းအားရှိသမျှတော့ ကုသပေးပါ့မယ်"

ဟုဆိုကာ မင်းသမီးလေးရှေ့တွင် တင်ပလ္လင်ခွေထိုင် ကာ စွမ်းအားကိုစုစည်း၍ မင်းသမီးလေးကိုယ်ပေါ်မှအဆိပ်များ တဖြည်းဖြည်းကျသွားစေရန် ကြိုးစားကုသလေသည်။

တစ်ကြိမ်တွင် ပါဝဏာမှာ အားကနဲတစ်ချက်အော်ပြီး နောက်ဘက်သို့ နှစ်ပတ်သုံးပတ်လိမ့်ဆင်းသွားသည်။

သူရဇ္ဇက ပါဝဏာအားပြေးပွေ့ပြီး ထိန်းလိုက်သည်။

ပါဝဏာကခေါင်းခါပြပြီး နောက်တစ်ကြိမ်ကြိုးစားပြန် သည်။ ခဏကြာသောအခါ နောက်ဘက်သို့ပြင်းထန်စွာလွင့် ထွက်သွားပြန်လေသည်။

သူ့ကိုကြည့်ရသည်မှာ မမြင်ရသောလူတစ်ယောက်က ရင်ဝကိုဆောင့်ကန်လိုက်သကဲ့သို့ပင် ပြင်းထန်လှသည်။

သူရဇ္ဇက အမြန်ပြေးသွားပြီး ပွေ့ယူလိုက်သောအခါ ပါဝဏာမျက်နှာတစ်ခုလုံး ကြောက်စရာကောင်းလောက်အောင် ရှုံ့မဲ့လျက်ရှိကာ ခဏကြာလျှင် ပါးစပ်မှသွေးများ ပွက်ကနဲအန် ထွက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပါဝဏ ဘယ်လိုဖြစ်တာလဲ"

"မင်းသမီးလေးကိုအမြန်ကုမှဖြစ်မယ်၊ အချိန်မရတော့ဘူး၊ နည်းနည်းကြာသွားရင် သူသေသွားလိမ့်မယ်"

"မင်းကုလို့မရဘူးလား"

"မရဘူး၊ သူ့မှာ မြွေဆိပ်အပြင် စွမ်းအားကြီးတဲ့ဝိဇ္ဇာဥ်တစ်ခုဝင်ပူးခံနေရတယ်၊ ကျုပ်စွမ်းအားနဲ့တော့ မတတ်နိုင်တော့ဘူး"

ဟု စိတ်လျှော့လိုက်သောအခါ သူရဇ္ဇက မင်းသမီးလေးအတွက် များစွာစိတ်ပူသွားမိလေသည်။

သို့သော်လည်း ထိုအခြေအနေတွင် သူတို့အားလုံးမှာလည်း မည်သို့မျှမတတ်နိုင်ကြတော့ပေ။

"ဒီအချိန်မှာ သူသေသွားလို့မဖြစ်သေးဘူး၊ သူသေလို့မဖြစ်သေးဘူး၊ ငါဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ"

သူရဇ္ဇက များစွာစိတ်ပူသွားမိလေသည်။

ထိုအချိန်မှာပင် သူ၏စိတ်အာရုံထဲသို့ သူတော်စင်အဘိုးမှာကြားလိုက်သောစကားသံများအား ပြန်လည်ကြားယောင်လာမိတော့သည်။





"ငါ့မြေး. . အရေးအကြောင်းရှိရင် အဘိုးရှိရာကိုသတိရတဲ့စိတ်ကလေးသာပို့လိုက်ငါ့မြေး"

ဟူသောစကားသံများက လူကိုယ်တိုင်ပြောနေသကဲ့သို့နားထဲမှာကြားယောင်နေသည်။ ထို့ကြောင့် ကျောက်စွန်းထိပ်တွင်ရပ်ကာ သူတော်စင်အဘိုးရှိရာသို့မှန်း၍ အာရုံပြုလိုက်လေသည်။

ခေတ္တကြာသောအခါ ငြိမ်သက်လျက်ရှိသောပတ်ဝန်းကျင်တစ်ဝိုက် လှုပ်ရှားမှုများဖြစ်လာတော့သည်။

သစ်တောမှ သစ်ပင်များလှုပ်ရှားလာသည်။

ငြိမ်သက်စွာကျဆင်းနေသောနှင်းမှုန်နှင်းစက်များ ရွေ့လျားလာသည်။ ပတ်ဝန်းကျင်တစ်ဝိုက် လူညည်းသံကဲ့သို့ အသံများပေါ်ထွက်လာသည်။

အခြေအနေများက ထူးထူးခြားခြားဖြစ်လာပြီးနောက်တွင် နှင်းမှုန်များကြားထဲမှ တရွေ့ရွေ့လှုပ်ရှားလာသောပုံရိပ်တစ်ခုကို လှမ်းမြင်ရသည်။ အားလုံးက တအံ့တသြဖြစ်နေကြစဉ် လှုပ်ရှားနေသောပုံရိပ်က သူတို့ရှိရာသို့ဦးတည်လာနေသည်။

မလှမ်းမကမ်းသို့ရောက်သောအခါမှ လှနှစ်စွာအသက်ကြီးရင့်လှပြီဖြစ်သော အဘိုးအိုတစ်ဦးဖြစ်မှန်း သိကြရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတော်စင်အဘိုးအိုအားမြင်သောအခါ သူရဇ္ဇက ဝမ်းသာအားရအနီးသို့ကပ်သွားသည်။

"အဘိုး. . အဘိုးဘယ်ကနေရောက်လာတာလဲဟင်"

"အဘိုးက ဒီနေရာတစ်ဝိုက်တွေကို အမြဲသွားလာနေတာဆိုတော့ ငါ့မြေးတို့နဲ့အခုလိုတွေ့ဆုံရတာ မဆန်းလှပါဘူးကွယ်၊ ဒါထက် ငါ့မြေးတို့က ဘယ်လိုအခက်အခဲတွေဖြစ်နေကြတာလဲ"

ဟု အေးချမ်းလှသောအသံဖြင့် မေးလိုက်သည်။

သူရဇ္ဇက မင်းသမီးလေးကေသရီအား လက်ညှိုးထိုးပြကာ အကျိုးအကြောင်းပြောပြလိုက်လေသည်။

"အဘိုးရယ်. . ကျွန်တော်တို့ကိုကယ်ပေးပါဦး"

သူတော်စင်အဘိုးက အဆိပ်တက်ကာသတိလစ်နေသော မင်းသမီးလေးကေသရီအနီးသို့သွားကာ တစ်ချက်ကြည့်သည်။ ထို့နောက် မျက်စိမှိတ်ကာအာရုံပြုသည်။

ထိုအခိုက်မှာပင် ကေသရီမှာ လူးလွန့်စပြုလာလေသည်။ စောစောက သစ်တုံးတစ်တုံးလိုငြိမ်သက်နေရာမှ လူးလွန့်လှုပ်ရှားလာသည်ကိုတွေ့ရသောအခါ သူရဇ္ဇတို့တစ်တွေမှာ အတန်ငယ်အားရှိလာကြတော့သည်။





ထို့နောက် သူတော်စင်အဘိုးက ကေသရီ၏ဦးခေါင်းပေါ်သို့လက်တင်ကာ တစ်စုံတစ်ရာမန်းမှုတ်ရွတ်ဆိုလိုက်လျှင် ကေသရီ၏ပါးစပ်တွင်းမှ အညိုရောင်သွေးများ 'ပွက်'ကနဲအန်ထွက်လာတော့သည်။

"ဟော. . ကေသရီသတိပြန်ရလာပြီ"

နောက်ထပ်တစ်ကြိမ်လောက် သွေးနက်များအန်ထုတ်လိုက်သောအခါတွင် မင်းသမီးလေးကေသရီမှာ ကောင်းစွာသတိပြန်ရလာပြီဖြစ်တော့သည်။

သူရဇ္ဇက အဘိုးသူတော်စင်ကြီးရှေ့တွင် ဒူးထောက်၍ လက်အုပ်ချီကန်တော့လိုက်သည်။

"ကျွန်တော်တို့ကို အခုလိုလာပြီးအကူအညီပေးတာ အဘိုးကိုအထူးပဲကျေးဇူးတင်ပါတယ်၊ အမိကိုလည်း သားက ကန်တော့လိုက်ပါကြောင်း အဘိုးကပြောပြပေးပါ"

အဘိုးက ပြုံး၍ခေါင်းညိတ်ပြလေသည်။

"ကျွန်တော်ကတော့ ပေးအပ်တဲ့တာဝန်တစ်ခုကို ဆောင်ရွက်ရဦးမှာမို့ ခရီးဆက်ရပါဦးမယ်"

"ငါ့မြေး ဘေးကင်းပြီး လိုရာဆန္ဒပြည့်ဝပါစေ"

"အခု အဘိုးကဘယ်ကိုသွားမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးက ကေလာသတောင်တစ်နေရာမှာရှိတဲ့ အဘိုးရဲ့ တရားဓမ္မဆွေးနွေးဖော်ဆွေးနွေးဖက်တွေရှိတဲ့ ငြိမ်းချမ်းတဲ့နေရာကိုသွားမှာပါ"

ဟုဆိုကာ တောင်ဝှေးကိုထောက်ပြီး နှင်းမှုန်ကြားထဲသို့ တရွေ့ရွေ့နှင့်ပြန်လည်ထွက်ခွာသွားလေတော့သည်။

အဘိုးထွက်ခွာသွားသောနေရာမှာ ပျောက်ဆုံးနေသော မိုးကုပ်စက်ဝိုင်း၊ ဒါမှမဟုတ် သူတော်စင်တို့၏ငြိမ်းချမ်းသောနေရာ ပေလား၊ ဒါမှမဟုတ် ရှမ်ဗဲလားဟူသောအမည်ဖြင့် လူအများတို့ စိတ်ဝင်စားလျက်ရှိသော နေရာပေလားဆိုတာကိုတော့ မည်သို့မျှ မသိနိုင်တော့ပေပြီ။



## အခန်း(၅)

## ရေခဲတောင်ရဲတိုက်အတွင်းမှ အနုရာဝစိန်ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် တောတောင်အထပ်ထပ်ကိုကျော်ဖြတ်ကာ ရက်အတန်ကြာအောင်ခရီးဆက်သောအခါ သူတို့ရှာဖွေနေသော မရဏာရေအိုင်ကြီးရှိရာသို့ ရောက်ခဲ့ကြတော့သည်။

ရေအိုင်ကြီးမှာ တောင်တန်းတစ်ခုပေါ်တွင်ရှိကာ ပတ်ပတ်လည်တောင်တန်းကြီးများက ဝန်းရံထားလေသည်။

အနံမှာ သိပ်ပြီးမကျယ်ဝန်းလှသော်လည်း အလျားမှာ မျက်စိတစ်ဆုံးကျယ်ဝန်းလှပေသည်။ ရေပြင်ပေါ်တွင် ရေခဲအခိုးအငွေ့များက ဖုံးအုပ်ထားလေသည်။

ရေအိုင်ကြီးအလယ်တွင် ရေခဲတောင်ကြီးသဖွယ် တည်ဆောက်ထားသောရဲတိုက်ကြီးရှိသည်။

အမှန်တော့ ထိုရဲတိုက်ကြီးမှာ ရေအောက်မှသဘာဝ





အတိုင်းဖြစ်ပေါ်နေသော ကျောက်တောင်ကြီးအား ရဲတိုက်ကြီးသဖွယ် ဖန်ဆင်းထားဟန်ရှိသည်။ အပေါ်မှာ ရေခဲများဖုံးအုပ်နေသောကြောင့် အဝေးမှကြည့်လျှင် ရေခဲတောင်ကြီးသဖွယ် လှမ်းမြင်ရသည်။

ရေခဲတမျှအေးလှသောရေပြင်ကိုဖြတ်ကာ သည်အတိုင်းသွားဖို့ကတော့ ဘယ်နည်းနှင့်မှမလွယ်ကူပေ။ ကေသရီက ရဲတိုက်ကြီးဆီသို့မျှော်ကြည့်ပြီး ဤသို့ပြောပြသည်။

"အဲဒီရဲတိုက်ကြီးထဲမှာ မှော်အတတ်ပညာကိုကျွမ်းကျင်တဲ့ အနုရာဓဆိုတာရှိတယ်၊ သူက အနုရာဓတိုင်းပြည်ကိုစတင်ထူထောင်ခဲ့တဲ့ဘုရင်တစ်ပါးပါပဲ"

ကေသရီပြောပြသောအကြောင်းအရာများက စိတ်ဝင်စားဖွယ်ရာဖြစ်တော့သည်။

"ရှေးတုန်းက အနုရာဓမြို့နေရာမှာ ကျောက်တောင်တွေနဲ့သစ်တောအုပ်တွေပဲရှိတယ်၊ အနုရာဓဘုရင်က တိဗက်တောင်ပိုင်းကဆင်းလာတဲ့ မျိုးနွယ်တွေပဲ၊ သူက ဒီမှာလာပြီး မြို့ရွာထောင်ပြီး ဘုရင်လုပ်တာ၊ အနုရာဓဘုရင်က နက္ခတ်ပညာနဲ့မှော်အတတ်ပညာတွေကို ကျွမ်းကျင်တတ်မြောက်တယ်၊ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနာမ်ခွာပညာတွေနဲ့ ကိုယ်ပွားပြုလုပ်တဲ့ပညာတွေကို သိပ်ပြီးကျွမ်းကျင်တယ်"

မင်းသမီးလေးကေသရီပြောပြသောအကြောင်းအရာများအား တပ်မှူးဗျဂ္ဃမှလွဲပြီး ကျန်လူများက များစွာစိတ်ဝင်စားကြသည်။

"သူ့ရဲ့ရည်ရွယ်ချက်က တောင်ပိုင်းတိဗက်နယ်တစ်ခုထူထောင်ဖို့ပဲ၊ နောက်တော့ စိတြဘုရင်နဲ့စစ်ပွဲတွေဖြစ်ပွားရာက သူစစ်ရှုံးပြီး ဒီဘက်ကိုတိတ်တဆိတ်ထွက်ပြေးလာခဲ့ရတယ်၊ စစ်နိုင်ပြီး တိုင်းပြည်ကိုသိမ်းပိုက်နိုင်တဲ့စိတြဘုရင်ကိုလည်း သူ့ရဲ့နက္ခတ်ပညာနဲ့ ရုပ်ပြောင်းနာမ်ခွာပြုလုပ်ထားခဲ့တယ်"

"နန်းတော်ထဲမှာတွေ့ခဲ့ရတဲ့ စိတြဘုရင်နဲ့အလောင်းဟာ သူ့ရဲ့လက်ချက်ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်၊ ဘုရင်စိတြဟာ ဝိညာဉ်မရှိတော့တဲ့ခန္ဓာကိုယ်ကြီးဘဝနဲ့ အခုလိုနေခဲ့ရတာကြာပါပြီ"

"ဒါဖြင့် ရဲတိုက်ကြီးထဲမှာနေတဲ့ အနုရာဓဆီမှာ ဘယ်လိုပစ္စည်းရှိတာလဲ၊ ဝိညာဉ်များကိုပြန်လည်ခေါ်ယူနိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်းက သူ့ဆီမှာရှိနေတာလား"

"အဲဒီသဒ္ဓိဝင်ပစ္စည်းက သူ့ဆီမှာမရှိပါဘူး၊ တစ်နေရာမှာရှိပါတယ်၊ ဒါပေမယ့် သူ့ဆီမှာရှိတဲ့ အနုရာဓစိန်ရောင်ခြည်မပါပဲနဲ့ သိဒ္ဓိဝင်ပစ္စည်းကိုဘယ်နည်းနဲ့မှ မယူနိုင်ပါဘူးသူရဇ္ဇ၊ ဒါကြောင့် သူ့ဆီက စိန်ရောင်ခြည်ကိုယူဖို့ ဒီနေရာကို အရင်လာခဲ့ရတာဖြစ်ပါတယ်"

ဟု ရှင်းပြလေသည်။

"အတွင်းကိုရောက်အောင်ဝင်ဖို့ လွယ်ပါ့မလား"

"မလွယ်ဘူး၊ ရဲတိုက်ကြီးထဲဝင်ဖို့ ဝင်ပေါက်ကိုမရှိတာ"

"ဒါပေမယ့် ရအောင်ဝင်ရမှာပဲ၊ လောလောဆယ် ရဲတိုက်ကြီးရှိရာအရောက်သွားဖို့ သစ်ဖောင်တစ်ဖောင်ပြုလုပ်ကြရမယ်"

ထို့နောက် သူတို့တစ်တွေသည် ရေအိုင်ကြီးကမ်းပါးရှိကျောက်ဆောင်များအနီးတွင် စခန်းချကာ သစ်ဖောင်တစ်ဖောင်ပြုလုပ်ကြသည်။ သူရဇ္ဇ၊ ဗျဂ္ဃ၊ လူပုလေးမိတ္တနှင့်ပါဝဏာတို့လေးယောက်သား တက်ညီလက်ညီပြုလုပ်ကြရာ နေဝင်ကာနီးအချိန်လောက်တွင် သစ်ဖောင်ကြီးတစ်ဖောင်ပြီးစီးသွားတော့သည်။

သို့သော် အချိန်မရှိတော့သဖြင့် နောက်တစ်နေ့နံနက်စောစောတွင်မှကူးသွားရန်တိုင်ပင်ပြီး ထိုနေရာတွင် တစ်ညတာစခန်းချနားကြလေသည်။







www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင် မင်းသမီးလေးအား အလယ်နေရာတွင်ထားပြီး ကျန်သူများက မလှမ်းမကမ်းနေရာမှာအိပ်ကြလေသည်။

လရောင်ကလေးရှိသောကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါးမြင်နိုင်လေသည်။

ညဉ့်နက်လာသောအခါ အအေးဓာတ်ကပိုလာသဖြင့် မလှမ်းမကမ်းတွင် မီးပုံကြီးတစ်ပုံဖိုထားလိုက်သည်။ အနွေးဓာတ်ကလေးရလာသောအခါ အတန်အသင့်နေသာထိုင်သာဖြစ်လာကြပြီး အသီးသီးအိပ်ပျော်သွားကြလေတော့သည်။

ထိုအချိန်တွင် တိမ်တိုက်များက ရုတ်တရက်လှုပ်ရှားလာကာ လရောင်ကိုဖုံးပစ်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုကဖုံးသွားတော့သည်။

သူရဲတို့အဖွဲ့ကတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျလျက်ရှိနေသဖြင့် ထိုအရာများကိုမသိနိုင်ကြပေ။

မကြာမီ သူတို့အပေါ်သို့ အရိပ်မည်းကြီးတစ်ခုဖုံးကျလာပြီးနောက် တဖြည်းဖြည်းရွေ့လျားသွားသည်ကို မည်သူမှမသိလိုက်တော့ပေ။

ထိုအရိပ်မည်းကြီး ပြန်လည်ထွက်ခွာသွားသောအခါလရောင်လည်းပြန်လင်းလာတော့သည်။





ထိုအချိန်တွင် နေရာ၌မင်းသမီးလေးကေသရီမရှိတော့ပေ။ ကေသရီကိုခေါ်ဆောင်သွားသူကတော့ ရဲတိုက်ကြီးအတွင်းမှ မှော်စွမ်းအားရှင် အနုရာဓပင်ဖြစ်တော့သည်။

အနုရာဓက ၎င်း၏ကိုယ်ပွားတစ်ဦးကိုစေလွှတ်ကာ ကေသရီအား ဖမ်းဆီးခေါ်ဆောင်စေခဲ့ခြင်းဖြစ်ပေသည်။

ရဲတိုက်ကြီးအတွင်းသို့ရောက်သောအခါ ကေသရီအားခန်းဆောင်တစ်ခုထဲ၌ပိတ်ကာ ထားလိုက်လေသည်။ ကေသရီကတော့ ယခုထက်တိုင် အိပ်ပျော်နေဆဲပင်ရှိသေး၏။

အနုရာဓက အိပ်ပျော်လျက်ရှိသောကေသရီအားကြည့်ကာ. . .

"မိုက်လိုက်တဲ့သမီးတော်၊ ကိုယ့်ဖခင်ကို အန္တရာယ်ပေးမယ့်သူတွေကိုမှ လမ်းပြခေါ်လာခဲ့ရသလား၊ စိတြကိုအသက်ပြန်သွင်းဖို့ကြိုးစားတာဟာ ကိုယ့်အန္တရာယ်ကို ကိုယ်မွေးသလိုရှိမှာပေါ့၊ တကယ်တော့ သမီးလေးဟာ အနုရာဓရဲ့တစ်ဦးတည်းသောနန်းဆက်သွေးပဲ၊ တစ်နေ့ကျရင် သမီးတော်ဟာ အနုရာဓရဲ့အရှင်သခင်ဖြစ်ကိုဖြစ်စေရမယ်"

ဟု တိုးတိုးလေးပြောနေသော်လည်း နံရံများမှပဲ့တင်ရိုက်ခတ်သံများက လှိုင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အခန်းဝသို့ အနုရာခ၏ကိုယ်ပွားတစ်ဦး ရောက်လာသည်။

"ရန်သူတွေ မရဏရေအိုင်ကြီးကိုဖြတ်ပြီး ရဲတိုက်ကြီး ဆီကိုလာနေကြပါပြီအရှင်"

"ကောင်းပြီ၊ ရဲတိုက်ရဲ့တံခါးပေါက်တွေကို အလုံပိတ် လိုက်ပေတော့"

"ကောင်းပါပြီ"

အချိန်အနည်းငယ်အတွင်းမှာပင် ရဲတိုက်ကြီး၏ဝင် ပေါက်မှန်သမျှ ပိတ်သွားလေတော့သည်။

သူရဇ္ဇတို့အဖွဲ့မှာလည်း အသီးသီးအိပ်ပျော်ရာမှ တစ် ချိန်တည်းလိုလိုနိုးလာကြသောအခါမှ ကေသရီပျောက်ဆုံးနေ မှန်းသိကြရသည်။ အနီးဝန်းကျင်သို့လိုက်လံရှာဖွေကြသော် လည်း မတွေ့ကြသောအခါမှ ပါဝဏကစိတ်စွမ်းအင်သုံးပြီး ရှာ ဖွေကြည့်သောအခါ ရဲတိုက်ကြီးအတွင်း၌ရောက်နေကြောင်းသိ ရသောအခါ မိမိတို့ပြုလုပ်ထားသောဖောင်ဖြင့် ရဲတိုက်ကြီးရှိရာ သို့သွားကြလေသည်။

လမ်းခရီးတွင် တစ်စုံတစ်ရာအနှောင့် အယှက်မတွေ့ရ ဘဲ ရဲတိုက်ကြီးဆီသို့ရောက်သွားကြသည်။ အနီးသို့ရောက်သော





အခါ ကျောက်တောင်ကြီးတစ်လုံးအဖြစ်သာတွေ့ရပြီး အခြား ထူးခြားမှုတစ်စုံတစ်ရာမတွေ့ရပေ။

အတွင်းပိုင်းသို့ပတ်ဝင်ကြည့်ပြန်သော်လည်း မထူးခြား လှပေ။ ပါဝဏက. . . .

"ရေအောက်မှာလိုဏ်ခေါင်းလမ်းတစ်လမ်းရှိတယ် သူရဇ္ဇ အဲဒီလမ်းကဝင်ရင် အတွင်းဘက်ကိုရောက်နိုင်တယ်"

ဟုပြောသဖြင့် ငါးယောက်သား လက်နက်များကိုကိုင် ဆောင်ပြီး ရေအောက်သို့ခုန်ဆင်းလိုက်ကြသည်။

ရေခဲတမျှအေးလှသောရေအောက်လမ်းမှ ခက်ခက်ခဲခဲ သွားကြရသည်။ အတန်ကြာသောအခါမှ ဝင်ပေါက်တွေ့ရပြီး ထိုဝင်ပေါက်မှ အတွင်းသို့ဝင်ကြသည်။

အထဲတွင် အပေါ်သို့တက်သောကျောက်လှေခါးကြီးကို တွေ့ရသဖြင့် ထိုလှေခါးကြီးမှအပေါ်သို့တက်ခဲ့ကြသည်။ အတွင်း ဘက်၌ ကျောက်လိုဏ်ဂူကြီးဖြစ်ပြီး ကျောက်ချွန်ကျောက်စွန်း ကြီးများ၊ လမ်းများ၊ ကျောက်နံရံများ၊ ကျောက်တုံးကျောက်ခဲ ကြီးများကိုသာတွေ့ရပြီး သက်ရှိအစောင့်အရှောက်များ တစ်စုံ တစ်ယောက်မတွေ့ရပေ။

သူတို့သည် ကျောက်လှေခါးအတိုင်း အပေါ်သို့တက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြရာ မကြာမီ ရဲတိုက်ကြီး၏အပေါ်ပိုင်းသို့ ရောက်လာလေသည်။ မကြာမီ ကျောက်စွယ်ကျောက်တုံးကြီးများနောက်တွင်ကြီးမားလှသည့် ပိတ်ထားသောတံခါးကြီးတစ်ချပ်ကိုတွေ့ရလေသည်။

ထိုကျောက်တံခါးကြီးအားဖွင့်နိုင်ရန်နည်းလမ်းမှာ လူအားသုံး၍တွန်းဖွင့်ရန်မှတစ်ပါး အခြားထူးခြားချက်တစ်စုံတစ်ရာမတွေ့ရပေ။

သူတို့သည် လူငါးယောက်၏ခွန်အားကိုအသုံးပြုပြီးကျောက်တံခါးကြီးအားတွန်းဖွင့်ကြလေရာ အတန်ကြာသောအခါ၌ တကျွီကျွီမြည်သံများပေါ်ထွက်လာကာ တဖြည်းဖြည်းနှင့်ကျောက်တံခါးကြီးပွင့်သွားတော့သည်။

အတွင်းဘက်၌ ခမ်းနားထည်ဝါသောအခန်းကြီးကိုတွေ့ရသည်။ ထိုအခန်းကြီးအလယ်တွင် ကျောက်ကလပ်ဖြင့်တင်ထားသော စိန်တုံးကြီးအားလှမ်းမြင်ရသည်။

ထိုစိန်တုံးကြီးဆီမှ ဖြာထွက်နေသောအလင်းရောင်များက အခန်းတစ်ခုလုံးလှုပ်ရှားပြေးလွှားလျက်ရှိနေပေသည်။

"ဒါမင်းသမီးလေးကေသရီပြောတဲ့ အနုရာဓစိန်ရောင်ခြည်ဆိုတာဖြစ်မယ်၊ ဒီစိန်တုံးကိုရအောင်ယူရမှာပဲ"





သူရဇ္ဇကာ အခြားသူများအား အပြင်ဘက်တွင်ထားရစ်ခဲ့ပြီး သူတစ်ယောက်တည်း အတွင်းသို့ဝင်ရန်ပြင်သည်။

"ကျုပ်တစ်ယောက်တည်း အတွင်းကိုဝင်ယူမယ်၊ တကယ်လို့ အထဲမှာအန္တရာယ်တစ်စုံတစ်ရာနဲ့တွေ့နေရင် တစ်ယောက်ယောက်က ဒီစိန်တုံးကြီးကိုရအောင်ယူပေတော့၊ နောက်ကျန်တဲ့လူတွေက ကေသရီကိုတွေ့အောင်ရှာပြီး ကယ်တင်ကြရမယ်"

"ကောင်းပါပြီ"

ထို့နောက် သူရဇ္ဇကာ အတွင်းခန်းသို့လှမ်းဝင်လိုက်သည်နှင့် ကျောက်တံခါးကြီးကအလိုလိုပြန်ပိတ်သွားလေတော့သည်။

သူ အခန်းအလယ်သို့ သတိဖြင့်လှမ်းဝင်သွားရာ အလယ်နားသို့ရောက်လျှင် ထူးခြားမှုများဖြစ်ပေါ်လာတော့သည်။

ထိုကား အခြားမဟုတ်ပေ။

ပတ်ပတ်လည်ကျောက်နံရံများမှ အခန်းတံခါးချပ်များပွင့်လာပြီးနောက် ရန်သူများထွက်လာလေတော့သည်။ ရန်သူများကသူ့အား စက်ဝိုင်းပုံသဏ္ဍာန်ဝိုင်းထားလိုက်ကြသည်။

ထိုရန်သူများမှာ အရွယ်တူ၊ အရပ်တူ၊ အဝတ်အစားတူရုံသာမက မျက်နှာများမှာလည်း တစ်ယောက်တည်း၏မျက်နှာများပင် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရန်သူတွေအားလုံးဟာ အနုရာဓဖန်ဆင်းထားတာတွေဖြစ်နိုင်တယ်၊ ဒီကိုယ်ပွားတွေထဲမှာ အစစ်တစ်ယောက်တော့ ပါမှာပဲ"

သူရဇ္ဇစဉ်းစားနေဆဲမှာပင် ဝိုင်းထားသောရန်သူများက သူရဇ္ဇအားဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

သူရဇ္ဇကလည်း လက်ထဲမှဓားဖြင့် အစွမ်းကုန်ပြန်လည်တိုက်ခိုက်ရလေသည်။

ထိုသို့တိုက်ခိုက်နေရင်း သူရဇ္ဇဓားချက်မိသွားသောရန်သူများမှာ ခဏသာလဲကျသွားပြီး ချက်ခြင်းပြန်ထလာကာ တိုက်ခိုက်ကြလေသည်။ သူရဇ္ဇမှာ မည်ကဲ့သို့တိုက်ခိုက်ရမည်ကို မသိတတ်အောင်ရှိနေစဉ် နားထဲသို့ အဝေးမှအသံတစ်သံကြားလာရသည်။

"လူကလေး. . ကိုယ်ပွားတွေကိုတိုက်နေရင် မင်းပင်ပန်းရုံပဲရှိမယ်၊ အစစ်ကိုရအောင်ရှာတိုက်မှ မင်းနိုင်မယ်၊ အနုရာဓအစစ်ရဲ့နဖူးမှာ အနီရောင်ခေါင်းစည်းရှိတယ်"

ထိုအသံကြောင့် လှုပ်ရှားနေသောရန်သူများထဲသို့လှမ်းကြည့်လိုက်သောအခါ ကျန်လူများ၏နဖူးတွင် အဖြူရောင်အစ





များစည်းထားပြီး တစ်ယောက်တည်းသာ အနီရောင်နဖူးစည်းကိုစည်းထားလေသည်။

ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ အနီရောင်နဖူးစည်းရှိသည့်လူရှိရာသို့ ထိုးဖောက်ဝင်ရောက်သွားလေသည်။

ထို့နောက် အဘိုးသင်ပေးထားသောတိုက်ကွက်များအားအသုံးပြု၍ တရကြမ်းဝင်ရောက်တိုက်ခိုက်လေရာ အနီရောင်နဖူးစည်းနှင့်လူမှာ နောက်သို့သာဆုတ်ပေးနေရတော့သည်။

၄င်းအား ဓားတစ်ချက်ထိသွားလေတိုင်း ဘေးမှကိုယ်ပွားတိုက်ခိုက်ရေးသမားများမှာ ၄င်းတို့ကိုယ်တိုင်ဒဏ်ရာရသွားဟန်ဖြင့် နောက်သို့ဆုတ်သွားကြလေသည်။

ထိုအခါ သူရဇ္ဇမှာ များစွာအားတက်လာပြီး အနီရောင်နဖူးစည်းနှင့်တိုက်ခိုက်ရေးသမားအား တရကြမ်းဝင်ရောက်တိုက်ခိုက်လေရာ နောက်ဆုံး မတတ်သာတော့ဘဲ ဓားချက်ပေါင်းများစွာထိပြီး ကြမ်းပြင်ပေါ်လဲကျသွားရလေတော့သည်။

သူရဇ္ဇက ကြမ်းပြင်ပေါ်သို့လဲကျသွားသော အနီရောင်နဖူးစည်းနှင့်လူအား ဓားဖြင့်ခုတ်ပိုင်းချလိုက်သောအခါ ဓားကနဲကျယ်လောင်စွာအော်ဟစ်သံကြီး ပေါ်ထွက်လာပြီးနောက် ငြိမ်သက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့လှည့်ကြည့်လိုက်သောအခါ အခြားရန်သူများကို တစ်ယောက်မှမတွေ့ရတော့ပေ။

ပွဲပြီးသွားသောအခါမှ လူပုလေးမိတ္တာ၊ ရောဟဏီ၊ ပါဝဏနှင့် တပ်မှူးဗျဂ္ဃတို့ အခန်းတွင်းဝင်လာကြပြီးနောက်တွင် မင်းသမီးလေးကေသရီအား တစ်ခန်းဝင်တစ်ခန်းထွက်လိုက်လံရှာဖွေကြလေသည်။

နောက်ဆုံး အခန်းတစ်ခန်းထဲတွင် ပိတ်လှောင်ထားသောကေသရီအား ကောင်းမွန်စွာကယ်တင်နိုင်ကြသည်။ ထိုအချိန်တွင် ကေသရီမှာ ကောင်းစွာသတိရနေပြီဖြစ်သည်။

ထို့နောက် အနုရာဓစိန်တုံးကြီးထားရာအခန်းသို့ လာကြသည်။ သူရဇ္ဇက စိန်တုံးကြီးအားသွားယူကြည့်သည်။

မရပေ။

တပ်မှူးဗျဂ္ဃကတစ်လှည့်ယူကြည့်သည်။

နည်းနည်းမှမလှုပ်ပေ။

ပါဝဏ၊ ရောဟဏီ၊ လူပုလေးမိတ္တာတို့ တစ်ယောက်တစ်လှည့်စီဖြင့် စိန်တုံးကြီးအား ကြိုးစား၍ဖြုတ်ယူကြသော်လည်း အအောင်မြင်ကြပေ။

ထိုအခါ ကေသရီက. . . .





"ဒီ အနုရာဓစိန်တုံးကြီးက အနုရာဓမျိုးဆက်သွေးရှိတဲ့သူလက်နဲ့ထိမှရတယ်"

ဟုပြောကာ ရှေ့သို့တစ်လှမ်းချင်းထွက်သွားလေသည်။

ကေသရီရှေ့သို့တစ်လှမ်းတိုးသွားလေတိုင်း ကျောက်ဂူကြီးမှာ သိမ့်သိမ့်တုန်လာလေသည်။ မြေလျှင်လှုပ်သည့်နှယ် ကျောက်တုံးကျောက်ခဲကလေးများ ပြိုကျစပြုလာပြီ။

သူရဇ္ဇတို့တစ်တွေမှာ လွန်စွာစိုးရိမ်ထိတ်လန့်သွားကြသည်။ ကေသရီကတော့ မည်သည့်အရာကိုမှဂရုမစိုက်ဘဲ စိန်ရောင်ခြည်ရှိရာသို့ တရွေ့ရွေ့လျှောက်သွားနေသည်။

သူမနှင့်စိန်ရောင်ခြည်နီးလာလေလေ တုန်လှုပ်မှုများကပိုမိုပြင်းထန်လာလေလေဖြစ်သည်။

အနီးသို့ရောက်သောအခါ ကေသရီက စိန်ရောင်ခြည်တုံးအား လက်နှစ်ဖက်ဖြင့် အလွယ်တကူမယူလိုက်လေသည်။

သူမလက်ထဲသို့ စိန်ရောင်ခြည်ပါလာသည်ကိုမြင်သောအခါ တပ်မှူးဗျဂ္ဃက အနီးသို့သွားပြီး အိတ်တစ်လုံးဖြင့်ခံယူလိုက်သည်။

ထိုအချိန်မှာပင် မြေလျှင်ပြင်းထန်စွာလှုပ်သည့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



မြည်ဟီးသံကြီးများပေါ်ထွက်လာကာ ကျောက်ဂူကြီးပြိုကျလာလေတော့သည်။

ထိုအခါမှ သူတို့တစ်တွေသည် မင်းသမီးလေးကေသရီအားခေါ်ဆောင်၍ ကျောက်ဂူကြီးအတွင်းမှ ထွက်ပေါက်ရှိရာသို့ အမြန်ဆုံးပြန်ထွက်နိုင်ရန် ကြိုးစားကြလေသည်။

တုန်လှုပ်မှုများကြောင့် ကျောက်ဂူကြီးမှာလည်း ကျောက်တုံးကျောက်ခဲများပြိုကျလာခြင်း၊ ကျောက်တိုင်ကြီးများပြိုလဲကျလာခြင်းများရှိလာလေရာ အန္တရာယ်လွတ်အောင် မနည်းကြီးသတိဖြင့်ထွက်ကြရသည်။

ထို့နောက် ရဲတိုက်ကြီးတံခါးကို အတွင်းမှဖွင့်ပြီးနောက်မိမိတို့ထားခဲ့သောဖောင်ရှိရာသို့ အလျင်အမြန်သွားကြလေသည်။ ဖောင်ပေါ်ရောက်၍ အပြင်သို့ထွက်လာနိုင်ကြပြီး မရဏရေအိုင်ကြီးအလယ်သို့ရောက်သောအခါ ရေအောက်သို့ တစ်စတစ်စနစ်မြုပ်သွားသော ကျောက်တောင်ရဲတိုက်ကြီးအား နောက်ဆုံးမြင်တွေ့လိုက်ရတော့သည်။

ကျောက်ဂူရဲတိုက်ကြီးအတွင်းမှ မှော်စွမ်းအားရှင် အနုရာဓ၏ဘဝသည်လည်း သည်မှာတင်နိဂုံးချုပ်သွားပြီဖြစ်တော့သည်။





တကယ်တော့ မင်းသမီးလေးကေသရီသည် သူမ၏ဖခင်အစစ်အမှန်ဖြစ်သော အနုရာဓနန်းကျဘုရင်တစ်ဦး၏ ကြေကွဲဖွယ်ရာဖြစ်ရပ်မှန်ကို သိခွင့်မရလိုက်၍သာ တော်ရော့သည်။

သို့မဟုတ်ပါက ရင်ကွဲအောင်ခံစားရမည်ဖြစ်တော့သည်။

မကြာမီ ရေပြင်ပေါ်၌ ရေခဲတောင်ရဲတိုက်ကြီးပျောက်ဆုံးသွားပြီး ပကတိပြန်လည်ငြိမ်သက်သွားပြီဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

အကြင်နာရှန့်ဝေဝေ



တကယ်တော့ နောက်တစ်ဆင့်သွားရသောခရီးမှာ သူတို့အတွက် လွန်စွာခက်ခဲကြမ်းတမ်းသောခရီးဖြစ်သည်။

သူတို့ဦးတည်ချက်က ခွန်လွန်တောင်တန်းမြောက်ပိုင်းတစ်နေရာတွင်ရှိသော ရတနာဂီရိတောင်ရှိရာသို့ဖြစ်သည်။

၄င်းတောင်၌ ၄င်းတို့အလိုရှိသော ဝိဉာဉ်များအားလာစေသွားစေနိုင်သော သဒ္ဒိဝင်ပစ္စည်းရှိပေသည်။ ၄င်းပစ္စည်းထားသောရဲတိုက်တံခါးကိုဖွင့်နိုင်သောစိန်ရောင်ခြည်လည်း ၄င်းတို့နှင့်အတူ ပါလာပြီဖြစ်၏။

သူတို့တစ်တွေ တောအုပ်တစ်ခုသို့ရောက်သောအခါ မမျှော်လင့်သောရန်သူများ၏ ဝင်ရောက်တိုက်ခိုက်ခြင်းကိုခံရ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ရန်သူများမှာ မြင်းကိုယ်စီနှင့်ဖြစ်ပြီး ရုပ်ဖျက်ထားပေသည်။

သူတို့သည် သူရဇ္ဇတို့အားဝင်ရောက်တိုက်ခိုက်ခြင်းမှာ ၎င်းတို့နှင့်အတူပါလာသော စိန်ရောင်ခြည်တုံးကိုအလိုရှိကြသောကြောင့်ဖြစ်ကြောင်း နောင်အခါမှသိကြရသည်။

သူရဇ္ဇ၊ တပ်မှူးချုဩ၊ လူပုလေးမိတ္တာ၊ ရောဟဏီ၊ ပါဝဏတို့မှာ မင်းသမီးလေးကေသရီနှင့် အနုရာဓစိန်ရောင်ခြည်တို့အားကာကွယ်မှုပြုရန် အစွမ်းကုန်ပြန်လည်တိုက်ခိုက်ကြရလေတော့သည်။

တိတ်ဆိတ်လျက်ရှိသောတောအုပ်အတွင်း၌ ဓားထိသံ၊လှံ :ထိသံ၊အော်ဟစ်ကြိမ်းမောင်းသံ၊ နာကြည်းစွာအော်ဟစ်သံများဖြင့် ဆူညံလျက်ရှိနေသည်။

ရန်သူများမှာ လူအင်အားအရေအတွက်များသည်ဆိုသော်လည်း တစ်ဦးချင်းတိုက်ရည်ခိုက်ရည်၌ သူရဇ္ဇတို့အား မည်သို့မျှမယှဉ်သာသဖြင့် အတုန်းအရုန်းသေဆုံးကုန်တော့သည်။

သူတို့သည် အနုရာဓစိန်ရောင်ခြည်ရရှိရန်နှင့် မင်းသမီးလေးကေသရီအားခေါ်ဆောင်ရန်သာ အဓိကကြိုးစားကြသော်လည်း မအောင်မြင်ကြပေ။





သူရဇ္ဇ၏သွက်လက်သောဓားချက်များ၊ အမျိုးသမီးလူစွမ်းကောင်း ရောဟဏီ၏တုတ်ချက်များ၊ တိဗက်လူမျိုးပါဝဏ၏ အတွင်းအားသုံး၍ တိုက်ခိုက်သောတိုက်ကွက်များ၊ လူပုလေးမိတ္တာ၏ သွက်လက်သောဓားမြှောင်နှစ်လက်ကိုက်ကွက်များက ရန်သူများကိုအထိနာစေသည်။

ရက်စက်ကြမ်းကြုတ်သောတိုက်ပွဲမြင်ကွင်းကား မလှောင်းလှပေ။ စစ်သွေးတို့ဖြင့်ရှူးသွပ်လျက်ရှိကြသူများအား အားမာန်အပြည့်ဖြင့်ပြန်လည်တိုက်ခိုက်လျက်ရှိသော ခရီးသွားလူတစ်စု၏စွမ်းရည်များက ကောင်းစွာဒုက္ခပေးနိုင်ခဲ့ပေသည်။

မကောင်းဆိုးဝါးများပူးကပ်နေသည့်နှယ် တစ်ဖက်လူ၏သွေးကိုဖောက်ထုတ်ပစ်ရန် ကြိုးစားရင်းနှင့်ပင် အလဲလဲအပြိုပြိုဖြစ်နေကြသည်။

သူရဇ္ဇ၏ဓားချက်များအောက်ဝယ် ရန်သူများ၏ဒိုင်းများ၊ လှံများ၊ ဓားများသည် အပိုင်းပိုင်းကွဲအက်ကျိုးပြတ်ကုန်ကြသည်။ ကျောက်တုံးကျောက်မှုန်များ လွင့်စင်ဖွာထွက်နေကြသည်။

ကျောက်တုံးများပေါ်တွင် သွေးစက်တို့ ချင်းချင်းနီလျက်ရှိနေပြီး နာကျည်းမှုများ၊ ငြီးငြူသံများက တောင်ကမ်းပါးယံများ



www.burmeseclassic.com

www.burmeseclassic.com



ကို ပွဲတင်ရိုက်ခတ်လျက် ဝိညာဉ်ခေါ်သံများသဖွယ် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။

သူရင့်ကိုင်ထားသောဓားနှင့် ဓားကိုင်လက်တို့တွင် သွေးများစွန်းထင်းလျက်ရှိကာ ချင်းချင်းနီလျက်ရှိပေသည်။

ထို့ကြောင့် သူသည် ပိုမိုကြမ်းကြုတ်လာသည်။ ခက်ထန်လာသည်။ သွက်လက်လျင်မြန်လာသည်။ နေဘုရားတစ်ဆူ၏တမန်တော်ဝိညာဉ်ပူးကပ်နေသယောင် သူ၏ဓားချက်များမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖြစ်ပေါ်လျက်ရှိသည်။

နောက်ဆုံး အနည်းငယ်မျှသာကျန်ရှိသောရန်သူများမှာ အနုရာခစိန်ရောင်ခြည်နှင့်ကေသရီအား ယူဆောင်နိုင်ရန် ဘယ်လိုမှမစွမ်းသာတော့ဘဲ နောက်ကြောင်းသို့ပြန်လှည့်ပြေးကြလေတော့သည်။

ကျားရဲငါးကောင်နှင့် ဝံပုလွေတစ်အုပ်တို့၏ ပြင်းထန်သောတိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်တော့သည်။

"လူမိုက်တွေ. . မလောက်လေးမလောက်စားပညာတွေနဲ့ ငါတို့ကိုလာယှဉ်ဝံ့ကြတယ်"

လူပုလေးမိတ္တက သူ့ဓားပေါ်မှသွေးများကိုသုတ်ရင်းပြောလိုက်သည်။





"ဒီလူတွေရုပ်ဖျက်ထားတော့ မသိနိုင်ဘူး၊ ဘယ်မျိုးနွယ်စုတွေဖြစ်မလဲပါဝဏ"

"ကျုပ်သိလိုက်တာကတော့ ဒီလူတွေဟာ တောင်တန်းပေါ်ကမျိုးနွယ်စုတွေမဟုတ်ကြဘူး၊ မျိုးနွယ်စုပေါင်းစုံစုထားတဲ့ တိုက်ခိုက်ရေးသမားတွေပဲ"

"ဒါဆိုရင် အနုရာခက ရဲမက်တွေမဖြစ်နိုင်ဘူးလား၊ ကျုပ်ထင်တာကတော့ ခုနတိုက်ခိုက်ရေးသမားတွေဟာ အနုရာခကလွှတ်လိုက်တဲ့ တိုက်ခိုက်ရေးသမားတွေလို့ထင်တယ်၊ သူတို့ကို မင်းသမီးလေးကေသရီနဲ့ ဒီကတပ်မှူးကြီးတို့က ကောင်းကောင်းသိမှာပေါ့ မဟုတ်ဘူးလား"

ရောဟဏီက ပွင့်ပွင့်လင်းလင်းမေးချလိုက်ရာ တပ်မှူးဗျဂ္ဃမှာ မျက်စိမျက်နှာပျက်သွားလေတော့သည်။

"ဒီလူတွေကိုကျုပ်မသိဘူး၊ အခုအရေးကြီးတာက ကျုပ်တို့အားလုံး ဒဏ်ရာဒဏ်ချက်တွေအသီးသီးရထားကြတယ်၊ နေရာကောင်းကောင်းရှာပြီး နားကြမှဖြစ်မယ်"

ဟု စကားလမ်းလွှဲလိုက်ပြီးနောက် လျှိုမြောင်းတစ်နေရာမှ ကျောက်ဂူအတွင်း၌ ဝင်၍နားကြရင်း အသီးသီးရထား



www.burmeseclassic.com

www.burmeseclassic.com



သောဒဏ်ရာဒဏ်ချက်များအား အပြန်အလှန်ဆေးကုသပေးကြသည်။

ထိုနေရာတွင် ပါဝဏာ၏အစွမ်းအစကို အားကိုးကြရသည်။ သူသည် တိဗက်တောင်တန်းများပေါ်၌ ပေါက်လေ့ရှိသော ဆေးပင်ဆေးဥများအကြောင်းကို ကောင်းစွာကျွမ်းကျင်လေသည်။

သူသည် ရေခဲတောင်များပေါ်တွင် ပေါက်လေ့ရှိသော ခန်းတောက်မြစ်၊ မချစ်ဥများအပါအဝင် အခြားဆေးမြစ်ဆေးဥများကို ရှာဖွေယူလာပြီး အိုးတစ်လုံးဖြင့်ကျိုကာ အားလုံးသောက်ကြလိမ်းကြရသည်။

၄င်းရှာဖွေယူလာသော သစ်ပင်မှထွက်သော သစ်စေးများမှာ ဒဏ်ရာများကို ဆေးအဖြစ်ထည့်သောအခါ၌ ခဏချင်းပင်သက်သာလေသည်။

ရောဟဏီကို ပါဝဏာကဆေးလိမ်းဆေးထည့်ပေးသည်။

အဘယ်မျှပင် ကြမ်းတမ်းခက်ထန်သောစရိုက်ရှိသည်ဆိုသော်လည်း အသွေးအသားနှင့်ဖွဲ့စည်းထားသော မိန်းမသားတစ်ဦးဖြစ်သောကြောင့် ပါဝဏာလိုယောကျ်ားတစ်ဦးက ကြင်နာ





ယုယစွာထိတွေ့သောအခါ နှလုံးသားမှာ နူးညံ့သိမ်မွေ့မှုဖြစ်လာသည်။

ထိုအခိုက်အတန့်မှာ သူမ၏မျက်နှာပေါ်ဝယ် မိန်းမပီသသောနူးညံ့မှုများ ပေါ်လွင်လျက်ရှိသည်။

ပါဝဏာအနေဖြင့်လည်း ခရီးသွားဖော်သွားဖက်ချင်း၊ တိုက်ပွဲဝင်ဖော်ပင်ဖက်ချင်းဖြစ်လင့်ကစား မိန်းမသားတစ်ဦး၏ နူးညံ့သောအတွေ့အထိနှင့် ထိမိသောအခါ စိတ်ထဲ၌ သာယာကြည်နူးမှုဖြစ်မိလေသည်။

သူတို့အဖွဲ့ထဲတွင် ဒဏ်ရာအများဆုံးရသူမှာ သူရဋ္ဌဖြစ်သည်။ ၄င်းသည် တိုက်ပွဲကိုဦးဆောင်ပြီး လူပေါင်းများစွာတို့နှင့် တိုက်ခိုက်ရသောကြောင့် ဒဏ်ရာဒဏ်ချက်များစွာရခဲ့ခြင်းဖြစ်ပေသည်။

သူရဋ္ဌအား ကေသရီကိုယ်တိုင်ဆေးကုသပေးလေသည်။

သူရဋ္ဌမှာ ဒဏ်ရာပြင်းထန်သောကြောင့် ဖျားနေပေပြီ။ ကေသရီက ခန်းတောက်မြစ်ကျိုထားသောဆေးတစ်ခွက်ကို တိုက်ပေးလိုက်မှ အတန်ငယ်သက်သာသွားလေသည်။

"ကေသရီကို တစ်ခုမေးချင်တယ်"

"မေးပါအစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ကေသရီရဲ့ဘဝကို ပြောပြလို့ရရင် ပြောပြပါလား"

ထိုသို့မေးလိုက်သောအခါ ကေသရီ၏မျက်နှာလေးမှာ နေထိသောပန်းပွင့်လေးပမာ တမဟုတ်ချင်း ညှိုးနွမ်းသွားလေတော့သည်။

အနုရာဓပြို့ကို စကြင်ကူးထောင်စဉ်ကာလ၏ ပျော်မွေ့ဖွယ်ရာကောင်းသော ဘဝအစိတ်အပိုင်းများ။

ထိုပျော်မွေ့ဖွယ်ရာကောင်းသောအချိန်များမှာ တိုတောင်းလှပေသည်။ မကြာမီ သူမ၏ဘဝအတွင်း ကြီးမားသောမုန်တိုင်းကြီးတစ်ခုက ဝင်ရောက်တိုက်ခတ်ခြင်းခံရတော့သည်။

အင်အားကြီးမားလှသောစိတြဘုရင်နှင့် သူ၏လက်မရွံ့ရဲမက်များက အနုရာဓ၏လူပေါင်းများစွာတို့၏အသက်ကို နှုတ်ယူခဲ့ကြသည်။ ဝိညာဉ်များအား လွင့်ပါးထွက်ခွာစေခဲ့သည်။

အနုရာဓ၏နန်းတော်နှင့် မြို့ရင်ပြင်တစ်လျှောက် သွေးချောင်းစီးခဲ့စေသည်။

ဓားချင်းထိသံ၊ လှံချင်းထိသံ၊ ဒိုင်းကာသံများ၊ ကြွေးကြော်သံများ၊ နာကြည်းစွာအော်ဟစ်ငြီးငြူသံများ၊ သံသံချင်းထိခတ်မှုများမှ ပေါ်ထွက်လာသောမီးပွင့်မီးပန်းများကြားဝယ် ကေသရီတို့၏ပျော်ရွှင်ဖွယ်ရာကောင်းသောဘဝမှာ မုန်တိုင်းဒဏ်မိ





သွားသောသဲတောင်ပို့တစ်ခုပမာ ကြေမွပျက်သုဉ်းသွားခဲ့ရသည်။

"ကေသရီငယ်စဉ်ကတည်းက စိတြဘုရင်ရဲ့အကျဉ်းစံမင်းသမီးဘဝနဲ့ နေခဲ့ရတာပါအစ်ကိုရယ်"

"သူတို့က မင်းကိုဘာကြောင့်ဒီလိုထားရတာလဲ၊ မင်းဟာသူတို့အတွက် ရန်ကြွေးရန်ငြောင့်တစ်ခုမဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့်အခုအခါမှာ အနုရာဓရဲ့နန်းဆက်သွေးရှိတဲ့သူဟာ ကျွန်မတစ်ယောက်တည်းကျန်တော့တာမို့ ထားတာပါ၊ ဒီလိုထားရတဲ့အကြောင်းကလည်း အနုရာဓနဲ့သက်ဆိုင်တဲ့၊ ပတ်သက်တဲ့ ဂမ္ဘီရပစ္စည်းမှန်သမျှ ကျွန်မလက်နဲ့မထိမချင်း သူတို့အနေနဲ့ဘာမှလုပ်မရလို့ထားတာပါ"

"ဪ. . . ဒါကြောင့်ကိုး"

အနုရာဓစိန်ရောင်ခြည်ကိုဖြုတ်ယူစဉ်က မိမိတို့တွေကြုံးစဉ်ကမရဘဲ ကေသရီလက်ကလေးနှင့်ထိလိုက်ရုံနှင့် အလွယ်တကူရခဲ့ပုံများက သက်သေခံနေခဲ့သည်။

"ငါ့အထင်ပြောရရင်တော့ ဘုရင်မဘာရဏီဟာ မင်းကိုခုလိုထားတာ အကြောင်းတစ်ခုတော့ရှိလိမ့်မယ်လို့ထင်တယ်"

ဟုပြောလိုက်သောအခါ ကေသရီကဘာမှပြန်မပြောတော့ဘဲ အဝေးသို့မျှော်ကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကံတရားပေါ့အစ်ကိုရယ်"

ဟု တိုးတိုးလေးရေရွတ်လိုက်သည်။

ဂူအတွင်း၌ဖိုထားသောမီးဖိုမှမီးရောင်များက ကေသရီ၏မျက်နှာပေါ်သို့လာရောက်စွန်းထင်းလေသည်။

ထိုမီးရောင်ကြောင့်ပင် ကေသရီ၏စစ်မှန်သောအလှတရားများကို သူရဇ္ဇတစွန်းတစတွေ့မြင်ခွင့်ရသွားလေသည်။

သူမသည် နူးညံ့သောအလှအပများကို ပိုင်ဆိုင်ထားသော အကျဉ်းစံမိန်းမသားတစ်ဦးဖြစ်သည်။ သူမ၏အလှအပများက လှောင်ချိုင့်အတွင်း၌ စိုက်ပျိုးသောပန်းတစ်ပွင့်နှင့်ပမာတူသည်။

နူးညံ့ပျော့ပျောင်းသောဆံနွယ်များ၊ ဖြူဝင်းသောနဖူးအောက်မှလှပသော မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းများက ပကတိအလှကိုဖော်ပြလျက်ရှိသည်။ သူရဇ္ဇက သတိလက်လွတ်ဖြစ်ကာ မီးရောင်ဖြင့်ရွှေအိုရောင်သမ်းလျက်ရှိသော ကေသရီ၏မျက်နှာလေးကိုငေးကြည့်နေသဖြင့် ကေသရီမှာမျက်နှာမထားတတ်အောင်ဖြစ်သွားသည်။

"အစ်ကိုရဲ့ဘဝကိုလည်း ကျွန်မကိုပြောပြဦးလေ"





ဟု တိုးတိုးလေးဆိုလိုက်တော့မှ သူရဇ္ဇမှာရှက်ကိုးရှက်ကန်းဖြစ်သွားတော့သည်။

"အစ်ကိုဟာ အညတြတစ်ယောက်ဘဝနဲ့ အဘိုးသူတော်စင်ကြီးရဲ့ပြုစုစောင့်ရှောက်မှုအောက်မှာ ကြီးပြင်းခဲ့ရသူပါကွယ်"

ဟုသာပြောပြလိုက်သည်။

ထိုအခါ ကေသရီက မယုံကြည်သောအမူအယာဖြင့်. .

"အစ်ကိုပြောလို့သာကြားရတယ်၊ အစ်ကို့ကိုကြည့်ရတာသာမာန်အညတြတစ်ယောက်အမူအယာနဲ့ မတူတာတော့အမှန်ပဲ"

ဟု ပြောလိုက်လေသည်။

"တကယ်တော့ကေသရီရယ်. . လောကမှာ ဖြစ်နေတဲ့အကြောင်းတရားတွေဟာ မြစ်ရေပြင်တစ်ခုလိုပါပဲ၊ စီးဆင်းနေတဲ့မြစ်ရေပြင်ဟာ ရေကြည်ကိုလည်းသယ်သွားတယ်၊ ရေနောက်တွေကိုလည်းသယ်သွားတယ်၊ အဲဒီလိုပဲ၊ သစ်ဆွေးသစ်ရွက်အမှိုက်သရိုက်တွေကိုလည်းသယ်ဆောင်သွားတယ်၊ ဘယ်တစ်ခုမှတစ်နေရာမှာအကြာကြီးမထားခဲ့ဘူး၊ ဒါကြောင့် သူ့ရေပြင်မှာ ရေကြည်စီးတဲ့အခါစီးပြီး ရေနောက်တွေစီးတဲ့အခါစီးနေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေသရီက စိတ်ဝင်စားစွာနားထောင်နေသည်။

"အမြဲစီးနေတဲ့ရေမှာ ဘယ်တော့မှအနယ်မထိုင်ဘူးဆိုတဲ့စကားလိုပါပဲ၊ လောကမှာ သောကဖြစ်စရာတွေတွေ့တိုင်းသာ စိတ်ညစ်ပြီးဘာမှမလုပ်ဘဲနေရင် ကြာရင်သောကတွေအနယ်ထိုင်ပြီး မိမိစိတ်ဟာ သောင်ထွန်းသွားနိုင်တယ်ကေသရီ"

"အစ်ကို့စကားတွေကြားရတာ စိတ်ထဲမှာအားရှိလာသလိုပါပဲ၊ အရင်ကဆို ကျွန်မစိတ်ညစ်လာတိုင်း ထိုင်ပြီးငိုချင်နေတော့တာပဲ"

"လူ့လောကမှာ စိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာဆိုတာ အမြဲရှိနေတာပဲ၊ စိတ်ညစ်စရာတစ်ခုတွေ့လာရင် ခဏလေးမေ့ထားပြီး တခြားတစ်ခုကိုအာရုံပြုကြည့်လိုက်၊ နောက်တစ်နေ့မှ အဲဒီသောကအကြောင်းကိုပြန်တွေးကြည့်ရင် အနယ်ထိုင်နေတာတွေ့ရမယ်၊ ရေနွေးပူပူကို ချက်ချင်းမသောက်ဘဲ အအေးခံပြီးမှ သောက်ရင် သောက်လို့ရသလိုပါပဲ"

"အစ်ကို့ဘဝတစ်လျှောက်မှာ စိတ်ညစ်စရာ၊ စိတ်သောကရောက်စရာတွေ အများကြီးတွေ့ခဲ့ရတာပဲလားဟင်"

"လောကမှာ သောကနဲ့ကင်းတဲ့သူဆိုတာ မရှိသလောက်ရှားပါတယ်၊ သောကဆိုတာ ပုံပြင်ထဲက ကုလားအုပ်တစ်ကောင်





လိုပါပဲ၊ မိုးရွာနေတဲ့အချိန်မှာ ကုလားအုပ်တစ်ကောင်ဟာ လယ်တောထဲကအိမ်ရှင်ဆီမှာ ပထမ ဦးခေါင်းတစ်လုံးစာလောက် မိုးခိုခွင့်တောင်းခဲ့တာပါ၊ ဦးခေါင်းတစ်လုံးဝင်ခွင့်ရလိုက်တာနဲ့ တဖြည်းဖြည်းတစ်ကိုယ်လုံးအထဲကိုရောက်သွားပြီး နောက်ဆုံး အိမ်ရှင်ကို အပြင်ဘက်ကန်ထုတ်လိုက်သလိုပါပဲ"

"သောကဆိုတာလည်း စိတ်ထဲကိုနည်းနည်းကလေး ဝင်ခွင့်ပေးလိုက်တာနဲ့ တဖြည်းဖြည်းကြီးထွားလာပြီး နောက်ဆုံး ကိုယ့်ဆီမှာရှိတဲ့စိတ်ချမ်းသာမှုတွေ ပျော်ရွှင်ကြည်နူးမှုတွေကို အပြင်ကိုထုတ်ပစ်လိုက်နိုင်တယ်ကေသရီ၊ ဒါကြောင့် ဘဝမှာ ဘယ်လိုအခက်အခဲတွေကြုံရကြုံရ၊ စိတ်ညစ်စရာတွေဘယ်လိုပဲတွေ့ရတွေ့ရ စိတ်ပျက်အားလျှော့နေလို့မဖြစ်ဘဲ အမြဲတမ်းရုန်းကန်လှုပ်ရှားနေမှ ကိုယ့်ရည်မှန်းချက်ကိုရောက်နိုင်မှာပေါ့ကွယ်"

သူရဇ္ဇထံမှ ထိုစကားများကြားရသောအခါ ကေသရီ၏ မျက်နှာပေါ်တွင် တက်ကြွမှုနှင့်ယှဉ်သော အပြုံးရိပ်ကလေးများ ယှက်သန်းနေသည်။

"လေးကိုင်းပေါ်ကညို့ကြိုးတစ်ချောင်းလိုပဲ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



တင်ထားရင် လျှော့သွားသလိုပဲ၊ ဘဝအခက်အခဲတွေနဲ့တွေ့ကြုံ လေတိုင်း အားမလျှော့လိုက်ပါနဲ့ကေသရီရယ်”

သူရင်ဖွင့်ရင်ထဲမှာ တိုးတိုးလေးရေရွတ်နေမိတော့သည်။



# အခန်း(၇)

## လစန္ဒာနှင့် ရောဟဏီနက္ခတ်ကြမ္ဘာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မဘာရဏီနန်းတော်တည်ရှိရာ အနုရာဓမြို့သည် ကျောက်တောင်ကြီးများပေါ်တွင်တည်ရှိသည်။

နန်းဆောင်က တောင်ထိပ်ပေါ်၌ရှိပြီး အခြားသူများနေထိုင်ရာမြို့ကွက်ကတော့ တောင်စောင်းများပေါ်၌ရှိသည်။ မြို့ကွက်က အတော်အတန်ကျယ်ဝန်းလေသည်။ လိမ္မော်ခြံ၊ သစ်တော်ခြံများ၊ သီးနှံစိုက်ခင်းများ၊ ဥယျာဉ်များနှင့် လှပစွာရှိပြီး မြင်းများမွေးထားသောခြံများ၊ နို့စားနွားများ၊ သိုးများမွေးထားသောခြံကျယ်ကြီးများလည်း နေရာအနှံ့အပြားရှိသည်။

လွင်ပြင်များတွင် စားကျက်ကောင်းလှသောကြောင့် နွားများ၊ သိုးများမှာ ဖွေးဖွေးလှုပ်မျှရှိနေသည်။

ရွှေနှင့်စိန်များပေါလှသောနေရာဖြစ်သောကြောင့် အနု





ရာဓသည် အခြားသူများမျက်စိကျလောက်သော ချမ်းသာကြွယ်ဝသောမြို့တစ်မြို့ဖြစ်သည်။

ကျောက်တောင်ထိပ်တွင်တည်ဆောက်ထားသော အနုရာဓနန်းဆောင်ကြီးအား ကျောက်တောင်ကြီးကိုထွင်းထုပြုလုပ်ထားခြင်းဖြစ်၏။

တိုင်လုံးကြီးများ၊ အမိုးအကာ၊ မျက်နှာကျက်အခန်းများ၊ ကနုတ်ပန်းခက်များ၊ နတ်ဘုရားရုပ်တုများ၊ နက္ခတ်တာရာရုပ်တုများကိုလည်း ပကတိကျောက်သားများပေါ်၌ ပုံဖော်ထုဆစ်ထားခြင်းဖြစ်သည်။

၎င်းကျောက်သားများမှာ ကျောက်သားကဲ့သို့ ဖြူဖွေးလှပသဖြင့် အနုရာဓနန်းဆောင်ကြီးမှာ လှပတင့်တယ်မှုရှိပေသည်။ ထိုနန်းဆောင်ကြီး၏ အရှေ့ဘက်တောင်ထွဋ်ပေါ်၌ သီးသန့်တည်ဆောက်ထားသောခန်းမဆောင်ကြီးတစ်ဆောင်ရှိပေသည်။

ထိုခန်းမဆောင်ကြီးမှာ နက္ခတ်တာရာကြည့်သော နက္ခတ်ဆောင်ဖြစ်ပေသည်။ ထိုနက္ခတ်ဆောင်အပေါ်မှကြည့်လျှင် အနုရာဓမြို့ကို အပေါ်စီးမှမြင်နိုင်သလို နက္ခတ်တာရာများကိုလည်း ရှင်းလင်းစွာမြင်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်မပြောသင့်ချင့်ချိန်နေဟန်ရှိပေသည်။

"ဘယ်လိုလဲနက္ခတ်ဆရာကြီး၊ သခင်မမေးနေတာ ကြားရဲ့မဟုတ်လား၊ ဘာတွေများ ဒီလောက်စဉ်းစားနေတာလဲ၊ အပြောင်းအလဲတွေ့တယ်ဆိုရင်လည်း ပြောပါဦးလေ"

ဟု လေသံမာမာဖြင့်ပြောလိုက်တော့မှ ခေါင်းမော့လာသည်။

"တွေ့ရှိသောအပြောင်းအလဲများကို ပြောသင့်မပြောသင့် ချင့်ချိန်နေရတာပါသခင်မ"

"ဘယ်လိုအကြောင်းအရာပဲဖြစ်ဖြစ် ဆရာကြီးတွေ့သမျှ မခြွင်းမချန်သာပြောပါလေ"

ထိုအခါ နက္ခတ်ဆရာကြီးဝေမနိုက ကောင်းကင်သို့တစ်ချက်မော့ကြည့်ပြီးနောက် ဤသို့ပြောပြလေသည်။

"သခင်မ. . ကျွန်ုပ်တွေ့ရှိသောအချက်များအား သခင်မအားပြောရန်မသင့်လှပေဘူး၊ သို့သော် သခင်မကသိလိုတယ်ဆို၍ ပြောရပေမည်၊ ယခုအခါမှာ စန္ဒာဆိုတဲ့လဟာ မိဂသီရ ရောဟဏီနက္ခတ်နှစ်လုံးကြားကိုရောက်နေပါတယ်၊ ဒါကြောင့် မကြာခင် အနုရာဓတိုင်းပြည်မှာ အပြောင်းအလဲကြီးတစ်ခုကြုံ ပါလိမ့်မယ်သခင်မ"





"ဘယ်လိုအပြောင်းအလဲလည်း၊ ကောင်းသောအပြောင်းအလဲလား၊ မကောင်းသောအပြောင်းအလဲလား"

"မကောင်းသောအပြောင်းအလဲဖြစ်ပါတယ်"

"ဘာကြောင့်ဒီလိုပြောနိုင်ရတာလဲ"

ဘုရင်မက လေသံမာမာဖြင့်မေးလိုက်လေသည်။

ထိုအခါ နက္ခတ်ဆရာကြီးက လွန်စွာစိုးရိမ်ထိတ်လန့်သောလေသံဖြင့် ဤသို့ပြောသည်။

"ယခုအခါမှာ လရဲ့အထက်မှာ ရောဟဏီနက္ခတ်ရောက်နေပါပြီသခင်မ၊ ဒါကြောင့် မကြာခင်မှာ သခင်မရဲ့နက္ခတ်တာရာ ညှိုးမှိန်စပြုတော့မှာဖြစ်ပါတယ်သခင်မ"

ဘုရင်မဘုရားဏီ၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်တင်းမာသွားသည်ကို မီးရောင်တစ်စွန်းတစ်စနှင့် နက္ခတ်ဆရာကြီးမြင်လိုက်ရလေသည်။

"နက္ခတ်တာရာညှိုးမှိန်တာ ဘာဖြစ်နိုင်သလဲဆရာကြီး"

"နက္ခတ်တာရာညှိုးမှိန်တဲ့အခါ ပျက်စီးခြင်းသို့ရောက်နိုင်ပါတယ်သခင်မ"

ဘုရင်မက မီးဝင်းဝင်းတောက်တမှုရှိသောမျက်လုံးများဖြင့် နက္ခတ်ဆရာကြီးအား စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနက္ခတ်တာရာတွေရဲ့အသွားအလာကို ပြုပြင်ပြောင်းလဲလို့မရနိုင်ဘူးလား"

"မရနိုင်ပါသခင်မ၊ နက္ခတ်တာရာတွေကို ပိုင်ဆိုင်စောင့်ကြပ်လျက်ရှိသော ဒေဝတာနတ်မင်းတို့ရဲ့ဆန္ဒကို ဘယ်သူမှ ငြင်းဆန်သွေဖီလို့မရနိုင်ပါ"

"လောကမှာ အာဏာနဲ့လက်နက်ဟာ အဓိကအကျဆုံးမဟုတ်လား၊ ကျွန်ုပ်မှာလက်နက်ရှိတယ်၊ အာဏာရှိတယ်၊ စစ်သည်အင်အားတွေရှိတယ်၊ ဒီအရာတွေနဲ့ ကံကြမ္မာကို ပြုပြင်ပြောင်းလဲပစ်ရမယ်"

"ကံကြမ္မာကိုလှည့်စားလို့မရနိုင်ပါသခင်မ"

ဘုရင်မဘာရဏီက ဒေါသလွှမ်းသောအမူအယာဖြင့် ခါးတွင်ချိတ်ထားသောလက်သုံးတော်ဓားကို ဖျတ်ကနဲဆွဲထုတ်လိုက်သည်။ ဓားသွားမှာ မီးရောင်ကြောင့် လက်ကနဲဖြစ်သွားသည်။

"နက္ခတ်ဆရာကြီး. . ဒီမှာတွေ့လား၊ လောကမှာရှိသမျှအရာအားလုံးကို ဒီဓားနဲ့ပြောင်းလဲပစ်နိုင်တယ်၊ သင့်ရဲ့ကံကြမ္မာကိုလည်း ဒီဓားနဲ့ခုချက်ခြင်းပြောင်းလဲပစ်နိုင်တယ်ဆိုတာရောနားလည်ရဲ့လား"





နက္ခတ်ဆရာကြီးဝေခနိုက ဦးခေါင်းကိုငုံ့ကာ ငြိမ်သက်စွာရပ်နေသည်။ သူ့အနေနှင့် အခြားရွေးစရာမရှိတော့သဖြင့် ဤသို့ရပ်နေရုံမှလွဲပြီး ဘာမှမတတ်သာတော့ပေ။

အတန်ကြာသောအခါမှ ဘုရင်မက တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ဓားကိုပြန်ထည့်လိုက်သည်။

"အင်း. . သခင်မမှားသွားတယ်၊ သင့်ကိုသတ်လို့မှမရသေးတာ၊ ဘာကြောင့်လဲဆိုတော့ မောင်တော်စိတြအသက်ပြန်ရှင်ဖို့နဲ့ သူရဲ့ဝိညာဉ်ပြန်ခေါ်ဖို့အတွက် သင့်ရဲ့နက္ခတ်ပညာတွေအများကြီးလိုအပ်တာပဲ၊ ဒါထက် သင့်ကိုမေးရဦးမယ်"

"မေးပါသခင်မ"

"သိဒ္ဓိဝင်ပစ္စည်းယူဖို့အတွက် လွှတ်လိုက်တဲ့သူရဲတို့အခြေအနေရော ဘယ်လိုရှိသလဲဆရာကြီး"

"သူတို့ အနုရာဓစိန်ရောင်ခြည်ကိုယူဆောင်သွားကြပါပြီ၊ အခု ဝိညာဉ်များကို လာစေသွားစေနိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်းယူဖို့အတွက် ရတနာဂီရိတောင်ကိုသွားနေကြပါပြီသခင်မ"

"သဒ္ဓိဝင်ပစ္စည်းရလာခဲ့ရင်ရော မောင်တော်စိတြကိုအသက်ပြန်ရှင်လာအောင် ဆောင်ရွက်နိုင်ပါ့မလားဆရာကြီး"

"သိဒ္ဓိဝင်ပစ္စည်းဟာ စကြဝဠာအတွင်းမှာရှိတဲ့ နတ်ဒေ



www.burmeseclassic.com

www.burmeseclassic.com



ဝတာတို့ထံ ခေတ္တရောက်နေသော စိတြဘုရင်ရဲ့ဝိညာဉ်ကို ပြန်လာနိုင်အောင်စွမ်းနိုင်ပါတယ်၊ သိဒ္ဓိဝင်ပစ္စည်းရောက်လာတဲ့အခါ စိတြဘုရင်ရဲ့ဝိညာဉ်ကိုပြန်ခေါ်ပြီး အနုရာဓရဲ့မျိုးဆက်သွေးနဲ့ သွန်းလောင်းလိုက်တဲ့အခါမှာ ဘုရင်စိတြဟာ ပကတိလူ့ဘဝကို ပြန်ရောက်လာမှာဖြစ်ပါတယ်သခင်မ"

"အနုရာဓရဲ့မျိုးဆက်သွေးဆိုတာ ဘယ်သူလဲ၊ ကေသရီကိုပြောတာလား"

"ဟုတ်ပါတယ်၊ အခုအချိန်မှာ အနုရာဓရဲ့မျိုးဆက်သွေးဆိုတာ ကေသရီတစ်ဦးတည်းရှိပါတယ်"

"ကောင်းပြီလေ၊ သင့်ရဲ့နက္ခတ်ပညာ မှော်ပညာအစွမ်းကြောင့် မောင်တော်စိတြအသက်ပြန်ရှင်လာရင်တော့ နက္ခတ်ဆရာကြီးကိုသူကောင်းပြုပါ့မယ်၊ သင့်ကို လက်ရှိအဆောင်အယောင်များအပြင် ဘုရင်ရဲ့အတိုင်ပင်ခံအမတ်ကြီးအဖြစ် ရာထူးတိုးပေးပါ့မယ်"

ဟုဆိုကာ နက္ခတ်မျှော်စင်ပေါ်မှ ပြန်လည်ထွက်ခွာသွားလေတော့သည်။ နက္ခတ်ဆရာကြီးဝေခနိက ဘုရင်မကျောကိုလှမ်းကြည့်ပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်. . . .





"နက္ခတ်တာရာတွေကြောင့် ဖြစ်ပေါ်လာတဲ့ကံကြမ္မာအပြောင်းအလဲတွေကို ဘယ်သူကမှတားဆီးပြုပြင်လို့ မရနိုင်ပါဘူးသခင်မရယ်"

ဟုသာ တိုးတိုးလေးရေရွတ်လိုက်လေတော့သည်။

ကောင်းကင်ပြင်ပေါ်မှာ နက္ခတ်တာရာများကတော့ သူ့နေရာနှင့်သူ ထွန်းလင်းတောက်ပလျက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

## နက္ခတ်တာရာနှင့် ဘဝကြမ္မာများ



ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

အနုရာမနန်းဆောင်ကြီးတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်စွာရှိနေသည်။ မီးတိုင်များမှ 'တဖျစ်ဖျစ်'နှင့် မီးတောက်လောင်နေသံများသာ ပေါ်ထွက်နေသည်။

ထိုအချိန်တွင် ကောင်းကင်ယံထက်၌ နက္ခတ်တာရာများကလည်း စုံလင်စွာတောက်ပလျက်ရှိနေကြသည်။

အနုရာမနန်းတော်၏အတွင်းခန်း၊ အရှေ့ဘက်အဆောင်အတွင်း၌ လူတစ်ယောက်ရှိနေသည်။

ထိုသူကား အခြားမဟုတ်ပေ။

အနုရာဓဘုရင်မ ဘရဏီပင်ဖြစ်တော့သည်။

ဘရဏီသည် တစ်ကိုယ်လုံးအနက်ရောင်ပတ်ရုံကြီးအား



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားလျက် နဖူးတွင် အနီရောင်ပတ္တမြားနဖူးစည်းကို စည်းထားသည်။ ထိုနဖူးစည်းတွင် မြွေရုပ်သဏ္ဍာန်ပါရှိရာ ထိုမြွေရုပ်မှာ တကယ်ပင်အသက်ဝင်နေသကဲ့သို့ လှုပ်ရှားလျက်ရှိနေသည်။

ဘရဏီသည် အတွင်းခန်းဆောင်ရှိ ဘုရင်စိတြအလောင်းထည့်ထားသောကျောက်တလားကြီးအနီးတွင် ရပ်နေသည်။

ထို့နောက် တစ်စုံတစ်ရာမန်းမှုတ်ရွတ်ဆိုလိုက်သောအခါ ကျောက်တလားအဖုံးကြီးမှာ တဖြည်းဖြည်းပွင့်လာလေတော့သည်။ ခေါင်းအတွင်းမှ ဆေးရည်စိမ်ထားသောအလောင်းမှာ ပကတိလူတစ်ယောက်အိပ်ပျော်နေသကဲ့သို့ မပျက်မစီးရှိနေလေသည်။

ထို့နောက် ဘရဏီက ခေါင်းရင်းဘက်တစ်နေရာရှိ စင်ပေါ်တွင် အလင်းတိုင်၊ အမွှေးတိုင်များထွန်းညှိလိုက်လေရာ အခန်းတွင်း၌ အလင်းရောင်နှင့်အမွှေးနံ့သာရနံ့များ၊ မီးခိုးငွေ့များပျံ့လွင့်လျက်ရှိသည်။

ထို့နောက် ဘရဏီသည် အသင့်ဆောင်ယူလာသော အမဲဟင်း၊ ထမင်းဟင်းများပေါ်တွင် ပန်းပွင့်နီအချို့ကိုစိုက်ကာ





တင်လိုက်သည်။ ဤကဲ့သို့တင်ပြီးနောက် ကျောက်တလားကြီးအနီးတွင်ရပ်ကာ မန္တာန်များရွတ်ဖတ်လေတော့သည်။

ထိုသို့ရွတ်ဖတ်လိုက်သောအခါ စောစောကတည်ငြိမ်သာယာလျက်ရှိသောကောင်းကင်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်လာကာ အမှောင်ရိပ်များတက်လာသည်။

လေပြင်းများတိုက်ခတ်လာသည်။ ခန်းဆောင်အတွင်းသို့ လေပြင်းများဝင်ရောက်လာသောကြောင့် ထွန်းညှိထားသောဆီမီးတိုင်များပင် ငြိမ်းကုန်သည်။

အခန်းထဲမှာ အမှောင်ထုများဖုံးလွှမ်းသွားလေတော့သည်။

မရှေးမနှောင်းမှာပင် ကျောက်တလားကြီးအတွင်းမှ ဆေးရည်များလှုပ်ခတ်လာသည်။

အဝေးဆီမှ ငိုညည်းသံများ၊ အော်ဟစ်သံများကဲ့သို့ အသံများပေါ်ထွက်လာသည်။

ကျောက်တလားအတွင်းမှ ဘုရင်စိတြ၏အလောင်းကြီးမှာလည်း လှုပ်ရှားစပြုလာပြီဖြစ်၏။

ထိုအခိုက်မှာပင် အခန်းတွင်းသို့ နက္ခတ်ဆရာကြီးဝေဓနိ အပြေးအလွှားဝင်ရောက်လာလေသည်။



www.burmeseclassic.com

"သခင်မ. . သခင်မ. . မသင့်လျော်ပါဘူးဘုရား၊ သည်းခံတော်မူပါ၊ သည်းခံတော်မူပါ"

ဟူ၍ အော်ဟစ်တောင်းပန်လေသည်။

သို့ကြောင့် ဘုရင်မဘာရဏီသည် ရွတ်လက်စဂါထာမန္တာန်များကိုရပ်လိုက်ကာ နက္ခတ်ဆရာကြီးအား လွန်စွာဒေါသဖြစ်သောအမူအယာဖြင့် မီးဝင်းဝင်းတောက်မတတ် စူးရှသောမျက်လုံးများဖြင့် နက္ခတ်ဆရာကြီးအား လှမ်းကြည့်လိုက်သည်။

"ငါ့ရဲ့အလုပ်ကို ဘာ့ကြောင့်ဒီလိုတားဆီးနှောင့် ယှက်ရတာလဲ နက္ခတ်ဆရာကြီး"

တိတ်ဆိတ်နေသောအချိန်တွင် ဘာရဏီ၏အသံမှာ ဟိန်းထွက်သွားလေသည်။

"မသင့်လို့တားရတာပါသခင်မ၊ ယခုအချိန်မှာ စိတြ ဘုရင်ရဲ့ဝိညာဉ်ကိုပြန်ခေါ်လို့မရနိုင်သေးပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ သူ့ရဲ့နက္ခတ်အချိန်မကျသေးပါဘူး၊ အခုအချိန်မှာ ဝိညာဉ်ခေါ်ရင် သူ့ရဲ့ဝိညာဉ်မလာနိုင်သေးဘဲ အခြားဝိညာဉ်တွေ ရဲ့ဝင်ရောက်ပူးကပ်နှောင့် ယှက်ခြင်း၊ လှည့်စားခြင်းကိုခံရပါ လိမ့်မယ်သခင်မ၊ ဒီအချိန်မှာ စိတြနက္ခတ်ဟာ ရောဟဏီနက္ခတ်





နဲ့ လရဲ့အထက်နားကိုရောက်နေတဲ့အချိန်ဖြစ်ပါတယ်၊ ဒီအချိန်မှာ ဝိညာဉ်ခေါ်ရင် ပျက်စီးခြင်းဖြစ်ပါလိမ့်မယ်"

ဟု ရဲဝင့်စွာပြောပြလေသည်။

ထိုအခါမှ ဘုရင်မဘာရဏီမှာ စိတ်လျှော့ချလိုက်ဟန်ဖြင့် မလှမ်းမကမ်းရှိသလွန်ပေါ်သို့ ထိုင်ချလိုက်လေသည်။

နက္ခတ်ဆရာကြီးက ဘုရင်မအနီးသို့သွားကာ. . .

"သခင်မ. . နက္ခတ်တာရာကိုစောင့်ရှောက်တော်မူသော နတ်ဒေဝတာတို့အား လှည့်စား၍မရနိုင်ကောင်းပါ၊ ဝိညာဉ်တို့နှင့်ဆက်သွယ်သောအခါ အချိန်အခါကိုသည်းခံစောင့်ဆိုင်းရန်လိုပါတယ်သခင်မ"

ဟုပြောပြလိုက်သည်။

"နက္ခတ်ဆရာကြီး. . စိတြနက္ခတ်အကြောင်းကိုပြောပြပေးပါ"

ထိုသို့ပြောလိုက်သောအခါ နက္ခတ်ဆရာကြီးဝေခနိုင်ကောင်းကင်ကိုမော့ကြည့်ပြီး ဤသို့ပြောပြလေသည်။

"စိတြနက္ခတ်မှာ 'တုဋ္ဌောစိတြနက္ခတ်၊ စိတ္တာစိတြနက္ခတ်၊ ဝါတာချောစိတြနက္ခတ်'ဆိုပြီး ပရိယာယ်သုံးမျိုးရှိကြောင်းကို ရာဇမတ္တဏ်ကျမ်းမှာ ရေးသားထားပါတယ်သခင်မ၊



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကသတိသတ္တာဆိုတဲ့ပုဒ်အရ သစ်ရွှေလက်သမားနဲ့ သဏ္ဌာန်တူပါတယ်၊ စိတြနက္ခတ်ရဲ့သဘောစွမ်းပကားကတော့ ဆန်းကြယ်သောအကျိုးကိုပေးတတ်ပါကယ်"

"စိတြနက္ခတ်နဲ့စန်းယှဉ်ပြီးဖွားမြင်သူတွေဟာ ဆန်းကြယ်သောအဖြစ်အပျက်များကို ကြုံတွေ့ရတတ်ပါတယ်၊ တစ်လုံးတည်းရှိတဲ့နက္ခတ်ဖြစ်ပြီး နှလုံးသဏ္ဌာန်၊ ပုလဲလုံးသဏ္ဌာန်၊ ပတ္တမြားသဏ္ဌာန်၊ မှန်ကူသီးသဏ္ဌာန်၊ ကောကျားသဏ္ဌာန်ရှိတယ်လို့ အမျိုးမျိုးရှုမြင်နိုင်ပါတယ်၊ စိတြနက္ခတ်ကို ကုဋ္ဌနတ်မင်းအစိုးရကြောင်း ဂြဟသ္သန္တီကျမ်းမှာပြဆိုပါတယ်၊ ရာဇမတ္တဏ်မူဟောင်းမှာတော့ တမ္ဗမ္ဗနတ်မင်းစောင့်ရှောက်တယ်လို့ အဆိုရှိပါတယ်"

ဟု ကျမ်းကိုးကျမ်းကားဖြင့် ပြောပြလေသည်။

"အင်း. . ဆက်ပြောပါဦးနက္ခတ်ဆရာကြီး"

"စိတြနက္ခတ်နဲ့စန်းယှဉ်ပြီးဖွားမြင်သူတွေဟာ သူ့ရှုပညဝါ၊ အဆင်းလှပြီးပညာရှိပါတယ်၊ ကိတ္တိ၊ ကျေးဇူးသတင်းကျော်စောခြင်းလည်းရှိပါတယ်၊ သေဆုံးတဲ့အခါ ရေဘေးကဲ့သို့ဘေးဆိုးတစ်ခုခုကြောင့် သေဆုံးရတတ်ပါတယ်သခင်မ"





"သင့်ရဲ့ပညာကိုချီးကျူးပါတယ်ဆရာကြီး၊ သခင်မရဲ့နက္ခတ်အကြောင်းကိုလည်း ပြောပြပေးပါဦး"

"ဘရဏီနက္ခတ်ဆိုတာ 'ယမသဒိသတ္တာ သဗ္ဗတြဘရဏီတိ'ဆိုပြီး အဘိဓာန်ကျမ်းမှာဖော်ပြထားပါတယ်သခင်မ၊ ယမသဒိသတ္တာ၊ ယမမင်းနှင့်တူသည်ဖြစ်ပြီး အလုံးစုံနှံ့စပ်ကျွမ်းကျင်သောကြောင့် ဘရဏီ-ဘရဏီမည်၏လို့ဆိုပါတယ်သခင်မ၊ သဘောကတော့ လောကရဲ့အကျိုးအကြောင်းမှန်သမျှကို နှံ့စပ်ကျွမ်းကျင်စွာသိနိုင်ပါတယ်သခင်မ"

"အင်း. . ဆက်ပြောပါဦး"

"နက္ခတ်အလုံးရေမှာ သုံးလုံးဖြစ်ပြီး မီးဖိုခုံလောက်သဏ္ဌာန်သုံးပွင့်ဆိုင်တည်ရှိပါတယ်၊ ဘရဏီဆိုတဲ့သဘောကယမမင်းရဲ့ပရိယာယ်ပုဒ်ဖြစ်ပါတယ်၊ ဒါကြောင့် ၎င်းနက္ခတ်ကိုယမမင်းကအစိုးရပါတယ်၊ ဘရဏီနက္ခတ်နဲ့စန်းယှဉ်ပြီး ဖွားမြင်လာသူများဟာ ငယ်စဉ်အခါကပင် ရာဇဟေသတိမင်းမျိုးမင်းနွယ်ဖြစ်ကြပါတယ်"

"သခင်မရဲ့နောက်ဆုံးအချိန်မှာ ဘယ်လိုသေတာလဲဆိုတာ ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"သခင်မရဲ့ကံကြမ္မာက ရောဟဏီနက္ခတ်နဲ့ပူးတဲ့အခါ မှာ အခြားသူတစ်ဦးတစ်ယောက်ရဲ့ပယောဂကြောင့် ကံတော်ကုန်မှာဖြစ်ပါတယ်"

ဟု မဝံ့မရဲပြောပြလိုက်လေသည်။

ထိုစကားကြောင့် သခင်မဘရဏီ၏မျက်နှာမှာ တင်းကြနဲ့ဖြစ်သွားလေသည်။

"ငါ့လိုဘုရင်မကို ဘယ်သူကထိပါးစော်ကားဝံ့မှာတဲ့လဲ၊ ငါ့ရဲ့ရန်သူတွေက ဘယ်အရပ်မှာရှိတာလဲ၊ အခုချက်ခြင်းတိုက်ခိုက်ချေမှုန်းပစ်လိုက်မယ်ဆရာကြီး"

"သခင်မကံကြမ္မာဆိုတာ ကိုယ်ကလိုက်ရှာရင် ဘယ်လိုမှမတွေ့နိုင်ပါ၊ သူကရှာလာတဲ့အခါမှာ မတွေ့ချင်မဆုံချင်လို့ မရနိုင်ပါ၊ ကောင်းသောကံကြမ္မာပဲဖြစ်ဖြစ်၊ မကောင်းသောကံကြမ္မာပဲဖြစ်ဖြစ် မတွေ့ချင်မဆုံချင်လို့မရနိုင်ပါသခင်မ"

"ကောင်းပြီလေ၊ ဘယ်လိုနက္ခတ်ကံကြမ္မာဆိုးပဲဖြစ်ဖြစ် ရင်ဆိုင်ပြီး မောင်တော်စိတြကို အသက်ပြန်ရှင်လာအောင် ကြိုးစားရမယ်"

ဟုဆိုကာ ပွင့်နေသောကျောက်တလားကြီးအနီးသို့





သွားကာ တစ်စုံတစ်ရာရွတ်ဖတ်လိုက်လျှင် ကျောက်တလားအဖုံးကြီးမှာ တဖြည်းဖြည်းနှင့်ပြန်လည်ပိတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

### ဝံပုလွေမျက်နှာနှင့်လူများ



သူရဇ္ဇတို့အဖွဲ့သည် ဒဏ်ရာများသက်သာပျောက်ကင်းသွားသောအခါ ခရီးဆက်ကြလေသည်။

သူတို့၏ဦးတည်ချက်မှာ ဟိမဝန္တာတောင်၊ ခွန်လွန်တောင်နှင့် ကေလာသတောင်များဆုံသောနေရာတွင်ရှိသော 'ရတနာဂိရိ'တောင်ရှိရာသို့ဖြစ်သည်။

၄င်းတို့သည် မြင်းကိုယ်စီနှင့်ခရီးဆက်ကြခြင်းဖြစ်သော်လည်း အချို့တောင်စောင်းများပေါ်တွင် ခရီးဆက်ကြသောအခါ မြင်းများကိုလက်မှဆွဲသွားရသည့်အခါလည်းရှိသည်။

ကျောက်တောင်ကျောက်ခါးပန်းများမှာ လွန်စွာခက်ထန်ကြမ်းတမ်းသောကြောင့် ကေသရီအား ရောဟဏီက ဖေးဖေးမမတွဲခေါ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တောအသွယ်သွယ်၊ တောင်အထပ်ထပ်တို့အား ကြမ်းတမ်းခက်ထန်စွာခရီးဆက်ခဲ့ကြရာ ရက်အတန်ကြာသောအခါ ၎င်းတို့၏ဦးတည်ရာဖြစ်သော ရတနာဂီရိတောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ကြတော့သည်။

ရတနာဂီရိတောင်မှာ အတော်အတန်ကြီးမားသော ကျောက်တောင်ကြီးတစ်တောင်ဖြစ်ကာ အတွင်းသို့ဝင်ရန် ဂူပေါက်ကြီးများရှိလေသည်။ အတွင်းသို့ဝင်သောအခါ ဂူပေါက်လမ်းများမှာ ဝက်ပါလမ်းများသဖွယ် ရှုပ်ထွေးနေလေသည်။

သူတို့အားလုံးမှာ မည်သည့်လမ်းသို့လိုက်ရမည်ကို မသိနိုင်ဘဲရှိနေကြစဉ် ကေသရီက. . .

"ဒီအတွင်းဘက်ကိုဝင်တဲ့လမ်းတွေ အများကြီးရှိပါတယ်၊ လမ်းမှားပြီးဝင်သွားမိရင် မြွေတွင်းနဲ့ပဒူတွင်းတွေထဲကျသွားနိုင်ပါတယ်"

ဟု သတိပေးလေသည်။

"မင်းသမီးလေးက ဘယ်လိုသိတာလဲ"

"ဒီနေရာတွေမှာ ကျွန်မငယ်စဉ်က အတော်ကြာကြာနေခဲ့ဖူးပါတယ်၊ ဒီအထဲမှာရှိတဲ့ ပဒူတွင်းတွေ၊ မြွေတွင်းတွေက အထဲကိုကျသွားရင် ဘယ်လိုမှအသက်ရှင်နိုင်စရာလမ်းမရှိပါ





ဘူး၊ ဒီတော့ ကျွန်မရှေ့ကသွားတဲ့အတိုင်း နောက်ကလိုက်ခဲ့ကြပါ"

ဟုဆိုကာ ရှေ့မှသွားလေရာ ကျန်သူများက နောက်မှလိုက်ကြရသည်။

ဂူအတွင်းရောက်သောအခါ မှောင်နေသောကြောင့် အဝတ်စများဖြင့် မီးတုတ်များပြုလုပ်ကာသွားကြရသည်။

အတွင်းပိုင်းသို့ရောက်သောအခါ မြွေတွင်းထဲမှပျားအုပ်များ ပျံဝဲနေသံကဲ့သို့သော်လည်းကောင်း၊ မြွေတွန်သံအများအပြားကိုသော်လည်းကောင်း ကြားကြရသည်။

အမျိုးသမီးလူစွမ်းကောင်းရောဟဏီမှာ ယောက်ျားများဖြင့်ရင်ဘောင်တန်းကာ မကြောက်မရွံ့တိုက်ခိုက်ဝံ့သော်လည်း မြွေတွန်သံများကြားသောအခါ လွန်စွာကြောက်ရွံ့လှသဖြင့် အသားများပင်တဆတ်ဆတ်တုန်လျက်ရှိနေတော့သည်။

သူရဇ္ဇတို့တစ်တွေမှာ ဘေးအန္တရာယ်များကြားမှ သတိဖြင့်လျှောက်နေရင်းမှ ရောဟဏီ၏အဖြစ်ကိုကြည့်ပြီး ပြုံးကြလေသည်။

ဒါတောင်မှ အမှောင်ထဲမှာလျှောက်နေရင်းနှင့် ၎င်းကိုင်ဆောင်သောတုတ်ရှည်ကြီးပေါ်သို့ မြွေတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



တက်လာလေရာ ၄င်းကိုမြင်သောအခါ၌ တုတ်ကိုလွှတ်ချကာ အော်ဟစ်ပြီးထွက်ပြေးလေတော့သည်။

ကျန်အဖွဲ့သားများမှာ ငိုအားထက်ရယ်အားသန်ဖြစ်ကြရတော့သည်။ လူပုလေးမိတ္တက ကပ္ပာကယာအနီးသို့သွားပြီး မြွေကိုဖယ်ရှားပစ်ကာ ရောဟဏီ၏တုတ်အားပြန်ပေးလိုက်လေသည်။

တစ်နေရာသို့ရောက်သောအခါ လူပုလေးမိတ္တမှာ လျှောက်နေရင်းနှင့် မြွေတွင်းတစ်တွင်းထဲသို့ ပြုတ်ကျသွားတော့သည်။

ဒါတောင်မှ လျင်မြန်သွက်လက်စွာဖြင့် ကျောက်စွန်းတစ်ဖက်အား လှမ်းဆွဲထားလိုက်နိုင်၍ တော်ရော့သည်။

ထိုအခါ ရောဟဏီက ၄င်း၏တုတ်ရှည်ကြီးဖြင့် အဝေးမှလှမ်းဆွဲပြီး လူပုလေးမိတ္တအား တစ်လှည့်ပြန်ပြီးကယ်တင်ရလေသည်။

"ကျေးဇူးပဲရောဟဏီ၊ နင်သာမကယ်ရင် ငါအခုလောက်ဆို အရိုးစုဘဝရောက်သွားလောက်ပြီ"

ထို့နောက် အကွေ့အကောက်နှင့် ကျောက်စွယ်ကျောက်ချွန်းများ လွန်စွာပေါသောလမ်းများမှ အတွင်းသို့ဝင်ခဲ့ကြရာ





မကြာမီ လွန်စွာကြီးမားသောဂူပေါက်ဝကြီးသို့ ရောက်ကြလေသည်။

ထိုဂူပေါက်ဝကြီးမှာ အတော်အတန်ကြီးမားပြီး အပေါက်ဝကို ကျောက်တံခါးကြီးဖြင့်ပိတ်ထားသည်။

"ဒီကျောက်ပြားကိုဘယ်လိုဖွင့်လို့ရမလဲ ကေသရီ"

"အပြင်ကတော့ ဖွင့်တဲ့ခလုတ်မောင်းတံမရှိဘူး၊ လူတစ်ယောက် အတွင်းရောက်အောင်ဝင်နိုင်ပြီး ခလုတ်မောင်းကိုဆွဲတင်နိုင်ရင်တော့ ဒီကျောက်တံခါးကြီးဖွင့်လို့ရလိမ့်မယ်"

သူရဇ္ဇက ကျောက်တံခါးကြီးရှေ့တွင်ရပ်ကာ မည်သို့မည်ပုံဝင်ရမည်ကိုစဉ်းစားနေလေသည်။

ထုထည်ကြီးမားလှသော ကျောက်တံခါးကြီးအားဖောက်ထွင်းဝင်ရောက်ရန်မှာ မလွယ်ကူသောကိစ္စဖြစ်တော့သည်။

ထိုအခါ ပါဝဏက အနီးသို့ရောက်လာပြီး. . .

"သခင်နဲ့ကျုပ်မှာရှိတဲ့ အတွင်းအားကိုသုံးပြီးဖွင့်ရင် ရနိုင်မယ်ထင်တယ်"

ဟု အကြံပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . တခြားနည်းလမ်းလည်းမရှိတော့ စမ်းကြည့်သေးတာပေါ့"

ဟုဆိုကာ သူရဇ္ဇနှင့်ပါဝဏတို့နှစ်ယောက်မှာ ကျောက်တံခါးကြီး၏တစ်ဖက်တစ်ချက်စီတွင်ရပ်၍ ကျောက်တံခါးကြီးအားဖွင့်နိုင်ရန် ကြိုးစားကြလေသည်။

နှစ်ယောက်စလုံးမှာ ယောဂကျင့်စဉ်စွမ်းအားမြင့်မားကြသူများဖြစ်သဖြင့် စိတ်ကိုစုစည်းကာ ကျောက်တံခါးကြီးအားအတွင်းအားဖြင့်ဖွင့်ကြသောအခါ အတန်ငယ်လှုပ်ရှားစပြုလာတော့သည်။

သို့သော် အကြိမ်ကြိမ်ပြန်လည်ပြုတ်ကျနေသည်။

တစ်ကြိမ်တွင် နှစ်ယောက်စလုံးနောက်သို့ယိုင်လဲကျသွားသည်အထိ ပြင်းထန်သောတန်ပြန်လှိုင်းများဒဏ်ကို ခံကြရသည်။

"ဒီတံခါးကိုဖွင့်မရလို့တော့ အတွင်းကိုဘယ်နည်းနဲ့မှဝင်လို့မရနိုင်ဘူး၊ တို့နှစ်ယောက် နောက်ဆုံးကြိုးစားလိုက်ကြရအောင်ဟေ့ပါဝဏ"

ဟုဆိုကာ နောက်ဆုံးကြိုးစားကြပြန်သည်။

သည်တစ်ကြိမ်တွင်တော့ အစွမ်းကုန်ကြိုးစား၍ဖွင့်ကြ





ပြန်ရာ နောက်ဆုံး ကျောက်တံခါးကြီးမှာ အပေါ်သို့ တကျွီကျွီဖြင့် ကြွတက်လာလေတော့သည်။

လူတစ်ယောက်ဝင်သာရုံကြွတက်လာသောအခါ လူပုလေးမိတ္တက အတွင်းသို့လှမ်းဝင်လိုက်သည်။

"မိတ္တ. . . လက်ဝဲဘက်မှာ မောင်းခလုတ်ရှိတယ်"

ဟု ကေသရီကလှမ်းပြောလိုက်သည်။

မိတ္တသည် ကျောက်ဂူအတွင်းသို့ရောက်သောအခါ ကေသရီပြောလိုက်သည့်အတိုင်း ကျောက်နံရံပေါ်မှမောင်းခလုတ်ကြီးကို အားကုန်ဆွဲတင်လိုက်သောအခါ ကျောက်တံခါးကြီးမှာ အပေါ်သို့ကြွတက်သွားလေတော့သည်။

အပြင်ဘက်၌ စွမ်းအားသုံး၍ တံခါးကြီးကိုဖွင့်ရန်ကြိုးစားနေကြသော သူရဇ္ဇနှင့်ပါဝဏတို့နှစ်ယောက်မှာ တံခါးကြီးပွင့်သွားသည်နှင့် နောက်သို့အသီးသီးလဲကျသွားလေတော့သည်။

"အို. . အစ်ကို"

"ဟင်. . ပါဝဏ"

ကေသရီက သူရဇ္ဇအားပြေးပွေ့လိုက်သလို ဇော်ဟဏီက ပါဝဏအားပြေးထူလိုက်လေသည်။

၄င်းတို့နှစ်ယောက်စလုံး၏ပါးစပ်မှ သွေးစသွေးနများ



www.burmeseclassic.com

www.burmeseclassic.com



စီးကျနေသည်ကိုကြည့်ရုံမျှဖြင့် အဘယ်မျှစွမ်းအားသုံးလိုက်ရသည်ကို သိနိုင်ပေသည်။

အတန်ကြာသောအခါမှ နှစ်ယောက်စလုံးကောင်းစွာသတိရလာကြပြီး ဂူအတွင်းသို့ဝင်ကြသည်။ ဂူအတွင်းရောက်သောအခါ ကျောက်တံခါးကြီးအားပြန်ပိတ်ပစ်လိုက်တော့သည်။

ဂူအတွင်းအလယ်လောက်တွင် ကွက်လပ်ကြီးတစ်ခုရှိပြီး ကျောက်တိုင်တစ်ခုရှိသည်။ ၎င်းကျောက်တိုင်ကြီး၏နောက်တွင် လူမျက်နှာနှင့်လွန်စွာတူသော ကျောက်ဂူကြီးတစ်ခုရှိလေသည်။

၎င်းကျောက်ဂူမျက်နှာကြီးမှာ ကြောက်မက်ဖွယ်ရာကောင်းလှသည်။ မျက်လုံးပြူးပြူး၊ နှာခေါင်းကြီးကြီး၊ ပါးစပ်ပြဲပြဲနှင့်ဖြစ်ပြီး ဂူပေါက်ဝမှာ သွားကြီးများစီကျလျက်ရှိသည်။

ထူးဆန်းသည်မှာ ဂူအတွင်း၌ အလင်းရောင်များကောင်းစွာရနေခြင်းဖြစ်၏။ အလင်းရောင်များမှာ ဂူနံရံများမှလာနေခြင်းဖြစ်သည်။

အားလုံးတအံ့တသြဖြစ်နေကြသည်။ ထို့နောက် သတိဖြင့် ကွင်းလယ်အစပ်နားသို့လျှောက်သွားပြီး ကွင်းအစပ်တွင်ရပ်လိုက်ကြသည်။ ကေသရီက. . .





"ဒီစည်းဝိုင်းအတွင်းကို မဆိုင်သူတွေဝင်လို့မရဘူး၊ ကေသရီ့ကို အနုရာဓစိန်ရောင်ခြည်ပေးပါ"

ဟုဆိုသဖြင့် သူရဇ္ဇက အိတ်ဖြင့်ယူဆောင်လာသော စိန်ရောင်ခြည်အား ထုတ်ပေးလိုက်လေသည်။

ကေသရီက စိန်ရောင်ခြည်အားယူဆောင်ကာ စည်းဝိုင်းအတွင်းမှ ကျောက်တိုင်ကြီးရှိရာသို့ တဖြည်းဖြည်းဝင်သွားလေသည်။

အားလုံးက မျက်တောင်မခတ်၊ အသက်မရှူဝံ့လောက်အောင်ကြည့်နေကြသည်။

ကေသရီက ကွင်းလယ်ရှိလူတစ်ရပ်ခန့်မြင့်သော ကျောက်တိုင်ကြီးအနီးသို့ရောက်သောအခါ အနုရာဓစိန်ရောင်ခြည်အားတိုင်ထိပ်ပေါ်သို့ အသာအယာတင်လိုက်သည်။

ထိုသို့တင်လိုက်ပြီးမရှေးမနှောင်းမှာ ဂူအတွင်းသို့ဖြာကျလျက်ရှိသောအလင်းရောင်မှာ မှိန်၍ပျောက်သွားရာ ဂူထဲ၌အခိုက်အတန့်မှောင်သွားလေတော့သည်။

အားလုံးက ဘာဖြစ်လာလေမလဲဟု ရင်တထိတ်ထိတ်ဖြင့်စောင့်ဆိုင်းကြည့်နေစဉ်မှာ အနုရာဓစိန်ရောင်ခြည်မှ အလင်းတန်းများ တဖြည်းဖြည်းနှင့်ဖြာထွက်လာလေတော့သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်များကြောင့် ဂူအတွင်းမှာ ပြန်လင်းလာပြန်တော့သည်။

ထိုအချိန်မှာ အနုရာဓစိန်ရောင်ခြည်မှ ဖြာထွက်လာသောအလင်းရောင်တန်းနှစ်တန်းသည် လူမျက်နှာဂူကြီးရှိရာသို့ ရောက်သွားကာ နီရဲသောမျက်လုံးကြီးနှစ်လုံးအား သွားရောက်ထိမှန်လေသည်။

ခဏချင်းမှာပင် စိန်ရောင်ခြည်ထိမှန်ခံရသော မျက်လုံးကြီးနှစ်လုံးမှာ ချက်ခြင်းအရောင်ပြောင်းသွားကာ စိန်ရောင်ခြည်အလင်းဒဏ်ကိုမခံနိုင်သည့်အလား တဖြည်းဖြည်းပိတ်ကျသွားလေတော့သည်။

လူမျက်နှာဂူကြီး၏မျက်လုံးကြီးနှစ်လုံး ပိတ်ကျသွားသည်နှင့် တစ်ချိန်တည်းမှာပင် ပါးစပ်ပေါက်နေရာမှသွားကြီးများ တဖြည်းဖြည်းပွင့်တက်လာတော့သည်။

ဂူပေါက်ဝအတွင်း၌ မီးတောက်မီးလျှံများတောက်လျက်ရှိသည်။ သူတို့ဝမ်းသာအားရဖြင့် စည်းဝိုင်းအစပ်နားမှ ဂူပေါက်ဝသို့သွားကြလေသည်။

ထိုအချိန်မှာ ဂူပေါက်ကြီးမှာ ပြန်ပိတ်သွားပြန်တော့သည်။ အဘယ်ကြောင့်ဆိုသော် စိန်ရောင်ခြည်အလင်းတန်းကို





လူများကွယ်လိုက်သကဲ့သို့ဖြစ်ကာ မျက်လုံးကြီးပြန်ပွင့်လာပြီးနောက် ပါးစပ်ပေါက်ကြီးပြန်ပိတ်သွားခြင်းဖြစ်တော့သည်။

အခြေအနေမှန်ကိုသိသောအခါ လူများဖယ်ပေးလိုက်သောအခါမှ အလင်းရောင်ပြန်ထိကာ ဂူပေါက်ဝပြန်ပွင့်သွားတော့သည်။

ထိုအခါ အရဲစွန့်၍ မီးတောက်များကိုဖြတ်ကာ အတွင်းသို့ဝင်ကြလေသည်။

လူမျက်နှာဂူကြီးမှာ အတွင်း၌အတော်အတန်ကျယ်ဝန်းပြီး အတွင်းတစ်နေရာရှိ ကျောက်ကလပ်စင်ပေါ်တွင် အရောင်တလက်လက်တောက်ပလျက်ရှိသော ပစ္စည်းတစ်ခုကိုလှမ်းမြင်ရသည်။

"အဲဒါ ဝိညာဉ်များကို လာစေသွားစေနိုင်တဲ့ သိဒ္ဓိဝင်ပစ္စည်းဖြစ်ပါတယ်"

"ဒါကိုယူပြီး ပြန်ရုံပဲမဟုတ်လား"

"ဟုတ်တယ်၊ သိဒ္ဓိဝင်ပစ္စည်းရရင် ကေသရီတို့ရဲ့တာဝန်ပြီးပြီ၊ အနုရာဓကိုပြန်ရုံပဲရှိတော့တယ်"

ထိုသို့ပြောနေစဉ် ဂူနံရံများမှ အရိပ်မည်းကြီးများ ထိုး



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဝင်ရောက်လာသည်ကို သူတို့တစ်တွေလုံးဝမသိလိုက်ကြပေ။

ကေသရီက တဖြည်းဖြည်းနှင့်လျှောက်သွားပြီး သိဒ္ဓိဝင်ပစ္စည်းကိုနှုတ်ယူလိုက်သည်။

ထိုသို့ဖြုတ်ယူလိုက်သည်နှင့် ဂူကြီးတစ်ခုလုံး မှောင်ကျသွားလေတော့သည်။ ဂူပေါက်ဝကြီးမှာလည်း ပြန်လည်ပိတ်စပြုလာလေပြီ။ သို့ကြောင့် အလျင်အမြန်အပြင်သို့ပြန်ထွက်ကြရလေသည်။

နောက်ဆုံးမှထွက်သောသူရဇ္ဇပင် လက်မတင်ကလေးအပြင်သို့ရောက်လာပြီးနောက် ဂူပေါက်ဝတံခါးကြီးပြန်လည်ပိတ်သွားလေတော့သည်။

ဂူအပြင်သို့ရောက်သောအခါ အရိပ်မည်းကြီးများကသူတို့အဖွဲ့အားဝိုင်းထားသည်ကိုတွေ့ရသည်။ ၄င်းတို့သည် မျက်နှာများကို အဝတ်မည်းကြီးများနှင့် ဖုံးအုပ်ထားသောကြောင့်သဲသဲကွဲကွဲမမြင်ရပေ။

သူရဇ္ဇက ဓားကိုထုတ်ပြီး ရှေ့သို့ထွက်သွားသည်။

"သင်တို့ဘယ်သူတွေလဲ"

"ကျုပ်တို့ဘယ်သူတွေလည်းဆိုတာကတော့ သိဖို့လည်း





မလိုဘူး၊ သိလို့လည်း အကြောင်းမထူးပါဘူး၊ ဒါပေမယ့် သင်တို့ကိုတော့ ကျုပ်တို့ကအထူးကျေးဇူးတင်ပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ဒီဂူပေါက်ဝကိုဖွင့်ဖို့ ကျုပ်တို့ကြိုးစားလာခဲ့တာနှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ အခု သင်တို့လာမှပဲ ပွင့်ပေတော့တယ်"

"ဘာအတွက်လဲ"

"ဘာအတွက်လည်းဆိုတော့ အခုသင်တို့ယူခဲ့တဲ့ သိဒ္ဓိဝင်ပြဒါးရှင်လုံးကိုယူဖို့အတွက်ပဲပေါ့"

"အခု ကျုပ်တို့ပိုင်ဆိုင်သွားပြီဆိုတော့ သင်တို့လမ်းဖယ်ပေးကြပေတော့"

"မဖြစ်ဘူးလေ၊ ဒီသိဒ္ဓိဝင်ပစ္စည်းရဖို့ နှစ်ပေါင်းများစွာကြိုးစားလာခဲ့ရတာ၊ ဒီပစ္စည်း ကျုပ်တို့ကိုပေးခဲ့ပါ"

"ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ သင်တို့လမ်းဖယ်ပေးကြပါ"

"မဖယ်နိုင်ပါ၊ ဒီပစ္စည်းကို လွယ်လွယ်နဲ့မပေးရင် သင်တို့ရဲ့အသက်ကိုယူရလိမ့်မယ်"

"ကျုပ်တို့ကလည်း ဒီပစ္စည်းကို ဘယ်နည်းနဲ့မှ မပေးနိုင်လေတော့ သင်တို့အစွမ်းအစရှိရင် ရအောင်သာယူကြပေတော့"

ဟုဆိုကာ သူရဇ္ဇက အနီးဆုံးရန်သူတစ်ယောက်အား



www.burmeseclassic.com

www.burmeseclassic.com



ဓားဖြင့်ဝင်ပိုင်းသဖြင့် ကျန်သူများကလည်း မိမိတို့နှင့်နီးစပ်ရာ ရန်သူများအား တိုက်ခိုက်ကြလေတော့သည်။

ဓားဓားချင်းထိသံ၊ လှံလှံချင်းထိသံများ ဆူညံစွာထွက်ပေါ်လာတော့သည်။

ရန်သူများမှာ တိုက်ရည်ခိုက်ရည်ကျွမ်းကျင်လှသည် မဟုတ်သော်လည်း လူအင်အားများသောကြောင့် သူရဇ္ဇတို့တစ်တွေမှာ အပြင်းအထန်တိုက်ခိုက်ရသည်။

အနီးကပ်တိုက်ခိုက်ရင်းမှ အဝတ်နက်ကြီးများအောက်မှ ရန်သူများ၏မျက်နှာများအား အနီးကပ်တွေ့ရသောအခါ ထိုရန်သူများမှာ ဝံပုလွေမျက်နှာဖြင့်လူများပင်ဖြစ်တော့သည်။

ကြောက်မက်ဖွယ်ရာကောင်းလှသော ဝံပုလွေမျက်နှာနှင့်လူများမှာ သူရဇ္ဇတို့ထံမှသိဒ္ဓိဝင်ပြဒါးရှင်လုံးကိုရနိုင်ရန်သာ အပြင်းအထန်ကြိုးစားကြလေသည်။

ထိုသို့တိုက်ခိုက်နေရင်းမှ ပါ၀ဏာက သူရဇ္ဇအနီးသို့ကပ်ပြောလေသည်။

"အဲဒါ တိဗက်တောင်တန်းတွေက လူဝံပုလွေမျိုးနွယ်တွေပဲသခင်၊ သူတို့က ဒီသိဒ္ဓိဝင်ပစ္စည်းရရင် သူတို့ရဲ့ဘဝတွေကို စိတ်ကြိုက်ပြုပြင်ပြောင်းလဲလို့ရမယ်ထင်နေကြတာ၊ ဒါ့ကြောင့်





ဒီပစ္စည်းကိုရဖို့ အသည်းအသန်လိုက်လံရှာဖွေနေကြတာ၊ နောက်ပြီး သူတို့မှာ အဆိပ်လက်သည်းတွေရှိတယ်၊ သတိထားပါသခင်"

ဟု တိုက်ရင်းခိုက်ရင်းမှ ကပ်၍သတိပေးလေသည်။

လူဝံပုလွေများမှ ကေသရီအားလည်း ရန်မူဖို့ကြိုးစားကြရာ ရောဟဏီ၏ သွက်လက်သောတုတ်ချက်များကြောင့် အလဲလဲအပြိုပြိုဖြစ်ကာ အနီးသို့မကပ်နိုင်အောင်ရှိနေကြသည်။

ပါ၀ဏာသည်လည်း ရှောင်လင်ပညာများကို ကောင်းစွာကျွမ်းကျင်သူဖြစ်သောကြောင့် စိတ်ချရသည်။

တပ်မှူးဗျဂ္ဃမှာလည်း စစ်ပွဲအတွေ့အကြုံရှိကာ တိုက်ရည်ခိုက်ရည်ပြည့်ဝသူမို့ ရန်သူများအား အလွယ်တကူတိုက်ခိုက်နိုင်သည်။ လူပုလေးမိတ္တာကတော့ ဓားနှစ်လက်ကိုကိုင်ကာ မျောက်တစ်ကောင်ကဲ့သို့ ဟိုခုန်သည်ခုန်ဖြင့် ရန်သူများအား တစ်ယောက်ပြီးတစ်ယောက်သတ်ပစ်နိုင်ပေသည်။

တစ်ကြိမ်တွင် ရန်သူများက ရောဟဏီနှင့်ကေသရီတို့ကို လူအင်အားသုံး၍ တရကြမ်းဝင်ရောက်ဖမ်းဆီးရန်မြင်သဖြင့် သူရဇ္ဇက ထိုနေရာသို့သွားကာ ဝင်ရောက်ကူညီတိုက်ခိုက်ရလေတော့သည်။

"အစ်ကို. . ကျွန်မတို့တစ်တွေ လူမျက်နှာဂူကြီးထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်မှဖြစ်မယ်၊ အဲဒီထဲမှာ ဝက်ပါလမ်းတွေရှိတယ်၊ အဲဒီက အပြင်ပြန်ထွက်လို့ရတယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင်တော့ ကေသရီတို့အရင်ဝင်နှင့်ပါလား"

"ကျွန်မတို့အရင်ဝင်လို့မရဘူး၊ စိန်ရောင်ခြည်ကိုဖြုတ်ယူရဦးမှာ၊ ဒါမှတံခါးပြန်ပိတ်မှာ"

"ဒါဖြင့်လည်း ကေသရီ စိန်ရောင်ခြည်ကိုဖြုတ်ပေတော့၊ အစ်ကိုတို့ကာကွယ်ပေးထားမယ်"

သူရဇ္ဇက မိမိလူများအား ဂူပေါက်အတွင်းပြန်ဝင်ရန်ပြောလိုက်ပြီး ကေသရီအား ရန်သူများမနှောင့် ယှက်စေရန်ကာကွယ်ပေးလေသည်။

ကေသရီက စိန်ရောင်ခြည်အား ပြန်ဖြုတ်ယူလိုက်သောအခါ လူမျက်နှာဂူပေါက်တံခါးကြီးမှာ တဖြည်းဖြည်းနှင့်ပြန်ပိတ်လာလေတော့သည်။

သူတို့တစ်တွေမှာ တစ်ယောက်ပြီးတစ်ယောက် ဂူထဲဝင်နိုင်ကြပြီး နောက်ဆုံး သူရဇ္ဇတစ်ယောက်သာ အပြင်၌ကျန်ခဲ့တော့သည်။





"အစ်ကို. . မြန်မြန်ဝင်၊ မြန်မြန်ဝင်၊ ဂူပေါက်တံခါးပိတ်တော့မယ်၊ ပိတ်တော့မယ်"

ကေသရီ၏ စိုးရိမ်တကြီးအော်ဟစ်လိုက်သောအသံကြောင့် သူရဇ္ဇကနောက်သို့လှည့်ကြည့်လိုက်သောအခါ လူမျက်နှာဂူဝကြီးမှာ လူတစ်ယောက်ဝင်သာရုံမျှသာရှိတော့သည်။

ထို့ကြောင့် နောက်ဆုံးရန်သူများအား တိုက်ထုတ်လိုက်ပြီးနောက် ပိတ်လုပိတ်ခင်ဖြစ်နေသောဂူအတွင်းသို့ လှိမ့်ဝင်လိုက်သည်။ သူအတွင်းရောက်သည်နှင့် ဂူတံခါးပေါက်မှာပိတ်သွားပြီဖြစ်တော့သည်။

အတွင်းရောက်မှ သူတို့အားလုံးနားကြရတော့သည်။

ထိုအချိန်မှာပင် မမျှော်လင့်သောအဖြစ်အပျက်တစ်ခုက ဖြစ်ပေါ်လာပြန်သည်။

အခြားမဟုတ်ပေ။

ဂူတံခါးကြီး တဖြည်းဖြည်းကွဲတက်လာခြင်းပင်။

"ဟာ. . သူတို့အတွင်းအားသုံးပြီး တံခါးကိုဖွင့်ဖို့ကြိုးစားနေကြပြီသခင်"

"ဘယ့်နှယ့်လုပ်ကြမလဲ"

"မတတ်နိုင်တော့ဘူး၊ ကျုပ်တို့လည်း အတွင်းအားသုံး



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြန်ပိတ်ရမှာပဲ၊ ဒီပွဲမှာတော့ သူနိုင်ရင်ကိုယ်သေ၊ ကိုယ်နိုင်ရင် သူသေလုပ်ရမှာပဲ၊ အခြားနည်းမရှိတော့ဘူး”

“ဖြစ်ပါ့မလားပါဝဏ၊ မင်းတစ်ခုခုဖြစ်သွားရင်”

“ရတယ်သခင်၊ ကျုပ်အတွက်ဘာမှစိတ်မပူနဲ့၊ ကျုပ်တစ်ယောက်တည်းမတတ်နိုင်ရင် သခင်ကသာနည်းနည်းကူပေးပါ”

ဟုဆိုကာ ပါဝဏက ဂူပေါက်ဝတွင်ထိုင်၍ စိတ်အာရုံကိုစုစည်းပြီး အတွင်းစွမ်းအားကိုအသုံးပြုကာ ဂူပေါက်ဝတံခါးကိုပြန်ပိတ်စေရန် ကြိုးစားလေတော့သည်။

ထိုအခါ အပေါ်သို့တဖြည်းဖြည်းမြင့်တက်နေသော ဂူတံခါးကြီးမှာ တဖြည်းဖြည်းနှင့်ပြန်ကျလာတော့သည်။

သို့သော် မကြာခင်မှာပင် အပေါ်သို့ပြန်တက်သွားပြန်သည်။ ပါဝဏက ထပ်မံကြိုးစားလိုက်သောအခါ အောက်သို့ပြန်ကျလာပြန်သည်။

ဤသို့ဖြင့် ဂူတံခါးပေါက်မှာ အပေါ်သို့တက်သွားလိုက်၊ အောက်သို့ကျလာလိုက်နှင့်ရှိနေရာ သူရဇ္ဇတို့တစ်တွေမှာ ရင်တထိတ်ထိတ်နှင့် ပါဝဏအတွက် စိုးရိမ်နေမိကြသည်။

တစ်ကြိမ်တွင် ပါဝဏက အတွင်းစွမ်းအားကို အစွမ်းကုန်သုံးလိုက်ရာ တံခါးကြီးမှာ ‘ဝုန်း’ကနဲပြုတ်ကျလာပြီးနောက်





တွင် ပါဝဏလည်း နောက်သို့ပစ်လဲကျသွားတော့သည်။

သူရဇ္ဇက ပါဝဏအားပြေးပွေ့လိုက်သည်။

“ပါဝဏ. . ပါဝဏ. . ဘာဖြစ်သွားသေးလဲ၊ ဘာဖြစ်သွား

သေးလဲ”

ပါဝဏပါးစပ်မှ သွေးများထွက်နေပြီး ထလိုက်သောအ

ခါ ‘ပွက်’ကနဲအန်ထွက်သွားလေသည်။

“ပါဝဏ. . ပါဝဏ”

ပါဝဏက လက်ကာပြသည်။ ပြီးနောက် နေရာမှထ

ထိုင်လေသည်။

“ပွဲကမပြီးသေးဘူးသခင်၊ ဒီတစ်ခါမှ သူနိုင်ကိုယ်နိုင်ပြီး

မှာ၊ သခင် ကျုပ်ကိုနောက်ကနည်းနည်းလေးကူပေးပါ”

ဟုဆိုလေသည်။

ထိုသို့ဆိုနေရင်းမှာပင် တံခါးကြီးက တဖြည်းဖြည်းကြွ

တက်လာပြန်လေသည်။

ပါဝဏ တံခါးရှေ့တွင်ပြန်ထိုင်ပြီး နောက်ဆုံးအကြိမ်

စွမ်းအားကိုသုံးကာ တံခါးကိုပြန်ပိတ်နိုင်ရန် ကြိုးစားပြန်လေ

သည်။

ထိုအချိန်တွင် သူရဇ္ဇက ပါဝဏနောက်ကျောဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ထိုင်ရင်း ယောဂကျင့်စဉ်တစ်ခုမှ စိတ်စွမ်းအားတစ်ခုကို ပါဝဏာကိုယ်ထဲသို့ရောက်အောင်ပို့ပေးလိုက်သောအခါ ပတ်ဝန်းကျင်တစ်ဝိုက်၌ အခိုးအငွေ့များထလာပြီး ဂူတံခါးအပြင်ဘက်တစ်နေရာတွင် ကျယ်လောင်သောအော်ဟစ်သံကြီးကြားလိုက်ရပြီးနောက် 'ဟ'နေသောဂူတံခါးပေါက်ကြီးမှာ 'ဝုန်း'ကနဲပြန်ပြုတ်ကျလာပြီးနောက်တွင် ပွဲကပြီးသွားတော့သည်။

ဂူပေါက်တံခါးမှာ နောက်ထပ်ပွင့်မလာတော့ချေ။



# အခန်း(၁၀)

## တပ်မှူးဗျူ့အကောက်ကြံလေပြီ



www.burmeseclassic.com

www.burmeseclassic.com

ရန်သူများ အတွင်းသို့ဝင်မလိုက်လာနိုင်သောအခါ သူတို့တစ်တွေခေတ္တနားကြရသည်။

အထူးသဖြင့် အတွင်းဒဏ်ရာပြင်းထန်စွာရသွားသော ပါဝဏာအား သူရဇ္ဇက ကုသပေးရသည်။ အပြင်ဒဏ်ရာထက် အတွင်း၌ရရှိသောစိတ်ဒဏ်ရာကိုကုသရန်အတွက် ပိုမိုခက်ခဲလှသည်။ ယောဂကျင့်စဉ်များ၊ စိတ်စွမ်းအင်များသုံးပြီး ကုသပေးရသည်။ စိတ်ကိုစိတ်ချင်းကုသပေးသောနည်းများကို သူတော်စင်အဘိုးထံမှသင်ယူရရှိခဲ့ပြီးဖြစ်ရာ သူရဇ္ဇအတွက် များစွာမခက်ခဲလှပေ။

အချိန်အနည်းငယ်ယူ၍ကုသပေးလိုက်သောအခါ ပါ





ဝဏာမှာ အင်အားများပြန်လည်ပြည့်လာပြီး ကောင်းမွန်လာတော့သည်။

"ကေသရီ. . ဒီလောက်မှောင်တဲ့ဂူထဲမှာ လမ်းတွေကို မှတ်မိပါ့မလား"

"အတွင်းမှာရှိတဲ့ဝက်ပါဂူလမ်းတွေက လူတစ်ယောက် မတ်တပ်ရပ်ပြီးသွားလို့ရလောက်အောင် မကျယ်ဝန်းလှဘူး၊ အထဲမှာ လေးဘက်တွားပြီးသွားမှရမယ်"

ထိုစကားကြောင့် လူပုလေးမိတ္တာက ပခုံးနှစ်ဖက်ကိုတွန့်ပြလိုက်ရင်း. . .

"မြွေလိုတိုးသွားရမယ်ဆိုပါတော့"

ဟုပြောလိုက်လေသည်။

"အဲလိုဆိုရင်လည်း ကေသရီက ရှေ့ဆုံးကလမ်းပြပြီးသွားပေတော့၊ အစ်ကိုတို့ နောက်ကလိုက်ခဲ့ကြမယ်"

ထိုသို့စီစဉ်ပြီးနောက် တပ်မှူးဗျဂ္ဃက ကေသရီအား စောင့်ရှောက်ရင်း ရှေ့ဆုံးမှသွားပြီး ကေသရီက နောက်မှလမ်းပြရင်းလိုက်သည်။

သူရဇ္ဇတို့က မလှမ်းမကမ်းမှ အခြေအနေကိုကြည့်ရင်း လိုက်ခဲ့ကြသည်။ အတွင်းပိုင်းရောက်သောအခါ တွင်းခေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝက်ပါလမ်းသဖွယ် များပြားစွာရှိလေသည်။ လမ်းပြမပါဘဲနှင့် ဘယ်လိုမှသွား၍မဖြစ်နိုင်အောင်ရှုပ်ထွေးလှသည်။

ရှေ့မှလမ်းပြပေးသောကေသရီကတော့ သွားနေကျလမ်းသဖွယ် ရှေ့မှကောင်းမွန်စွာလမ်းပြပေးနိုင်ပေသည်။

တွင်းခေါင်းများမှာ အချို့နေရာများတွင် ကျဉ်းလှသောကြောင့် လေးဖက်ထောက်၍သော်လည်းကောင်း၊ ဝမ်းလျားမှောက်၍သော်လည်းကောင်း သွားကြရသည်။

အတွင်းဘက်၌ မှောင်နေသည်ဆိုသော်လည်း လေကောင်းလေသန့်များ ကောင်းစွာရနေသောကြောင့် သက်သာခွင့်ရနေပေသည်။ ထိုသို့ခက်ခက်ခဲခဲသွားနေကြစဉ် လူချင်းကွဲမသွားစေရန်၊ လမ်းမမှားစေရန် ဂရုစိုက်နေရသည်။

ထိုအတွင်း၌ လူချင်းကွဲသွားပါက ပြန်တွေ့နိုင်ရန်မလွယ်ကူလှပေ။ တစ်ခါတစ်ရံ ရှေ့ဆင့်နောက်ဆင့်သွားမရသောကြောင့် ခပ်ခွာခွာလိုက်ကြရသည်များလည်းရှိသည်။

တစ်နေရာသို့ရောက်သောအခါ တပ်မှူးဗျဂ္ဃက ကေသရီအား ရှေ့မှသွားစေပြီး ၄င်းကနောက်မှလိုက်ကာ အကြံဖြင့်နေရစ်သည်။





ဂူလမ်းတစ်နေရာတွင် လမ်းပေါက်ကျဉ်းလှပြီး အပေါ်တွင် ကျောက်တုံးကျောက်ခဲကြီးများရှိလေသည်။

သူရဇ္ဇတို့အဖွဲ့က နောက်ဘက်အတော်လှမ်းလှမ်းနေရာ၌ ကျန်ရစ်ခဲ့ကြလေသည်။

ထိုအခွင့်ကောင်းကိုယူကာ ဗျဂ္ဃက ၄င်း၏ရဲဒင်းကြီးဖြင့် ဂူအပေါ်မှကျောက်တုံးကျောက်ခဲကြီးများအား ခုတ်ပိုင်းဖြိုချလေရာ ၎ကျောက်တုံးကြီးများ ပြိုကျလာတော့သည်။

"ဗျဂ္ဃ. . ဘာလုပ်တာလဲ၊ ဒီလိုလုပ်တော့ နောက်ကလူတွေဘယ်လိုထွက်လို့ရတော့မလဲ"

သို့သော် ဗျဂ္ဃကမရပ်ဘဲ ကျောက်တုံးကြီးများအား ခုတ်ချမြဲခုတ်ချလေရာ မကြာမီ ဂူပေါက်မှာပိတ်သွားလေတော့သည်။

"ရှင်အတော်ရက်စက်ပါလား၊ ခရီးအတူသွားဖော်သွားဖက်ချင်း ဒီလိုလုပ်ရသလား၊ သူတို့ ဒီလမ်းထဲကထွက်လို့မရရင်ဘယ်လိုလုပ်ကြမလဲ"

"ဘုရင်မအမိန့်တော်ကြောင့် ဒီလိုလုပ်ရတာပါသခင်မလေး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်သခင်မလေး၊ သိဒ္ဓိဝင်ပစ္စည်းရပြီးရင် သူတို့ကို သခင်မကအလိုမရှိတော့ပါလို့ မှာလိုက်ပါတယ်"

"ဟင် . . အတော်ယုတ်မာကျက်စက်ပါလား"

"ကိုင်း . . အချိန်မရှိတော့ဘူး၊ သွားကြရအောင်သခင်မလေး"

"ကျွန်မမလိုက်ဘူး၊ သူတို့မပါဘဲ ကျွန်မဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူး"

"မလိုက်ဘူးဆိုရင် ဘုရင်မအမိန့်တော်ကြောင့် လိုက်အောင်ခေါ်ရပါလိမ့်မယ်"

ကေသရီမှာ အခက်ကြုံသွားတော့သည်။

အမှောင်ထုလွှမ်းနေသော ဂူလှမ်းကျဉ်းကျဉ်းကလေးထဲမှာ ဗျူဟ္ဌ၏ဆန္ဒကို ဘယ်လိုမှလွန်ဆန်၍မဖြစ်နိုင်ကြောင်း ကေသရီသိလိုက်ရတော့သည်။

မတတ်သာတော့ပေ။

ကေသရီနှင့်တပ်မှူးဗျူဟ္ဌတို့ ဂူပေါက်လမ်းမှ အပြင်သို့ထွက်သွားသောအချိန်တွင် သူရဇ္ဇတို့လေးယောက်မှာ ဂူပေါက်ကျဉ်းကျဉ်းကလေးထဲမှာ လမ်းပိတ်သွားပြီဖြစ်တော့သည်။





"ဟင် . . ဘယ်လိုဖြစ်တာလဲသူရဇ္ဇ"

"ဗျူဟ္ဌ ငါတို့ကိုသစ္စာဖောက်သွားပြီထင်တယ်၊ သူ ရှေ့က လမ်းပေါက်တွေပိတ်သွားတာဖြစ်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ဘာကြောင့်ဒီလိုလုပ်သွားရတာလဲ"

"သူတို့မှာ အကြံအစည်တစ်ခုခုရှိပုံရတယ်၊ ကျုပ်ထင်တာကတော့ မင်းသမီးလေးကေသရီနဲ့ပတ်သက်ပြီး မကောင်းတဲ့အကြံအစည်ရှိကြပုံရတယ်၊ ဒါကြောင့် ကျုပ်တို့ကိုထားခဲ့တာပဲ"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဒီလိုပဲကြံဖန်ရမှာပေါ့၊ အရေးကြီးတာက ဒီထဲကအမြန်ဆုံးထွက်နိုင်ဖို့အရေးကြီးတယ်၊ ပြီးရင် တို့တစ်တွေ အနုရာမြို့ကိုအမြန်ဆုံးလိုက်သွားရမယ်"

ထို့နောက် သူရဇ္ဇသည် မြေတွင်းနံရံများကို လိုက်လံတီးခေါက်ကြည့်သောအခါ လိုဏ်သံပါနေသောနေရာတစ်ခုကို တွေ့ရသဖြင့် ထိုနေရာသို့တူးကြလေသည်။ အတန်ကြာအောင် တူးမိသောအခါ အခြားဂူလမ်းကြောင်းတစ်ခုသို့ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဂူလမ်းကြောင်းမှတစ်ဆင့် ရှေ့မှသွားနေသောကေသရီနှင့်ဗျဂ္ဃတို့၏ ခြေစခြေရာများကိုကြည့်ပြီးလိုက်ကြသောအခါ အတန်ကြာလျှင် ဂူအပြင်သို့ရောက်ကြလေသည်။

အပြင်ဘက်တွင် ဗျဂ္ဃနှင့်ကေသရီတို့၏အရိပ်အယောင်ကိုမှ မတွေ့ရတော့ပေ။

သူရဇ္ဇတို့လည်း မိမိတို့မြင်းများကို လိုက်လံရှာဖွေပြီးလျှင် အနုရာဓမြို့ရှိရာဘက်သို့ ခရီးနှင့်ခဲ့ကြလေတော့သည်။

ခရီးပြင်းနှင်ကြသောကြောင့် ရက်အနည်းငယ်အတွင်းမှာပင် အနုရာဓမြို့ဝန်းကျင်သို့ ရောက်လေတော့သည်။

မြို့ပတ်ဝန်းကျင်တွင် ဓားလှံလေးမြားကိုင်သော အစောင့်စစ်သည်များကို နေရာမလပ်တွေ့ရလေသည်။

"ခါတိုင်း မြို့ပတ်ဝန်းကျင်မှာ ဒီလိုအစောင့်အရှောက်တွေ မထားပါဘူး၊ အခုမှ ဘာကြောင့် စစ်သားတွေဒီလောက်ချထားတာပါလိမ့်"

"ဟုတ်တယ်သခင်၊ လူသွားလူလာတွေလည်း အများကြီးပဲ၊ အနုရာဓမြို့မှာ ပွဲလမ်းသဘင်တစ်ခုခုရှိမယ့်ပုံပဲ"

သူရဇ္ဇက အနီးမှဖြတ်သွားသောလူတစ်ယောက်အားအခြေအနေမေးကြည့်လိုက်သောအခါ ဤသို့ပြောပြလေသည်။





"မြို့အဝင်လမ်းတွေမှာ အစောင့်တွေအများကြီးချထားတာကတော့ အခုရက်ပိုင်းအတွင်းမှာ မြို့တွင်းကို ဘယ်လူစိမ်းမှအဝင်မခံရဘူးလို့ အမိန့်ထုတ်ထားတာကြောင့်ပါ"

"ဘာကြောင့်လည်းဗျ"

"အနုရာဓဘုရင်စိတြရဲ့ဝိညာဉ် ပြန်ခေါ်ပွဲရှိတယ်လေဗျာ၊ ဒါကြောင့် ဒီလောက်စည်ကားနေတာပေါ့"

ဟုပြောကာ ထွက်သွားလေသည်။

ထိုအခါ သူရဇ္ဇက. . .

"ကျုပ်အထင်ပြောရရင်တော့ မြို့ထဲကိုကျုပ်တို့ဝင်မှာစိုးလို့ ဒီလိုလုပ်ထားတာဖြစ်မယ်၊ သူတို့ဘုရင်စိတြရဲ့ဝိညာဉ်ကိုပြန်ခေါ်ပြီးရင် အနုရာဓမျိုးဆက်သွေးနဲ့လောင်းရမယ်ဆိုရင် ကေသရီမှလွဲပြီး တခြားသူမရှိဘူး၊ ဒီလိုဆိုရင် သူတို့ ကေသရီကို ရက်ရက်စက်စက်သတ်ပစ်ကြလိမ့်မယ်"

ဟု စိုးရိမ်စွာပြောလိုက်လေသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲသခင်လေး"

ရောဟဏီက စိတ်ပူပန်စွာမေးလိုက်သည်။

သူက တစ်လမ်းလုံး ကေသရီကိုစောင့်ရှောက်လာရသူဖြစ်သောကြောင့် ကေသရီအား သံယောဇဉ်တွယ်နေသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပါဝဏာနှင့် လူပုလေးမိတ္တာတို့ကလည်း အပြစ်မဲ့သောကေသရီ အတွက် စိုးရိမ်နေကြလေသည်။

"ကျုပ်တို့တစ်တွေ ကေသရီကိုရအောင်ကယ်မှဖြစ်မယ်၊ လွဲမှားတဲ့အယူတစ်ခုကြောင့် အပြစ်မဲ့တဲ့သူတစ်ယောက် အသက် မဆုံးရှုံးစေသင့်ဘူး"

"ဘယ်လိုကယ်မလဲ ပြောပါသခင်"

"ကျုပ်တို့တစ်တွေ မြို့ရှေ့ပေါက်ကဝင်လို့ကတော့ ဘယ် နည်းနဲ့မှရမှာမဟုတ်ဘူး၊ ဗျူဟ္သရဲ့ရဲမက်တွေနဲ့တိုးမှာပဲ၊ ဒီတော့ မြို့ရဲ့အနောက်ဘက်က ကျောက်တောင်ကြီးတွေမှာ မြေအောက် ကဝင်တဲ့လိုဏ်ခေါင်းလမ်းရှိတယ်လို့ ကြားဖူးတယ်၊ အဲဒီဘက်က ဝင်ကြရအောင်"

ဟုဆိုကာ မြို့၏အနောက်ဘက်တွင်ရှိသော မတ်စောက် သည့်ကျောက်တောင်များရှိရာဘက်သို့ လှည့်ထွက်ခဲ့ကြလေ သည်။



အခန်း(၁၁)

နန်းရင်ပြင်မှနောက်ဆုံးတိုက်ပွဲများ



www.burmeseclassic.com

www.burmeseclassic.com

အနုရာဓ၏အနောက်ဘက်ခြမ်းသည် လူမနေသောနေရာများဖြစ်သည်။ ၎င်းနေရာများဘက်တွင် အလွန်မြင့်သော ကျောက်နံရံကြီးများရှိသည်။ မတ်စောက်လှသောကြောင့် အပေါ်သို့ရောက်နိုင်ရန် မလွယ်ကူလှပေ။

အချို့နေရာများတွင် တောင်ပေါ်မှရေများက 'တဝေါဝေါ'စီးကျလျက်ရှိသည်။ မြို့တွင်းသို့ဝင်ရန် ဂူပေါက်ဝမှာ ကျောက်ဆောင်ကြီးအလယ်လောက်၌ရှိသောကြောင့် ခက်ခက်ခဲခဲဖက်တွယ်တက်ကြရသည်။

ကျောက်နံရံကြီးများမှာ မတ်စောက်လှပြီး လူတက်ရန်မလွယ်ကူသောကြောင့် ထိုနေရာဘက်တွင် အစောင့်မထားပေ။

ကျောက်စွန်းကျောက်တုံးများ၊ သစ်ပင်များ၊ နွယ်ကြိုး





များကိုအားပြု၍ ခက်ခက်ခဲခဲတက်ကြသောအခါ လိုဏ်ဂူပေါက်ဝသို့ရောက်ကြသည်။ ခေတ္တမျှအမောအပန်းဖြေပြီးသည်နှင့် အတွင်းသို့ဝင်ကြသည်။

အတန်ငယ်ဝင်သွားသောအခါ ၎င်းမှာ လိုဏ်ဂူရိုးရိုးမဟုတ်ဘဲ ကျောက်တုံး၊ကျောက်တိုင်များဖြင့်ဆောက်လုပ်ထားသော အခန်းများဖြစ်နေသည်ကို လှမ်းမြင်ရသည်။ ထိုအခန်းများထဲမှာတော့ အစောင့်များရှိနေသည်။

သို့ကြောင့် ရေနုတ်မြောင်းဘက်မှ လှည့်ဝင်ကြသည်။ ထိုဝင်ပေါက်များကိုတော့ သံတိုင်များဖြင့်ကာရံထားသောကြောင့် လူအင်အားသုံး၍ လူတစ်ယောက်ဝင်သာအောင် ဖောက်ကြရသည်။ ထိုဝင်ပေါက်မှ အတွင်းသို့ဝင်ကြသည်။

အတွင်းခန်း၌အစောင့်ရှိသည်။ ထိုအစောင့်အလစ်တွင် ရောဟဏီက ရှေ့သို့တိုးသွားပြီး ကျောက်တိုင်အကွယ်၌ နေရာယူသည်။ သူရဇ္ဇတို့က လူယောင်ပြလိုက်သောအခါ အစောင့်က ထိုနေရာသို့ပြေးလာသည်။

လမ်းခုလတ်မှာတင် ရောဟဏီတုတ်ချက်မိပြီး လဲကျသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အတွင်းသို့ဆက်ဝင်ခဲ့ကြသည်။ အတွင်းဘက်၌ မြေအောက်ခန်းများပြုလုပ်ထားသည်ကို တွေ့ရလေသည်။

အတွင်းဘက်တွင်စောင့်နေသော အစောင့်များကိုလည်း သူတို့တစ်တွေဉာဏ်သုံးပြီး သုတ်သင်ရှင်းလင်းပစ်ခဲ့ကြသည်။

မကြာမီ အပေါ်သို့တက်သောကျောက်လှေခါးကြီးတစ်ခုကို တွေ့ရသဖြင့် အပေါ်သို့တက်ခဲ့ကြသည်။

ထိုနေရာ၌ တံခါးတစ်ချပ်တွေ့ရပြီး ထိုတံခါးကိုဖွင့်ဝင်သွားသောအခါ အနုရာမနန်းဆောင်အတွင်းသို့ ရောက်သွားကြသည်။

နန်းတော်ရင်ပြင်ပေါ်မှာ လူပေါင်းများစွာရှိနေကြသည်။ နက္ခတ်ဆရာကြီးဝေမနီနှင့် ဘုရင်မဘာရဏီတို့က စင်မြင့်ပေါ်၌ ရှိနေကြသည်။

၎င်းတို့နှင့်မလှမ်းမကမ်း စင်မြင့်တစ်နေရာမှာတော့ ဘုရင်စိတြအလောင်းထည့်ထားသော ကျောက်တလားကြီးအား ချထားလေသည်။

အချိန်မှာ ညဦးပိုင်းအချိန်ဖြစ်သောကြောင့် နန်းရင်ပြင်တစ်ခုလုံး ဆီမီးတိုင်များထွန်းထားသဖြင့် လင်းထိန်နေသည်။





ကောင်းကင်ပြင်မှာတော့ ကြယ်များက စုံညီစွာတောက်ပလျက်ရှိသည်။ နက္ခတ်ဆရာကြီးဝေမနီက ကောင်းကင်မှ နက္ခတ်အသွားအလာများအား သေချာစွာလေ့လာလျက်ရှိသည်။

"မကြာမီ စိတြနက္ခတ်နဲ့ အနုရာမနက္ခတ်တို့ စန်းယှဉ်တော့မှာဖြစ်ပါတယ်အရှင်မ၊ ဒီအချိန်မှာ စိတြဘုရင်ရဲ့ဝိညာဉ်တော်ကို ပြန်ခေါ်ဖို့အကောင်းဆုံးအချိန်ဖြစ်ပါတယ်အရှင်မ"

"ကောင်းပြီ၊ နက္ခတ်ဆရာကြီးစီစဉ်စရာရှိတာ စီစဉ်ပေတော့"

ဟုဆိုကာ ကတ္တီပါအိတ်ဖြင့်ထုတ်ထားသော သိဒ္ဓိဝင်ပြဒါးရှင်လုံးအား ကမ်းပေးလိုက်လေသည်။

နက္ခတ်ဆရာကြီးဝေမနီက ပြဒါးလုံးကိုယူပြီး ကျောက်တလားကြီးအနီးသို့ လျှောက်သွားလေသည်

ထို့နောက် ကောင်းကင်သို့မော့ကြည့်ပြီး တစ်စုံတစ်ရာမန်းမှုတ်ရွတ်ဆိုလိုက်သောအခါ ကျောက်တလားအဖုံးကြီးမှာ တဖြည်းဖြည်းပွင့်တက်လာလေတော့သည်။

အဖုံးပွင့်သွားသောအခါ နက္ခတ်ဆရာကြီး၏လက်ထဲမှပြဒါးရှင်လုံးကို ဘုရင်စိတြနဖူးတစ်နေရာတွင် မြှုပ်နှံထည့်သွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ထိုခဏအတွင်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းလာလေတော့သည်။

ထို့ပြင် ငြိမ်သက်နေသောပတ်ဝန်းကျင်မှာ လေပြင်းများ တိုက်ခတ်စပြုလာသည်။

ပရိသတ်များနှင့် သူရဇ္ဇတို့အဖွဲ့ကတော့ နက္ခတ်ဆရာကြီးဘာဆက်လုပ်မည်ကို ရင်တမမနှင့်စောင့်ကြည့်နေကြသည်။ ထို့နောက် နက္ခတ်ဆရာကြီးဝေမနိက ကောင်းကင်ပြင်သို့မော့ကြည့်ကာ ဤသို့ရွတ်ဆိုလိုက်လေသည်။

"စိတြနက္ခတ်နှင့် အနုရာဓနက္ခတ်ကိုစောင့်ရှောက်တော်မူသော ဒေဝတာနတ်မင်းအပေါင်းတို့. . .

ဒေဝတာနတ်မင်းတို့ထံ ခေတ္တအပ်နှံထားသော ဘုရင်စိတြ၏ဝိညာဉ်တော်အား ကျွန်ုပ်တို့ထံ ပြန်လည်ပို့ဆောင်ပေးပါရန် တောင်းပန်အပ်ပါသည်၊

လောက၏အကျိုး၊ လူသားတို့၏အကျိုးစီးပွားကို ဆောင်ရွက်ရန်အတွက် စိတြဘုရင်၏ဝိညာဉ်တော်အား ပြန်လည်ချီးမြှင့်ပေးပါလော့. . .၊

ပြန်လည်ချီးမြှင့်ပေးပါလော့. . .၊

ပြန်လည်ချီးမြှင့်ပေးပါလော့. . ."





လက်နှစ်ဖက်ကို ကောင်းကင်သို့မြှောက်ကာ ဦးခေါင်းကိုမော့လျက် ရွတ်ဆိုလျက်ရှိသောဝေမနိ၏ အောင်မြင်သောအသံကြီးမှာ နန်းရင်ပြင်တစ်ခုလုံး ဖုံးလွှမ်းသွားလေသည်။

ထိုသို့ရွတ်ဆိုလိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး မိုးချုန်းသံကဲ့သို့သောအသံများ၊ တော်လဲသံကဲ့သို့သောအသံများ၊ ငိုညည်းအော်ဟစ်သံကဲ့သို့သောအသံများ၊ မကောင်းဆိုးဝါးများ ရယ်မောသံကဲ့သို့သောအသံများ ပါလာပြီး အမှောင်ရိပ်သန်းနေပြီဖြစ်သော ပတ်ဝန်းကျင်တစ်ခုလုံး လျှပ်စီးရောင်များ ပျံ့နှံ့ယှက်သန်းလျက်ရှိနေတော့သည်။

ထိုသို့ရှိနေသောအခြေအနေတွင် စိတြနဖူးပြင်တစ်နေရာတွင်မြှုပ်နှံထားသော သိဒ္ဓိဝင်ပြဒါးလုံးမှာ အရောင်များဖြာထွက်လာလေရာ ကျောက်တလားအတွင်းမှ ဘုရင်စိတြ၏ဝိညာဉ်မဲ့ကိုယ်ခန္ဓာကြီးမှာလည်း တဖြည်းဖြည်းလှုပ်ရှားစပြုလာပြီဖြစ်တော့သည်။

နန်းရင်ပြင်တဝိုက်ရှိနေကြသောလူများမှာ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်းများကြောင့် အသက်ပြင်းပြင်းမရှူဝံ့လောက်အောင်ပင် အခြေအနေကိုကြည့်နေကြတော့သည်။

ထိုအချိန်တွင် နက္ခတ်ဆရာကြီးဝေမနိက လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကိုမြှောက်ပြီးအချက်ပေးလိုက်သောအခါ အတွင်းတံခါးတစ်ချပ်ပွင့်သွားပြီး ရဲမက်နှစ်ယောက်က မင်းသမီးလေးကေသရီအား တစ်ဖက်တစ်ချက်မှချုပ်ကိုင်၍ ခေါ်ဆောင်လာသည်ကို မလှမ်းမကမ်းကျောက်စင်ပေါ်မှကြည့်နေကြသော သူရဲဇ္ဇတို့ကလှမ်းမြင်ရပေသည်။

မင်းသမီးလေးကေသရီမှာ အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားပြီး မူးယစ်ဆေးကဲ့သို့ ဆေးတစ်မျိုးမျိုးသောက်မိထားဟန်နှင့် မတုန်မလှုပ်ပါလာခြင်းဖြစ်၏။

အမှန်တော့ ၄င်းပွဲမတိုင်မီအချိန်လေးမှာပင် နက္ခတ်ဆရာကြီးဝေဓနိက မင်းသမီးလေးစားသောအစားအစာများထဲတွင် မူးယစ်ထုံထိုင်းကာ အသိဉာဏ်ကင်းမဲ့စေသောဆေးတစ်မျိုးကို ထည့်ကာတိုက်ကျွေးထားခြင်းဖြစ်ပေသည်။

"သခင်. . မင်းသမီးလေးကို သူတို့ခေါ်လာကြပြီ၊ ဘာလုပ်ကြမှာလဲဟင်"

"အနုရာရဲ့မျိုးဆက်သွေးနဲ့ သွန်းလောင်းရမှာဆိုတော့ သူတို့ ကေသရီရဲ့လည်ချောင်းသွေးကို ဖောက်ယူကြလိမ့်မယ် ရောဟဏီ"





"ဒါ တမင်မတရားလုပ်တာပဲ၊ ကျုပ်တို့ ဘယ်လိုလုပ်ရင် ကောင်းမလဲသခင်"

"သူ့ကိုရအောင်ကယ်မှဖြစ်မယ်"

သူရဲဇ္ဇက ထိုသို့ပြောလိုက်သောအခါ ရောဟဏီမှာ ၄င်း၏လှံရှည်ကြီးကို တပြင်ပြင်ဖြစ်နေတော့သည်။

မင်းသမီးလေးကေသရီအား နက္ခတ်စင်ပေါ်တင်လာပြီးနောက် အသင့်ချထားသောသိုင်ခုံတစ်ခုပေါ်၌ ထိုင်စေသည်။

၄င်းနောက် လည်ပင်းကိုမော့စေပြီး ဝေဓနိက အသွားထက်လှသောဓားတစ်လက်နှင့် ရွှေဖလားတစ်လုံးကိုယူဆောင်လာပြီး မင်းသမီးကေသရီအနီးသို့ကပ်လာကာ. . .

"ယခုအခါ ကောင်းကင်ပြင်ကိုစောင့်ရှောက်တော်မူသော နတ်ဒေဝတာများ၊ နက္ခတ်ကြယ်တာရာများကို စောင့်ရှောက်တော်မူသော နတ်ဒေဝတာများ၊ လောကကိုစောင့်ရှောက်တော်မူသော နတ်ဒေဝတာတို့၏အလိုတော်အတိုင်း အနုရာဓ၏မျိုးဆက်သွေးကို ဆောင်ယူပါတော့မည်"

ဟုရွတ်ဆိုပြီးလျှင် လက်ထဲမှဓားဖြင့် ကေသရီ၏လည်ပင်းကို လှီးဖြတ်ရန်ပြင်လိုက်သည်နှင့်မရှေးမနှောင်းမှာပင် ရောဟဏီလက်မှကိုင်ထားသောလှံရှည်ကြီးမှာ လေထဲ၌ပျံဝဲထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး နက္ခတ်ဆရာကြီးဝေမနိအားထိမှန်လေရာ ရင်ဝမှကျော သို့ပေါက်ထွက်သွားပြီး နောက်သို့လန်ကျသွားလေတော့သည်။

"အား. . ."

ထိုအခြေအနေကိုမြင်လိုက်ရသော ရဲမက်များနှင့် ပရိသတ်များမှာ တအံ့တသြဖြစ်နေကြစဉ် သူရဇ္ဇက ကျောက်စင်ထိပ်သို့တက်သွားပြီး အောင်မြင်သောအသံဖြင့်အော်ပြောလိုက်သည်။

"ရဲမက်အပေါင်းတို့. . အနုရာမရဲ့အရှင်သခင်အစစ်အမှန်ဖြစ်တဲ့၊ သင်တို့ရဲ့အရှင်သခင်ဖြစ်တဲ့ သခင်မလေးကေသရီရဲ့အသက်ကို ကာကွယ်စောင့်ရှောက်ကြလော့၊ ကာကွယ်စောင့်ရှောက်ကြလော့. . ."

ဟုအော်ပြောလိုက်သောအခါ စစ်သည်ရဲမက်များထံမှ 'ဟေး'ဟူသော သံပြိုင်အော်ဟစ်သံကြီးများ ဆူညံစွာပေါ်ထွက်လာလေတော့သည်။

ဘုရင်မဘရဏီမှာ အခြေအနေမဟန်မှန်းရိပ်မိသောအခါ ဘုရင်စိတြအသက်ပြန်ရှင်နိုင်ရန် ဆောင်ရွက်ရန်အတွက် နက္ခတ်ဆရာကြီးလွတ်ကျနေသောဓားနှင့် ရွှေခွက်ကိုကောက်ယူပြီး ကေသရီရှိရာသို့ပြေးလာသည်။





ခေါင်းကလေးမော့ကာ မိန့်မိန့်မူးမူးဖြစ်နေသော ကေသရီ၏လည်ပင်းကို လှီးဖြတ်ရင်ပြင်လိုက်သည်နှင့် သူရဇ္ဇက စင်ပေါ်မှခုန်ဆင်းသွားပြီး ဘရဏီအား တွန်းထုတ်လိုက်ရာ ဘရဏီမှာ တိုင်တစ်လုံးဖြင့်ဆောင့်မိကာ သတိလစ်သွားလေသည်။

ထိုအချိန်မှာ မလှမ်းမကမ်းတွင်ရပ်နေသော တပ်မှူးဗျဂ္ဃက ၄င်း၏လက်စွဲတော်ရဲခင်းကြီးကိုမြှောက်ကာ ပြေးဝင်လာပြီး သူရဇ္ဇအားခုတ်သည်။

သူရဇ္ဇက ဓားဖြင့်ဆီးခံလေရာ ဓားသွားနှင့်ရဲခင်းသွားတို့ ထိသံများပေါ်လာကာ မီးပွင့်များပင်ထွက်လာတော့သည်။

သူရဇ္ဇနှင့်တပ်မှူးဗျဂ္ဃတို့နှစ်ဦးမှာ တိုက်ရည်ခိုက်ရည်ကျွမ်းကျင်ကြသူများမို့ တစ်ဦးနှင့်တစ်ဦးအလစ်မပေးဝံ့ကြဘဲ ပြင်းပြင်းထန်ထန်ထိုးခုတ်တိုက်ခိုက်ကြသည်။

ထိုအချိန်မှာပင် နန်းရင်ပြင်တစ်ခုလုံးမှာလည်း ဘုရင်မဘရဏီ၏ဘက်တော်သားများနှင့် ကေသရီ၏ဘက်တော်သားတို့မှာ တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာတိုက်ခိုက်လျက်ရှိကြသည်။

နန်းရင်ပြင်တစ်ခုလုံး ဓားချင်းထိသံ၊ လှံချင်းထိသံ၊ ဒိုင်းဟာသံများ၊ အော်ဟစ်ကြွေးကြော်သံများ၊ ...ကျည်းစွာအော်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်သံတို့ဖြင့် ကမ္ဘာပျက်သည့်အလား ဆူညံစွာရှိနေတော့သည်။

သူရဋ္ဌနှင့်ဗျဂ္ဃတို့တိုက်ပွဲက ပြင်းထန်နေသလို ရောဟဏီ၊ ပါ၀ဏာနှင့် လူပုလေးမိတ္တာတို့မှာလည်း မင်းသမီးလေးကေသရီ အတွက် စွန့်စွန့်စားစားတိုက်ခိုက်လျက်ရှိနေကြသည်။

ဗျဂ္ဃက ၎င်း၏လက်စွဲတော်ရဲဒင်းကြီးကိုအသုံးပြုကာ သူရဋ္ဌအားပွဲသိမ်းပေးရန် ကြိုးစားနေသလို သူရဋ္ဌကလည်း ပြင်းပြင်းထန်ထန်ပြန်လည်တိုက်ခိုက်လျက်ရှိသည်။

တစ်ကြိမ်တွင် ဗျဂ္ဃ၏ရဲဒင်းချက်ကြောင့် သူရဋ္ဌမှာ ကြမ်းပြင်ပေါ်သို့ပစ်ကျသွားစဉ် ဗျဂ္ဃက အပေါ်မှရဲဒင်းကြီးနှင့်မိုး၍ ခုတ်သည်။ သူရဋ္ဌက ဘေးသို့လှိမ့်ထွက်ရင်း လက်ထဲမှဓားဖြင့် ဗျဂ္ဃ၏ခြေထောက်ကိုပိုင်းချလိုက်ရာ ဗျဂ္ဃမှာ ခုန်ရှောင်လိုက်သော်လည်း မလွတ်မလပ်ဖြစ်သွားပြီး ခြေထောက်တစ်ဖက်မှာ ပြတ်ထွက်သွားလေတော့သည်။

"အား. ."

ဗျဂ္ဃမဟာန့်နိုင်တော့ဘဲ ကြမ်းပေါ်သို့ ပစ်လဲကျသွားသည်။ ထိုအခိုက် သူရဋ္ဌက ကိုယ်ကိုတစ်ပတ်လှည့်ကာ ဗျဂ္ဃ ကိုယ်ပေါ်သို့ပိုင်းချလိုက်သည်။

"အား. ."





ဗျဂ္ဃ၏ကိုယ်ခန္ဓာမှာ သူရဋ္ဌ၏ဓားချက်ကြောင့် ပြတ်လုပြတ်ခင်ဖြစ်သွားသည်။

ထိုအချိန်မှာ မမျှော်လင့်သောဖြစ်ရပ်တစ်ခုပေါ်လာတော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးချုန်းသံများ၊ လျှပ်ပန်းများ၊ ထစ်ချုန်းမှုများနှင့်အတူ ကျောက်တလားအတွင်းမှ စိတြဘုရင်မှာ တဖြည်းဖြည်းထလာပြီဖြစ်တော့သည်။

သူသည် အနုရာဓ၏မျိုးဆက်သွေးမသောက်ရသေးသဖြင့် ပကတိလူအသွင်ပြောင်းလာသည်မဟုတ်ဘဲ အပဝင်လာသောမကောင်းဆိုးဝါးကြီးတစ်ကောင်ထလာသည်နှင့် တူနေတော့သည်။

စိတြသည် ထလာသည်နှင့် မင်းသမီးလေးကေသရီရှိရာသို့ သွားလေတော့သည်။ ပါ၀ဏာနှင့်ရောဟဏီတို့က ကေသရီအား အန္တရာယ်မဖြစ်စေရန် အစွမ်းကုန်ဝိုင်းဝန်းကာကွယ်ကြသော်လည်း ပြဒါးရှင်လုံး၏သိဒ္ဓိစွမ်းအားဝင်နေသောစိတြအား ဘယ်လိုမှမယှဉ်သာကြပေ။

သူတို့၏လက်နက်များဖြင့် ထိုးခုတ်တိုက်ခိုက်သော်လည်း အရာမထင်၊ မထိရောက်ဘဲ စွမ်းအားဝင်နေသော စိတြလက်နှင့် တစ်ချက်မိလိုက်လျှင် လွင့်စင်ထွက်သွားလေတော့သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ဘရဏီမှာလည်း သတိပြန်ရကာ ထလာနိုင်ပြီဖြစ်သည်။

"ဟင်. . မောင်တော်စိတြ ထလာပြီ၊ မောင်တော်စိတြ ထလာပြီ၊ ငါတို့ရဲ့အကြံအစည်အောင်မြင်ပြီ၊ အောင်မြင်ပြီ"

ဟု ဝမ်းသာအားရအော်ဟစ်ပြောဆိုကာ ကေသရီရှိရာသို့ပြေးလာသည်။

တစ်ဖက်မှစိတြကလည်း လက်နှစ်ကိုရှေ့သို့ဆန့်တန်းကာ ကေသရီရှိရာသို့လာနေလေပြီ။

ထိုအချိန်တွင် သတိကောင်းစွာပြန်ရနေပြီဖြစ်သော မင်းသမီးလေးကေသရီမှာ ကြောက်မက်ဖွယ်ရာမြင်ကွင်းများကို တွေ့မြင်နေရသဖြင့် ထိတ်လန့်တကြားအော်ဟစ်နေတော့သည်။

သူရဇ္ဇက ထိုအခွင့်အရေးကိုလက်လွှတ်မခံဘဲ ဘရဏီရှိရာသို့ပြေးဝင်သွားပြီး ခါးမှပွေ့ချီလိုက်သည်။

"နင်ဘာလုပ်တာလဲ၊ ငါ့ကိုအခုချက်ခြင်းလွှတ်စမ်း"

သူရဇ္ဇက ကေသရီနှင့်မလှမ်းမကမ်းသို့ရောက်လာသော စိတြရှိရာသို့ ဘရဏီကိုပစ်ပေးလိုက်သည်။

လူစိတ်မဝင်သေးဘဲ မိစ္ဆာစိတ်ဝင်နေသောစိတြသည် ၎င်းဆီသို့ရောက်လာသောဘရဏီအားဖမ်း၍ လည်ပင်းကိုလိမ်ချိုးကာ သတ်ပစ်လိုက်လေတော့သည်။





"အ. . အ. . အား"

"ရောဟဏီ. . မင်း ကေသရီကို ဘေးလွတ်ရာကိုခေါ်သွားပေတော့၊ ငါ ဒီမိစ္ဆာကောင်ကြီးကို ရှင်းလိုက်ဦးမယ်"

"သတိထားနော်သခင်၊ သူ့မှာ မိစ္ဆာစွမ်းအားတွေဝင်နေတယ်"

"ငါ့အတွက်မပူနဲ့၊ သူ့ကိုသာဘေးမဖြစ်အောင် စောင့်ရှောက်သွားတော့"

ရောဟဏီနှင့်ပါဝဏတို့က ကေသရီအား ရန်သူများ မနှောင့်ယှက်နိုင်စေရန် ကာကွယ်စောင့်ရှောက်ရင်း ခေါ်သွားကြသည်။

ထိုအခါ ရင်ပြင်ပေါ်တွင် စိတြနှင့်သူရဇ္ဇတို့သာ ကျန်ရစ်ခဲ့တော့သည်။ ထိုအခါ စိတြက ၎င်းလက်ထဲတွင်အသက်ပျောက်နေပြီဖြစ်သောဘရဏီအား ဖယ်ပစ်လိုက်ပြီးနောက် သူရဇ္ဇအား ရန်မူရန်တိုးဝင်လာသည်။

"လာခဲ့စမ်းမိစ္ဆာကောင်ကြီး၊ အနုရာဓရဲ့မျိုးဆက်တွေ ကေသရီအတွက် အနုရာဓပြည်သူတွေအတွက် မင်းနဲ့ငါတွေ့ကြပြီပေါ့"

ဟုကြိမ်းဝါးကာ လက်ထဲမှဓားဖြင့် တရကြမ်းထိုးခုတ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်သော်လည်း စွမ်းအားများကြောင့် ဘယ်လိုမှမထိရောက်ဘဲ သူသာအထိနာလေတော့သည်။

စိတြလက်ချက်ဖြင့် တစ်ချက်ထိလိုက်လေတိုင်း လွင့်စင်ထွက်သွားလေတော့သည်။ အကြိမ်ကြိမ်ကြိုးစားသော်လည်း သူသာမရှုမလှခံနေရသည်။

ထိုအချိန်တွင် လေထဲမှာပျံ့လွင့်လာသောအသံတစ်သံကို သဲ့သဲ့ကလေးကြားလိုက်ရသည်။

သူတော်စင်အဘိုးရဲ့အသံဖြစ်သည်။

"လူကလေး. . မိစ္ဆာစိတ်ဝင်နေတဲ့ဓာတ်လုံးကို ပြန်မယူမချင်း မင်း သူ့ကိုဘယ်လိုမှ တိုက်ခိုက်လို့နိုင်မှာမဟုတ်ဘူး၊ အဲဒီဓာတ်လုံးကိုသာ ရအောင်ဖြုတ်ပေတော့"

ထိုအသံကြားလိုက်သည်နှင့် သူရဇ္ဇသည် အဝေးမှတိုက်ခိုက်သောနည်းဗျူဟာကိုပြောင်း၍ စိတြအားပူးသတ်တိုက်ခိုက်နိုင်ရန် ကြိုးစားလေတော့သည်။

သို့သော် မလွယ်ကူလှပေ။

စွမ်းအားရှိသော စိတြ၏လက်ချက်ကြောင့် အနားသို့ကပ်မရနိုင်အောင်ဖြစ်နေတော့သည်။ နောက်ဆုံး ရှိသမျှခွန်အားစွမ်းအားများကိုသုံး၍ စိတြ၏နောက်ဘက်မှဝင်ပြီး နဖူးတွင်မြှုပ်





ထားသောသိဒ္ဓိဝင်ပြဒါးလုံးအား ဖြုတ်လေတော့သည်။

လွယ်လွယ်နှင့်တော့ဖြုတ်မရပေ။

ပြဒါးလုံးမှာ နဖူးတွင်းသို့ဝင်စပြုနေပြီဖြစ်သောကြောင့် အတန်ကြာအောင်ကြိုးစားအားထုတ်မှ ဖြုတ်ယူ၍ရလေတော့သည်။

ပြဒါးလုံးသူ့လက်ထဲပါလာသောအခါ စိတြ၏နဖူးမှသွေးများပန်းထွက်လာကာ 'ဝူးဝူးဝါးဝါး'အော်ဟစ်လျက် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

သူရဇ္ဇလည်း နောက်ဘက်သို့လန်၍ လဲကျသွားတော့သည်။ စိတြမှာ ဝူးဝူးဝါးဝါးအော်ဟစ်ရင်း နေရာမှပြန်ထရန်ကြိုးစားနေသည်။

ထိုသို့ကြိုးစားနေရင်းမှ တဖြည်းဖြည်းနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်လာကာ မကြာမီ အရိုးစုအသွင်ပြောင်းသွားတော့သည်။

ဆေးရည်စိမ်ထားစဉ်က ရုပ်သွင်မပျက်သော်လည်း အပြင်သို့ရောက်လာပြီး သိဒ္ဓိစွမ်းအားမရှိတော့သောအခါ မူလပုံသဏ္ဌာန်သို့ ပြန်လည်ရောက်သွားကာ ဘဝသိမ်းသွားခြင်းဖြစ်တော့သည်။

ယခုအခါ စိတြရော၊ ဘုရင်မဘာရဏီပါ မရှိပေတော့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



၎င်း၏ဘက်တော်သားရဲမက်များမှာ လက်နက်ချအညံ့ခံလိုက်ကြသောကြောင့် နန်းရင်ပြင်တစ်လျှောက် တိုက်ပွဲများလည်း ပြီးဆုံးသွားပြီဖြစ်တော့သည်။

အာကာသတစ်ခွင်မှာလည်း အမှောင်ရိပ်များကင်းစင်သွားကာ မိုးချုန်းသံများနှင့် လျှပ်ပန်းလျှပ်နွယ်များပျောက်သွားပြီး ကြယ်တာရာများ၊ နက္ခတ်များဖြင့် သာသာယာယာရှိနေပေတော့သည်။



အခန်း(၁၂)

မကြင်သာဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်များကင်းစင်သွားသောအခါ နောက်တစ်ရက်တွင် အနုရာမမျိုးဆက်များပိုင်ဆိုင်သော သိဒ္ဓိဝင်ပြဒါးလုံးကို မင်းသမီးလေးကေသရီအား ပေးအပ်ပြီးနောက်တွင် ထိုပြဒါးလုံးနှင့်အတူ ကေသရီသည် အနုရာမဇကေရီဘွဲ့ဖြင့် ဘိ သိတ်ခံလေသည်။

ထိုပွဲတွင် တိုင်းသူပြည်သားများနှင့် အနုရာမ၏အမှုထမ်း၊ အရာထမ်း၊ စစ်သည်ရဲမက်များ စုံညီစွာတက်ရောက်ကြသည်။

အထူးဖိတ်ကြားထားသော သူရဇ္ဇ၊ ရောဟဏီ၊ ပါဝဏနှင့် လူပုလေးမိတ္တတို့လည်း ရောက်ရှိနေကြသည်။

အနုရာမ၏ပူပူနွေးနွေးအရှင်သခင်ဖြစ်သူ ကေသရီရှိ





ရာစင်မြင့်နှင့် သူတို့ရပ်နေသောနေရာမှ မဝေးလှပေ။ ကေသရီက စင်မြင့်ထိပ်တွင်ရပ်နေသည်။

ကေသရီမှာ ဖြူစင်သောဝတ်ရုံဖြူကိုဆင်မြန်းထားပြီး စိန်နှင့်ပတ္တမြားများစီခြယ်ထားသော ရွှေမကိုဋ်သရဖူကိုဆောင်းထားလေရာ နတ်သမီးလေးတစ်ပါးလို လှပတင့်တယ်လျက်ရှိသည်။

ကေသရီက သာယာချိုလွင်သောအသံဖြင့်လှမ်းခေါ်လိုက်သည်။

"သူရဲကောင်းရောဟဏီ"

ဘုရင်မခေါ်သံကြောင့် အမျိုးသမီးသူရဲကောင်းရောဟဏီက ၎င်း၏တုတ်ရှည်ကြီးကိုကိုင်ကာ လှေကားထစ်များအတိုင်း တက်သွားကာ ဘုရင်မရှေ့တွင်ရပ်၍ ဦးညွှတ်အရိုအသေပေးလိုက်သည်။

"သင့်ကို ကျွန်ုပ်ရဲ့ကိုယ်ရံတော်အဖြစ် ခန့်တော်မူမယ်"

ဘုရင်မက ထိုသို့ပြောလိုက်သောအခါ ရောဟဏီက သူရဇ္ဇရှိရာသို့ တစ်ချက်လှည့်ကြည့်သည်။

ဘယ်လိုဆုံးဖြတ်သင့်သလဲဟု လှမ်းမေးလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



သဘောပင်။ သူရဇ္ဇက ခေါင်းညိတ်ပြလိုက်သောအခါ ရောဟဏီက. . .

"ဘုရင်မသဘောအတိုင်းပါ"

ဟု အဖြေပေးလိုက်သောအခါ ကေသရီက သူ့အနီးသို့ လာရန် ခေါ်လိုက်လေသည်။ ထို့နောက်. . .

"သူရဲကောင်းပါဝဏ"

ပါဝဏက လှေကားထစ်များအတိုင်းတက်သွားပြီး ကေသရီအနီးတွင်ရပ်၍ အရိုအသေပြုသည်။

"သင့်အား ကျွန်ုပ်ရဲ့အတိုင်ပင်ခံအဖြစ် ခန့်တော်မူမယ်"

ပါဝဏက သူရဇ္ဇအားလှမ်းကြည့်လိုက်သောအခါ သူရဇ္ဇက အသာအယာခေါင်းညိတ်ပြလိုက်လေသည်။

"ဘုရင်မသဘောအတိုင်းပါ"

ကေသရီက ပါဝဏအား သူ၏အနီးတွင်နေရာပေးလိုက်သည်။

"သူရဲကောင်းမိတ္တ"

လူပုလေးမိတ္တက ကျောက်လှေကားများမှ အပေါ်သို့တက်သွားသည်။





"သင့်အား ကျွန်ုပ်အပါး၌အမြဲနေရန် ကိုယ်ရံတော်အဖြစ် ခန့်အပ်လိုပေတယ်"

ထိုအခါ မိတ္တက. . .

"ကျွန်ုပ်မှာ ငယ်စဉ်ကတည်းက သူရဇ္ဇနှင့်အမြဲနေလာသူဖြစ်ပါသဖြင့် သူရဇ္ဇရှိသောနေရာတွင်သာ နေလိုပါတယ် သခင်မ"

ဟု ပြောလိုက်လေသည်။

ကေသရီက ခေါင်းတစ်ချက်ညိတ်ပြပြီးလျှင် လူပုလေးမိတ္တအား သူ့အနီးတွင်နေရာပေးလိုက်ပြီး သူရဇ္ဇအားခေါ်လိုက်သည်။

"သူရဲကောင်းသူရဇ္ဇ"

သူရဇ္ဇက ကျောက်လှေကားများမှ အပေါ်တက်သွားပြီး ကေသရီအား ဦးညွှတ်၍အရိုအသေပြုလိုက်လေသည်။

"သင့်အား ကျွန်ုပ်ရဲ့ကိုယ်ရံတော်တပ်မှူးအဖြစ် ရာသက်ပန်ခန့်အပ်တော်မူမယ်၊ သင့်ရဲ့ဆန္ဒကိုပြောပါလော့"

ဟု ပြောလိုက်လေသည်။

ထိုအခါ သူရဇ္ဇက. . .

"ကျွန်ုပ်အနေနဲ့ သခင်မချီးမြှင့်မြှောက်စားတာကို ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဝမ်းသာလက်ခံလိုပါတယ်၊ သို့ပေမယ့် ခွန်လွန်တောင်တန်း၌ကျန်ရစ်ခဲ့သော အဘိုးနှင့်ကျွန်ုပ်၏မိခင်တို့၏တာဝန်ကို ပြန်လည်ထမ်းဆောင်ရမှာမို့ နေရပ်သို့သာပြန်ခွင့်ပြုပါအရှင်မ"

ဟု ခွင့်ပန်လိုက်သောအခါ ကေသရီ၏မျက်နှာလေးမှာ ညှိုးကျသွားလေတော့သည်။

"သင့်ရဲ့အဘိုးနဲ့မိခင်တို့ကိုပါ အနုရာဓသို့ခေါ်ပြီး ကောင်းမွန်စွာစောင့်ရှောက်ထားရင်ရော မဖြစ်နိုင်ပေဘူးလား"

"၎င်းတို့၏ဆန္ဒကိုမသိရသေးသောကြောင့် ကျွန်ုပ်ဆန္ဒတစ်ခုတည်းဖြင့် ဆုံးဖြတ်ခွင့်မရနိုင်ပါသခင်မ"

"ကောင်းပြီလေ၊ သင်ပြန်မယ်ဆိုရင်လည်း ခွန်လွန်တောင်တန်းသို့ရောက်အောင် ကောင်းမွန်စွာပြန်လည်ပို့ပေးပါမည်၊ ကျွန်ုပ်မှာကြားလိုတာက သင့်အတွက် အနုရာဓမြို့တံခါးသည် အမြဲဖွင့်ထားပါမယ်ဆိုတာကို သင်အမြဲသတိရနေပါတော့ သူရဲကောင်းသူရဇ္ဇ၊

သို့ပြင် သင်တို့သည် ကျွန်ုပ်အပေါ်တွင် ကျရောက်မည့် အန္တရာယ်များကို ကာကွယ်စောင့်ရှောက်ပေးရုံမက ဖယ်ရှားပေးခဲ့သူများဖြစ်သောကြောင့် သင်တို့အား ကောင်းမွန်စွာပြုစုချည်





ခံလိုပေသည်၊ သည်ကနေ့ညမှာပင် ခမ်းနားကြီးကျယ်စွာ ပြင်ဆင်ကြပေရော့"

ဟု အမိန့်ပေးလိုက်လေသည်။

ထိုနေ့ညဘက်တွင် အနုရာဓဘုရင်မကေသရီ၏ နန်းသိမ်းအောင်ပွဲအထိမ်းအမှတ်အဖြစ် တစ်မြို့လုံးပျော်ပွဲရွှင်ပွဲများ ကျင်းပကြလေသည်။

နက္ခတ်တာရာကိုစောင့်ရှောက်တော်မူသော ဒေဝတာများ ပူဇော်ပသပွဲများပြုလုပ်ကြသည်။

နန်းဆောင်အတွင်း၌မူ မီးရောင်စုံများထွန်းညှိကာ သူရဲကောင်းများအား ချီးကျူးဂုဏ်ပြုပွဲများကျင်းပလေသည်။ နန်းတွင်းသူနန်းတွင်းသားများနှင့် မြို့သူမြို့သားများမှာ ၎င်းတို့၏အနုရာဓအရှင်သခင်အစစ်အမှန်ကို ရပြီဖြစ်သောကြောင့် ဝမ်းမြောက်ပျော်ရွှင်မှုများဖြစ်နေကြရာ ပျော်ပွဲရွှင်ပွဲများကို ညလုံးပေါက်ကျင်းပကြလေတော့သည်။

အခမ်းအနားပြီးစီးသွားသောအခါ သူရဇ္ဇသည်လေသာပြတင်းပေါက်မှတစ်ဆင့် နက္ခတ်တာရာကြည့်ရှုသောအဆောင်ဘက်သို့ တစ်ယောက်တည်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှလှမ်းမျှော်ကြည့်လိုက်သောအခါ အနုရာဓတစ်မြို့လုံးအား အပေါ်စီးမှမြင်ရလေသည်။

မီးရောင်စုံများအောက်မှ လေနှင့်အတူပျံ့လွင့်ထွက်လာသော တေးသီချင်းသံများ၊ တီးမှုတ်သံများကို ကြားနေရသည်။

ကောင်းကင်ပြင်ပေါ်တွင် တိမ်ညိုတိမ်မည်းများကင်းစင်လျက် နက္ခတ်တာရာများစုံလင်စွာ ထွန်းလင်းတောက်ပလျက်ရှိရာ နက္ခတ်တာရာသဘင်ပွဲကြီး ဆင်နွှဲနေသည့်အလား လှပနေတော့သည်။

သူရဇ္ဇသည် ကောင်းကင်ပြင်သို့မော့ကြည့်ရင်း သူနှင့် ဘုရင်မလေးကေသရီတို့ ခရီးအတူသွားခဲ့စဉ်ကအဖြစ်အပျက်များအား ပြန်လည်သတိရနေမိသည်။

ကေသရီ၏ပုံရိပ်များ၊ စကားသံများကို ပြန်လည်ကြားယောင်နေမိသည်။

လွန်ခဲ့သောကာလတွင် သူနှင့်ကေသရီတို့သည် ခရီးသွားဖော်သွားဖက်များဖြစ်ခဲ့ကြသော်လည်း ယခုတော့ အခြေအနေက မိုးနှင့်မြေပမာ ကွာခြားသွားခဲ့လေပြီ။

ကေသရီ ယခုကဲ့သို့အခြေအနေမျိုးရောက်သွားသည့်အတွက်တော့ သူရဇ္ဇရင်ထဲမှာ ကျေနပ်ဝမ်းမြောက်နေမိသည်။





ထိုအချိန်မှာ နက္ခတ်အဆောင်ထဲသို့ ဘုရင်မကေသရီတစ်ဦးတည်းဝင်လာသည်။ ကိုယ်ရံတော်များနှင့် အပျိုတော်များက အပြင်ဘက်တွင်ကျန်ရစ်ခဲ့သည်။

သူရဇ္ဇက ကေသရီကိုမြင်သောအခါ ဦးညွှတ်၍အရိုအသေပေးလိုက်သည်။

"ပကာသနအဆောင်အယောင်တွေကို ဟိုတံခါးပေါက်ဝမှာထားခဲ့ပြီး ဒီအခန်းထဲကို သာမန်မိန်းကလေးတစ်ယောက်ဘဝနဲ့ဝင်လာတဲ့ကျွန်မကို ဒီလိုမဆက်ဆံသင့်ပါဘူးအစ်ကိုရယ်"

ဟု တုန်ရင်သောအသံလေးဖြင့် စကားဆိုလေသည်။

"ကိုယ့်ကိုခွင့်လွှတ်ပါကေသရီ"

"လောကမှာ ပကာသနအဆောင်အယောင်ဆိုတာ တဒင်္ဂအခိုက်အတန့်အသုံးဝင်တာကလွဲပြီး ဘဝအတွက်တန်ဖိုးမရှိလှပါဘူး၊ ဘဝခရီးကိုလျှောက်လှမ်းဖို့အတွက်ဆိုရင် အရေးကြီးဆုံးက ဒါတွေမဟုတ်ပါဘူး၊ ကျွန်မအတွက် ဘဝတစ်သက်လုံးကြင်နာမှုတွေနဲ့ အားကိုးထိုက်တဲ့ဘဝအဖော်မွန်သာ အလိုအပ်ဆုံးပါအစ်ကို"

"မင်းဘဝမှာ အဆင့်အတန်းတူညီတဲ့ ဘဝအဖော်မွန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တစ်ချိန်ကျရင်တွေ့လာမှာပါ၊ ဘဝဆိုတာ ကိုယ်ဖြစ်စေချင်သလို စိတ်ကူးယဉ်လို့မရဘူးလေကေသရီ”

“အသည်းနှလုံးရဲ့လိုအပ်ချက်ကို ဘယ်အရာနဲ့မှမလဲနိုင်ပါဘူး၊ ဘာနဲ့မှလည်းအစားထိုးလို့မရပါဘူးအစ်ကို၊ လောကမှာအရေးကြီးဆုံးက စိတ်ချမ်းသာပျော်ရွှင်မှုပဲ၊ စိတ်နှလုံးညှိုးနွမ်းနေရင် ဘယ်လိုပကာသနအဆောင်အယောင်တွေကမှ ပျော်ရွှင်အောင်လုပ်မပေးနိုင်ပါဘူး၊ အစ်ကို ကျွန်မကို ဒီမှာတစ်ယောက်တည်း ထားရက်ခဲ့သလားဟင်”

ကေသရီက သူရဇ္ဇ၏လက်မောင်းတစ်ဖက်ကိုဆုပ်ကိုင်ရင်း ကလေးတစ်ယောက်လိုမေးနေလေသည်။

“မင်းဟာ အရင်ကလို သာမန်မိန်းကလေးတစ်ယောက်မဟုတ်တော့ဘူး၊ ဆုံးဖြတ်ချက်တွေကိုလည်း သာမန်လူတစ်ယောက်လို လွယ်လွယ်နဲ့ချလို့မဖြစ်တော့ဘူးကေသရီ၊ အသည်းနှလုံးနဲ့လွယ်လွယ်ဆုံးဖြတ်ရတဲ့ကိစ္စတွေကို ဦးစားမပေးပါနဲ့၊ ဦးနှောက်နဲ့ဆုံးဖြတ်ရတဲ့လောကသစ္စာတရားကိုသာ ရွေးချယ်သင့်ပါတယ်ကွယ်”

ဟု နှစ်သိမ့်ဖျောင်းဖျပေးလေသည်။

“အစ်ကိုက ကျွန်မရဲ့ဆုံးဖြတ်ချက်တွေကို လွယ်လွယ်





နဲ့ဆုံးဖြတ်တာလို့ ထင်နေလို့လား၊ တကယ်လို့ ကျွန်မဘဝအတွက်စိတ်ချမ်းသာမယ်ဆိုရင် အရာရာကိုစွန့်လွှတ်ဝံ့ပါတယ်အစ်ကိုရယ်”

“အချိန်ဆိုတာ ဘဝအတွက် အကောင်းဆုံးကုစားပေးနိုင်တဲ့သမားတော်ပါပဲ၊ မင်းဘဝမှာ မျိုးဆက်နဲ့အစဉ်အလာကိုထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်တွေ ရှိနေတယ်ကေသရီ၊ မင်းဟာ အခုအချိန်မှာ အနုရာဓရဲ့အရှင်သခင်တစ်ယောက်ဘဝနဲ့ အညတြတစ်ယောက်ကို ကိုယ့်သဘောနဲ့ကိုယ်ရွေးချယ်ပိုင်ခွင့်မရှိဘူး၊ မင်းက အနုရာဓပြည်သူတွေကိုပိုင်သလို အနုရာဓပြည်သူတွေကလည်း မင်းကိုပိုင်ကြတယ်၊ တကယ်လို့ မင်းဟာသာမန်မိန်းကလေးတစ်ယောက်ဆိုရင်တော့ အစ်ကို့အနေနဲ့မင်းကိုငြင်းပယ်စရာအကြောင်းမရှိပါဘူးကေသရီ”

ဟု ပြောလိုက်သောအခါ ကေသရီက မျက်ရည်ဝဲ့သောမျက်လုံးများဖြင့် သူရဇ္ဇအားအတန်ကြာအောင်မော့ကြည့်ပြီးနောက် အဆောင်တွင်းမှပြန်ထွက်သွားလေတော့သည်။

သူရဇ္ဇအနေနှင့်လည်း အသည်းနှလုံးကိုနှုတ်ယူခံလိုက်ရသည့်နှယ် ရင်ထဲမှာဆွေးမြေ့ကြေကွဲလျက်ရှိနေသည်။

ကောင်းကင်ပြင်မှနက္ခတ်တာရာများ၏အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ညဏ်၏အေးမြမှုများက သူ့ရင်ထဲမှအပူကို ဘယ်လိုမှငြိမ်းအေးအောင် မစွမ်းသာကြပေ။

"နေရစ်တော့ချစ်သူရယ်. . ."



## အခန်း(၁၃)

## ရှုပ်ပဲလားသို့သွားရမည့်သူ



www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇပြန်သောအခါ အနုရာဓဘုရင်မ၏ကိုယ်ရံတော်တပ်မှူးများဖြစ်နေကြသော ရောဟဏီနှင့်ပါဝဏတို့က မြို့အဝင်လမ်းအထိ လိုက်ပို့ပေးကြလေသည်။

ကေသရီက လေသာပြတင်းပေါက်မှ သူရဇ္ဇတို့တစ်တွေနန်းဆောင်အတွင်းမှထွက်သွားကြသည်ကို လှမ်းမျှော်ကြည့်နေသည်။ တောင်ကုန်းများအောက်သို့ဆင်းကာနီးသောအခါ သူရဇ္ဇကရပ်၍ လက်ပြနှုတ်ဆက်လေသည်။

ကေသရီကလည်း ပုဝါကလေးပြကာနှုတ်ဆက်သည်။

မြို့အဝင်နားရောက်သောအခါ မြင်းများကိုရပ်လိုက်ကြသည်။ ပါဝဏနှင့်ရောဟဏီတို့က မြင်းပေါ်မှအသီးသီးဆင်း





လိုက်ကြပြီး သူရဇ္ဇရှေ့တွင်ဒူးထောက်ထိုင်ကာ ဦးညွှတ်လိုက်ကြသည်။

"သခင်နဲ့အတူမလိုက်နိုင်တော့တဲ့အတွက် ကျွန်ုပ်တို့အားခွင့်လွှတ်ပါ၊ ကျွန်ုပ်တို့မှာ သခင့်ရဲ့ကျေးဇူးတွေဆပ်မကုန်အောင်ရှိနေပါတယ်၊ တစ်နေ့ကျရင် သခင့်ရဲ့ကျေးဇူးတွေကို ပြန်ဆပ်နိုင်အောင်ကြိုးစားပါ့မယ်"

"ဟုတ်ပါတယ်သခင်၊ ကျုပ်ရဲ့ဆန္ဒဆိုရင် သခင်နဲ့ပဲအတူပြန်လိုက်လိုပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ မင်းသမီးရဲ့အနားမှာနေရမှာမို့ သခင်နဲ့အတူပြန်မလိုက်နိုင်တာခွင့်လွှတ်ပါတော့"

"ဒီအတွက် ကျုပ်ကိုတောင်းပန်နေစရာမလိုပါဘူး၊ မင်းတို့သာ ကေသရီအနားမှာ တာဝန်ကျေပွန်စွာနဲ့စောင့်ရှောက်ရစ်ကြပေတော့"

ထိုအခါ ပါဝဏက ရှေ့သို့တိုးလာပြီး. . .

"သခင့်ကိုပြောစရာရှိပါတယ်"

ဟု ခွင့်တောင်းလေသည်။

"ပြောစရာရှိတာပြောပါ ပါဝဏ"

"သခင်က ကျုပ်ကို သာမန်တိုက်ခိုက်ရေးတန်းသားတစ်ယောက်လို့ထင်နေပေမယ့် တကယ်တော့ သာမန်လူတစ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညဉ့်ဦးယံကျော်၍ သန်းခေါင်ယံအချိန်သို့ ချဉ်းနင်းဝင်ရောက်စပြုနေသောအချိန်ဖြစ်သည်။

ထိုအချိန်တွင် အနုရာဓနက္ခတ်ဆောင်ရင်ပြင်ပေါ်၌ လူတစ်ယောက်ရှိနေသည်။

ထိုသူကား အခြားမဟုတ်ပေ။

နက္ခတ်ဆရာကြီး 'ဝေခနိ'ပင်ဖြစ်တော့သည်။

ဝေခနိသည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော်လည်း ကောင်းကင်မှနက္ခတ်တာရာများအား ကောင်းစွာကြည့်ရှုနိုင်ဆဲပင်ရှိသေး၏။

သူသည် တစ်ကိုယ်လုံးဝတ်ရုံအဖြူကြီးကိုဝတ်ဆင်ထားပြီး ကြယ်တာရာအမှတ်အသားပါသောတောင်ဝှေးကြီးအား ကိုင်ထားလေသည်။ နက္ခတ်ဆရာကြီးဝေခနိ၏ဦးခေါင်းပေါ်မှ ဆံပင်ရှည်များနှင့်မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများမှာလည်း ဆွတ်ဆွတ်ဖြူလျက်ရှိကာ လေအဝှေ့၌ တလူလူလွင့်လျက်ရှိသည်။

နက္ခတ်ဆရာကြီးသည် ကောင်းကင်ပေါ်၌ ထွန်းလင်းတောက်ပလျက်ရှိသော နက္ခတ်တာရာများအားကြည့်ရှုနေရင်း ထူးခြားမှုများကိုတွေ့ရလေသည်။ ထိုထူးခြားမှုများကြောင့် အပြောင်းအလဲများစွာ ဖြစ်လာမည်ကိုသိရပြီး ထိုအပြောင်းအလဲများမှာလည်း ကောင်းသောအပြောင်းအလဲများ မဟုတ်ကြောင်းကို တွေ့ရှိရပေသည်။





ထိုအချိန်မှာပင် နက္ခတ်စင်ရင်ပြင်ပေါ်သို့ ဘုရင်မဘရဏီဝင်လာလေသည်။ ကိုယ်ရံတော်နှင့်အပျိုတော်များက အတွင်း၌ကျန်ရစ်ခဲ့ကြပြီး ဘုရင်မတစ်ဦးတည်းဝင်လာခြင်းဖြစ်၏။

သူသည် နက္ခတ်ဆရာကြီးဝေခနိအနီးသို့လျှောက်လာလေသည်။ နက္ခတ်ဆရာကြီးက ဘုရင်မအားဦးညွှတ်၍ အရိုအသေပြုလိုက်လေသည်။

"ကောင်းသောညချမ်းအချိန်ဖြစ်ပါတယ်သခင်မ"

ဘုရင်မက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး. . .

"ဘယ်လိုလဲနက္ခတ်ဆရာကြီး၊ တစ်လောက ကောင်းကင်ပြင်ပေါ်မှာ ပြောင်းလဲမှုတွေဖြစ်ပေါ်နေတယ်ဆိုတာ တကယ်ပဲလား၊ အခုရော ဘယ်လိုပြောင်းလဲမှုတွေထပ်တွေ့ရသလဲ ပြောပြပါဦး"

ထိုသို့မေးလိုက်သောအခါ နက္ခတ်ဆရာကြီးမှာ ဦးခေါင်းကိုငုံ့လျက် ငြိမ်သက်စွာစဉ်းစားနေလေသည်။

သူတွေ့ရှိထားသော နက္ခတ်တာရာအပြောင်းအလဲများနှင့် ပတ်သက်သောအကြောင်းအရာများအား ဘုရင်မအား



www.burmeseclassic.com

www.burmeseclassic.com



ယောက်မဟုတ်ပါဘူး၊ ပုတ္တာရမြို့က အထောက်တော်တစ်ယောက်ဖြစ်ပါတယ်"

"ဟင်. . ."

သူရဇ္ဇမျက်နှာပြင်ပေါ်၌ တအံ့တသြဖြစ်သွားလေတော့သည်။ ပုတ္တာရမြို့သည် သူ၏ဖခင် ဥတ္တရဘုရင်ထူထောင်ခဲ့သောနေရာဖြစ်သလို သူ၏မွေးရပ်ဌာနေလည်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ခန့်က ဘုရင်စိတြ၏တိုက်ခိုက်မှုကြောင့် မြို့ပျက်ကာ ဘုရင်ဥတ္တရကျဆုံးခဲ့သည်။ သူရဇ္ဇ၏မိခင် စန္ဒာဒေဝီမိဖုရားသည် သားတော်ကလေးအားခေါ်ပြီး တောအထပ်ထပ်တောင်အသွယ်သွယ်ကျော်ဖြတ်ကာ ရန်သူများလက်မှလွတ်အောင်ပြေးခဲ့ရင်းမှ အဘိုးသူတော်စင်ကြီးက ကယ်တင်စောင့်ရှောက်ထားခဲ့သည်။

သူရဇ္ဇမှာလည်း အဘိုးသူတော်စင်ကြီးပြုစုစောင့်ရှောက်မှုဖြင့် ကြီးပြင်းလာခဲ့ရပေသည်။

"မင်းက ဘာကိစ္စနဲ့ဒီကိုရောက်လာတာလဲ"

"သခင်တို့ရဲ့သတင်းကို လိုက်ပြီးစုံစမ်းနေတာပါ"

"ဘာအတွက်လဲ"

"အခုဆိုရင် ပုတ္တာရတိုင်းပြည်မှာ အုပ်ချုပ်မယ့်သူမရှိ





တော့ပါဘူး၊ ဒါကြောင့် ဥတ္တရဘုရင်ရဲ့မျိုးဆက်ကိုရှာနေတာပါ၊ လောကမှာလည်း ဥတ္တရဘုရင်ရဲ့မျိုးဆက်ကလည်း သခင်တစ်ယောက်တည်းပဲရှိပါတယ်၊ သခင် ပုတ္တာရမြို့ကိုပြန်သင့်ပါတယ်"

"ဒီကိစ္စတွေက ကျုပ်တစ်ယောက်တည်းဆုံးဖြတ်လို့မရဘူး၊ ခွန်လွန်တောင်တန်းပြန်ရောက်မှ အဘိုးနဲ့တိုင်ပင်ကြည့်ရဦးမယ်၊ ကဲ. . မင်းတို့လည်းပြန်ကြပေတော့၊ ကျုပ်တို့လည်းသွားတော့မယ်"

ဟုဆိုကာ သူရဇ္ဇနှင့်လူပုလေးမိတ္တာတို့သည် မြင်းကိုယ်စီဖြင့် ခွန်လွန်တောင်ဘက်သို့ပြန်ခဲ့ကြလေသည်။

တကယ်တော့ ခွန်လွန်တောင်တန်းများသည် လူ့ဘဝအတွက်မှီခိုအားထားရာ၊ မွေးဖွားကြီးပြင်းရာ စိတ်ချမ်းမြေ့ဖွယ်ရာကောင်းသောနေရာများဖြစ်ပေသည်။

ခွန်လွန်တောင်တန်းသို့ပြန်ရောက်သောအခါ မိခင်ဖြစ်သူအားကန်တော့ကာ မိမိဆောင်ရွက်ရန်ကိစ္စအဝဝတို့ ပြီးမြောက်အောင်မြင်ခဲ့ကြောင်း ပြောပြလေသည်။

မိခင်ဖြစ်သူစန္ဒာဒေဝီက ဖြူစင်သောအပြုံးဖြင့်. . .

"ငါ့သား. . လုပ်စရာတွေအများကြီးကျန်သေးတယ်၊ မင်းဆောင်ရွက်ရမယ့်တာဝန်တွေ အများကြီးကျန်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော့ပြလေသည်။

"မင်းရဲဖခင်အတွက် သွေးကြွေးဆပ်ရဦးမယ်၊ ပုတ္တရ အမွေကိုပြန်ရအောင် ကြိုးစားရဦးမယ်၊ မိဘရဲ့အမွေကို စောင့် ထိန်းနိုင်မှ သားကောင်းရတနာ၊ သမီးကောင်းရတနာပီသမယ် သားတော်"

ဟု မှာကြားလေသည်။

သူ မိခင်အားကန်တော့ပြီး အဘိုးရှိရာသို့ လိုက်သွား လေသည်။ အဘိုးက နေရောင်ခြည်ကောင်းစွာရသော ကျောက် တောင်ထိပ်တွင် ယောဂကျင့်စဉ်တစ်ခုကို ကျင့်နေသည်။

တောက်ပသောနေရောင်ခြည်သည် မြူနှင်းများအား ဖောက်ထွင်းလျက် တောင်စွန်းပေါ်သို့ထိုးဆင်းကျကာ သူတော် စင်ကြီး၏မျက်နှာပြင်ပေါ်တွင် ရောင်ပြန်များထင်ဟပ်လျက် ရှိသည်။

အရိပ်များက မျက်နှာပြင်ပေါ်မှအရေအကြောင်းများ ပေါ်သို့ ဖြတ်သန်းပြေးလွှားလျက်ရှိနေသည်။

တောတန်းများဆီမှ ကျေးငှက်ကလေးများအော်သံက လေနှင့်အတူ ပျံ့လွင့်လာသည်။

"ငါ့မြေး. . ပြန်ရောက်လာပြီလား"





"ရောက်လာပါပြီအဘိုး၊ တာဝန်ဟူသမျှပြီးဆုံးအောင် ဆောင်ရွက်ပေးခဲ့ပါတယ်"

အဘိုးက အသာအယာခေါင်းညိတ်ပြလိုက်လေသည်။

"ပျားရည်လိုချင်တဲ့ပျားဟာ မိုင်ထောင်ချီဝေးတဲ့နေရာ တွေမှာ ပျားရည်ရမယ့်ပန်းပွင့်ကိုရှာရသလို ရည်ရွယ်ချက်ရှိသူ အဖို့လည်း ဘယ်လောက်ကြမ်းတမ်းခက်ထန်တဲ့အခက်အခဲတွေ ကို ကြုံရပေမယ့် ကိုယ့်ရဲ့ရည်ရွယ်ချက်အောင်မြင်အောင် ဆောင် ရွက်ရတယ်ငါ့မြေး"

သူရဇ္ဇက ခေါင်းငုံ့၍နားထောင်နေသည်။

"ငါ့မြေး. . အခုဆောင်ရွက်ခဲ့တာ သာမန်ကိစ္စတစ်ခု သာပဲဖြစ်တယ်၊ ဒီကိစ္စကိုဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ဒီထက်ကြီး ကျယ်တဲ့ကိစ္စကိုလည်း ငါ့မြေးအောင်မြင်အောင်ဆောင်ရွက်နိုင် မယ်လို့ အဘိုးယုံကြည်ပါတယ်၊ ဘယ်အရာမဆို၊ ဘယ်အလုပ် မဆို ရည်မှန်းချက်ရှိတဲ့အလုပ်တိုင်း အခက်အခဲအနှောင့် အယှက် တော့ ရှိစမြဲပါပဲ၊

ဒါပေမယ့် တွေ့လာမယ့်မပြောပလောက်တဲ့အခက်အ ခဲတွေကို ကျော်ဖြတ်နိုင်မှ ရည်မှန်းချက်ပန်းတိုင်ကိုရောက်နိုင် မယ်လူကလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အဘိုး"

"မိုးချုန်းသံတွေကိုကြောက်လန့်ပြီး အပြင်မထွက်ဘဲနေရင် မိုးရေရဲ့အေးမြမှုအရသာကို ဘယ်တော့မှရလာမှာမဟုတ်ဘူး၊ မိုးချုန်းသံဆိုတဲ့အနှောင့် အယှက်ဟာ မိုးရေရဲ့သန့်စင်အေးမြခြင်းရှေ့ကလာတဲ့ အနှောင့် အယှက်ပဲ၊ ဒီလိုပဲလူကလေး၊ အကောင်းကိုလိုချင်ရင် အဆိုးကိုရင်မဆိုင်ဘဲနဲ့ ဘယ်တော့မှ မရဘူး၊ သားကောင်းရတနာလိုချင်ရင် အသက်စွန့်ပြီးမွေးဖွားရတဲ့အလုပ်ကို မလုပ်ဘဲနဲ့မရနိုင်ဘူး"

"ဟုတ်ပါတယ်အဘိုး"

"အချိန်နဲ့အခွင့်အရေးဆိုတာမျိုးက စောင့်ဆိုင်းနေသူအတွက် အလွန်နှေးကွေးလွန်းသလို ကြောက်လန့်နေသူတွေအတွက်ကတော့ အလွန်မြန်ဆန်တယ်၊ ပူဆွေးသောကရောက်နေသူတစ်ဦးအတွက် အချိန်ဟာ အလွန်ကြာညောင်းတတ်ပေမယ့် ပျော်ရွှင်နေသူတွေအတွက်ကတော့ အတော့်ကိုမြန်နေတတ်တယ်လူကလေး၊ ဒါကြောင့် ငါ့မြေးအတွက် အခွင့်အရေးတစ်ခုအနေနဲ့ ယခုအချိန်ကစပြီး ဆောင်ရွက်ရလိမ့်မယ်"

"အဘိုးပြောတာကို ကျွန်တော်သဘောပေါက်ပါတယ်၊





ဘာလုပ်ရမယ်ဆိုတာသာ ပြောပြပါအဘိုး"

သူတော်စင်အဘိုးက မျက်လုံးဖွင့်ပြီး သူရဇ္ဇအားကြည့်သည်။

"ငါ့မြေးဟာ ပုဏ္ဏရရဲ့မျိုးဆက်သွေးပဲ၊ ဒီတော့ မင်းပုဏ္ဏရကိုပြန်ပြီး မိဘရဲ့အမွေကိုရအောင်သိမ်းပိုက်ပေတော့ လူကလေး၊ ယခုအချိန်မှာ နက္ခတ်တာရာတွေကလည်း ငါ့မြေးကံကြမ္မာအတွက် ကောင်းနေပြီ"

"အဘိုးပြောတဲ့အတိုင်း အောင်မြင်အောင်ဆောင်ရွက်ပါ့မယ်"

"အခု ပုဏ္ဏရမြို့မှာအုပ်ချုပ်မယ့်ဘုရင်မရှိတော့ မင်းမဲ့တိုင်းပြည်ကြီးလို ဗရမ်းဗတာဖြစ်နေတယ်၊ အခု သူတို့တွေ ဘုရင်လုပ်ဖို့အတွက် သူ့ရဲကောင်းရွေးပွဲလုပ်ကြလိမ့်မယ်၊ ဒီပွဲမှာ ငါ့မြေးဝင်ပြိုင်ပြီး အနိုင်ရအောင်ကြိုးစားပေတော့၊ ငါ့မြေးကို အဘိုးငယ်စဉ်ကတည်းကသင်ကြားပေးခဲ့တဲ့ပညာတွေကို အသုံးချပြီး အောင်မြင်အောင်ကြိုးစားပေတော့လူကလေး"

"ဟုတ်ကဲ့အဘိုး"

"အခု ငါ့မြေး ကေလာသတောင်ကိုသွားရမယ်၊ ကေလာ



www.burmeseclassic.com

www.burmeseclassic.com



သတောင်ထိပ်ရဲ့တစ်နေရာမှာ ထူးခြားတဲ့ကျောက်နံရံကြီးတစ်ခုတွေ့လိမ့်မယ်၊ အဲဒီကျောက်နံရံကြီးဟာ အကြောင်းတိုက်ဆိုင်တဲ့သူတွေအတွက် တစ်ခါတစ်ရံတံခါးဖွင့်ပေးတယ်၊ ငါ့မြေးအဲဒီကျောက်တံခါးကြီးဖွင့်တဲ့အချိန်ကိုစောင့်ပြီး အတွင်းကိုရအောင်ဝင်ပါ"

"ဟုတ်ကဲ့"

"အတွင်းရောက်ရင် သူတော်စင်အဘိုးတစ်ဦးနဲ့တွေ့လိမ့်မယ်၊ သူက မင်းကိုပုဏ္ဏရနဲ့ပတ်သက်တဲ့ အမွေပစ္စည်းတွေပေးလိမ့်မယ်၊ အဲဒီပစ္စည်းတွေဟာ မင်းဘဝအတွက် အထောက်အကူပြုလိမ့်မယ်၊ အဲဒီပစ္စည်းတွေရတာနဲ့ မင်း ပုဏ္ဏရရဲ့သူရဲကောင်းရွေးပွဲကို အမီသွားပေတော့လူကလေး"

သူရဇ္ဇက အဘိုးကိုခေါင်းညိတ်ပြရင်း ရိုသေစွာကန်တော့လေသည်။

"ငါ့မြေး . . လိုအင်ဆန္ဒအဝဝပြည့်စုံအောင်မြင်ပါစေ"

ဟု ဆုပေးလေသည်။

"ဒါထက်အဘိုး ကေလာသတောင်ပေါ်က ကျောက်နံရံကြီးရှိတဲ့နေရာဟာ ဘယ်နေရာလဲဟင်"





"အဲဒီနေရာက သူတော်စင်တွေပျော်မွေ့ရာအရပ်ဖြစ်တဲ့ လူတွေပြောနေတဲ့ 'ရှမ်ဗဲလား'ဆိုတဲ့နေရာပဲပေါ့ကွယ်"

ဟုဆိုကာ သူရဇ္ဇအား ကျောခိုင်း၍ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

## ကေလာသတောင်ထွတ်ပေါ်မှ ပုဏ္ဏရအမွေ



ဟိမဝန္တာတောင်၌ တောင်ထွတ်ပေါင်း(၄၀)ကျော်ရှိရာ ၎င်းတို့အနက် ကေလာသတောင်ထွတ်သည်လည်း အမြင့်ဆုံး တောင်ထွတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဟိမဝန္တာတောင်အကြောင်းကို ရှေးဟောင်းကျမ်းစာများနှင့် ပါဠိစာပေများတွင် တခမ်းတနားရေးသားဖော်ပြကြလေရာ အချို့က ဟိမဝန္တာတောင်မင်းသည် ကောင်းကင်တွင် ယူဇနာငါးရာမျှ တိုးထွက်နေသည်ဟုဆိုသည်။

ယူဇနာသုံးထောင်ပြန့်ပြူးတည်ရှိနေ၏။ တောင်ထွတ်တောင်ထိပ်ရှစ်သောင်းလေးထောင်တို့ဖြင့် တန်ဆာဆင်ထား၏။ မြစ်ကြီးငါးရာစီးဆင်း၏။ သားရဲတိရိစ္ဆာန်ကြီးတို့၏ နေပိုင်ပျော်မွေ့ရာအိမ်ဂေဟာသဖွယ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးအပြားပြားသောပန်းများ၊ ဂမုန်းများ၊ ဆေးဘက်ဝင်သစ်ပင်တို့မှ အမွှေးနံ့သာများက ကြိုင်လှိုင်လျက်ရှိပေသည်။ ဟိမဝန္တာတောင်ပေါ်၌ နတ်ဆေးသြသဓများပင်ရှိသည်။

ဟိမဝန္တာတောင်သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာနေရာလည်းဖြစ်၏။ ရှမ်ဗဲလားသည် ကေလာသတောင်၏အနီးဝန်းကျင်၌သာရှိရမည်ဟု ထင်မြင်ယုံကြည်ကြသည်။

အဘယ်ကြောင့်ဆိုသော် ဂင်္ဂါမြစ်၏ရေဝေကုန်းတန်းသည် ကေလာသတောင်ထွတ်အနီးတွင်ရှိသည်ဟု ထင်မြင်ယူဆကြသောကြောင့်ဖြစ်ပေသည်။

သူရဲ့သည် ဓားတစ်လက်၊ မြင်းတစ်စီး၊ ရိက္ခာအနည်းငယ်ဖြင့် ခွန်လွန်တောင်တန်းဘက်မှ ကေလာသတောင်ရှိရာဘက်သို့ ခရီးနှင်ခဲ့သည်။

တောအထပ်ထပ် တောင်အသွယ်သွယ်ကိုကျော်ဖြတ်ခဲ့ရသည်။ ကေလာသတောင်စွန်းတစ်နေရာသို့ရောက်သောအခါ ထူးဆန်းသောဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကိုတွေ့ရသည်။





ထိုဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေကြသောဘုန်းတော်ကြီးများမှာ အသက်မည်ရွေ့မည်မျှ၊ ဝါတော်မည်ရွေ့မည်မျှရှိသည်ကို မခန့်မှန်းနိုင်လောက်အောင်ရှိပေသည်။

သူရဲ့သည် ထိုဘုန်းတော်ကြီးကျောင်း၌ ခရီးတစ်ထောက်ဝင်ရောက်နားလေသည်။ ဘုန်းတော်ကြီးများက သူ့အား အလာပသလာပစကားများပြောဆိုခြင်းမပြုကြဘဲ ကိုယ့်အလုပ်ကိုယ်လုပ်နေကြသည်။ ထို့နောက် သူ့အား မွှေးကြိုင်သင်းပျံ့ပြီး လွန်စွာအရသာရှိလှသောသစ်သီးများကို ချကျွေးသည်။

ထိုသစ်သီးများကိုစားလိုက်ရသောအခါ တခဏအတွင်းမှာပင် မောပန်းမှုများပြေပျောက်သွားကာ အားအင်ပြည့်ဖြိုး၍ လန်းဆန်းမှုများဖြစ်လာသည်။

ထိုကျောင်းတော်ကြီး၌ ကျမ်းစာအုပ်များထားသောပိဋကတ်တိုက်ကြီးတစ်တိုက်ရှိလေသည်။

ထိုပိဋကတ်တိုက်ကြီးတွင် ဗုဒ္ဓကျမ်းစာအုပ်များ ထောင်သောင်းမကရှိနေသည်။ ထို့ပြင် လျှို့ဝှက်နက်နဲသည့် အရှေ့တိုင်းပညာရပ်များကိုရေးသားထားသည့် ပုရပိုဒ်များစွာတို့လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းတော်ကြီးရှိရာ နောက်ဘက်ကျောက်နံရံကြီးပေါ်တွင် ထူးခြားသည့်စကြာအမှတ်အသားကြီးတစ်ခုကို ရေးထွင်းထားလေသည်။ ထိုစကြာအမှတ်အသားကြီးအား အဝေးမှပင်လှမ်းမြင်နိုင်လေသည်။

ထိုဘုန်းတော်ကြီးကျောင်းတည်ရှိသည့် ကေလာသတောင်၏တစ်ဘက်တွင် မျက်စိတစ်ဆုံးကျယ်ပြောသော ကန်တော်ကြီးနှင့် ချိုင့်ဝှမ်းကြီးတစ်ခုလည်းရှိပေသည်။

ထိုချိုင့်ဝှမ်းကြီးမှာလည်း ကျယ်ပြန့်လွန်းသဖြင့် အနားသတ်အား ခန့်မှန်းရန်မလွယ်ကူလှပေ။

ထိုချိုင့်ဝှမ်းကြီးအနီးတွင် သစ်သီးဝလံခြံများ၊ ဥယျာဉ်များ၊ သူတော်စင်တို့တရားအားထုတ်ရာ ကျောင်းငယ်ကလေးများလည်းရှိပေသည်။

သူရဇ္ဇသည် နှင်းမှုန်များကြားဝယ် လခြမ်းပုံသဏ္ဍာန်ရှိသော ဘုန်းတော်ကြီးကျောင်းကြီး၌ ခေတ္တတည်းခိုနေစဉ် ထိုကျောင်း၌သီတင်းသုံးနေသော ဘုန်းတော်ကြီးတစ်ပါးတစ်လေနှင့်မျှ စကားပြောခွင့်မရခဲ့ပေ။

ဘုန်းတော်ကြီးများမှာ နေ့ဘက်၌ဖြစ်စေ၊ ညဘက်၌ဖြစ်





စေ ၎င်းတို့၏တရားအလုပ်များနှင့်သာနေကြပေရာ သူ့အတွက်အချိန်မပေးနိုင်ကြပေ။

သူရဇ္ဇစိတ်တွင်း၌မူ ကေလာသတောင်ပေါ်၌ရှိသည်ဆိုသော ကျောက်ထံရုံကြီးများအကြောင်းကို ဘုန်းတော်ကြီးများကသူ့အားပြောပြလျှင်ကောင်းမှာပဲဟု တွေးနေမိသည်။

ညဦးပိုင်းအချိန်သို့ရောက်သောအခါ သူ့အတွက် စကားပြောဖော်တစ်စုံတစ်ယောက်မှမရှိသဖြင့် ရသည့်အချိန်အားကောင်းမွန်စွာအသုံးချရန်အတွက် ဘုရားခန်းအတွင်းသို့ဝင်ကာတရားထိုင်လေတော့သည်။

သူသည် ဘုရားခန်းသို့ရောက်သောအခါ စိတ်အာရုံကိုစုစည်းပြီး တည်ငြိမ်မှုရသောအခါ အဘိုးသင်ကြားပြသပေးသည့်ယောဂကျင့်စဉ်တစ်ခုကိုကျင့်လေသည်။

သူအားထုတ်သောကျင့်စဉ်မှာ ဘတ္တိယောဂကျင့်စဉ်ပင်ဖြစ်ပေသည်။

ဘတ္တိယောဂကျင့်စဉ်မှာ မြတ်စွာဘုရားအားယုံကြည်ကိုးကွယ်ခြင်းနှင့် သစ္စာပြုခြင်းအတွက် အားထုတ်သောကျင့်စဉ်ပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျင့်စဉ်မှာ မြတ်စွာဘုရားအပေါ် ရှိသေဝတ်ပြုခြင်းနှင့် ကြည်ညိုသဒ္ဓါစိတ်ကို ပွားများစေသောကျင့်စဉ်ပင်ဖြစ်ပေသည်။

ဘတ္တတိကျင့်စဉ်ထဲသို့ စိတ်အာရုံနှစ်သွားသည်နှင့် ပတ်ဝန်းကျင်နှင့်လောကကြီးအား မေ့လျော့သွားလေတော့သည်။

အချိန်မည်မျှကြာအောင်နစ်မြောသွားသည်မသိပေ။

သူ၏အာရုံထဲတွင် ဘုန်းတော်ကြီးတစ်ပါးကြွလာသည်ကိုမြင်နေရသည်။ ထိုဘုန်းတော်ကြီးက အနီးသို့ရောက်သည်နှင့် ဤသို့ပြောလေသည်။

"ကျုပ်တို့က တရားအလုပ်ကိုသာလုပ်နေကြတာဆိုတော့ သာမန်ပုဂ္ဂိုလ်များနှင့် စကားထိုင်ပြောနေဖို့ အချိန်မရနိုင်ပါ။ ယခု သင်က ဘုရားအလုပ်ကိုလုပ်နေပြီဆိုမှ တရားလုပ်သူချင်းဆက်သွယ်လို့ရတာဖြစ်တယ်၊ သင်တွေ့ချင်တဲ့နေရာ၊ ရောက်ချင်တဲ့ကေလာသတောင်ရဲ့ တစ်နေရာမှာရှိတဲ့ ကျောက်နံရံကြီးရှိတဲ့နေရာကိုကျုပ်ပြောပြပေးမယ်၊ သေချာစွာမှတ်ထားပေတော့"

ဟုဆိုကာ လမ်းညွှန်ပြောပြလေသည်။

ထို့နောက် မြင်ကွင်းမှပြန်လည်ပျောက်ကွယ်သွားလေသည်။ နောက်တစ်နေ့ တရားအလုပ်မှနားသောအခါ ဘုန်းတော်





ကြီးတစ်ပါး သူ့ဆီသို့ရောက်လာပြီး သစ်သီးများနှင့်ဆေးရည်တစ်ခွက်ကိုလာပေးလေသည်။

ထိုဆေးရည်မှာ သင်းပျံ့သောရနံ့တစ်မျိုးရှိ၍ ထူးခြားသောအရသာရှိသည်။ သောက်လိုက်သောအခါ ရင်ထဲမှာနွေးတက်လာပြီး ထူးထူးခြားခြားခွန်အားများဖြစ်ပေါ်လာသည်။

ထူးခြားမှုမှာ နောက်တစ်နေ့နံနက်လင်းသည့်တိုင် ညကအာရုံထဲတွင် ဘုန်းတော်ကြီးလာပြောသောလမ်းများကို ကောင်းစွာမှတ်မိနေခြင်းပင်။

နံနက်လင်း၍ နှင်းမှုန်များကြားမှ အလင်းရောင်များတစ်စွန်းတစ်စပေါ်ထွက်လာသောအခါ သူရင့်သည် ဘုန်းတော်ကြီးများအား ရှိသေစွာကန်တော့ပြီး ဆက်လက်၍ခရီးထွက်ခဲ့လေသည်။

သူသည် ကျောက်နံရံတစ်နေရာ၌ရှိသော ထူးဆန်းသောဘုန်းတော်ကြီးကျောင်းမှထွက်ခဲ့ပြီး ဘုန်းတော်ကြီးညွှန်ပြသောတောင်ကျောအတိုင်းခရီးဆက်ခဲ့သည်။

မြူနှင်းများကြားတွင် အလင်းရောင်တစ်စွန်းပေါ်စရနေပြီဖြစ်ရာ သွားရမယ့်လမ်းအား ကောင်းစွာမြင်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ဝက်ခရီးမျှသွားမိသောအခါ အပေါ်သို့တက်သော တောင်တက်လမ်းတစ်ခုကိုတွေ့ရသည်။

"ညက ဘုန်းတော်ကြီးပြောပြတဲ့ အထက်ကိုတက်တဲ့ လမ်းဆိုတာ ဒီနေရာပဲဖြစ်မယ်"

ဟုဆိုကာ ကျောက်လှေကားများပေါ်မှ အပေါ်သို့တက်ခဲ့လေသည်။ အတန်ကြာအောင်တက်မိသောအခါ သူ၏ဘေးပတ်ဝန်းကျင်တစ်ဝိုက်၌ ဘာမှမတွေ့ရတော့ဘဲ မြူနှင်းများနှင့် တိမ်တိုက်များကိုသာတွေ့ရတော့သဖြင့် တောင်ထွတ်ပေါ်သို့ ရောက်လာပြီဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

တစ်ခါတစ်ရံ နှင်းမှုန်များပါးသွားသောနေရာသို့ရောက်သောအခါ အောက်ဘက်တွင် ကျန်ရစ်ခဲ့သောတောင်ထွတ်အချို့ကို ခပ်ရေးရေးမြင်နိုင်သေး၏။

ဟိမဝန္တာတောင်တန်းများတွင် တစ်ခုပါဝင်သော ကေလာသတောင်ထွတ်မှာ ပေပေါင်းသောင်းကျော်မြင့်သောတောင်ထွတ်များတွင် တစ်ခုအပါအဝင်ဖြစ်ပေသည်။

အပေါ်သို့ရောက်လာလေလေ တိမ်တိုက်ထဲမှာ လမ်းလျှောက်နေရသကဲ့သို့ထင်ရလောက်အောင် မြင့်မားလှပေသည်။





တစ်နေရာသို့ရောက်သောအခါ ရှေ့သို့ဆက်သွား၍မရတော့ပေ။ အဘယ်ကြောင့်ဆိုသော် ရှေ့တွင် ကျောက်နံရံကြီးတစ်ခုဆီးခံနေသောကြောင့်ဖြစ်သည်။

"အဘိုးပြောလိုက်တဲ့ကျောက်နံရံကြီးဆိုတာ ဒီနေရာပဲဖြစ်မယ်ထင်တယ်၊ ရှေ့ဆက်သွားလို့ကလည်း ဘယ်လိုမှမရနိုင်တော့ဘူး"

ထိုနေရာသို့ရောက်သောအခါ အမော်ဖြေရင်း သူ့ကိုယ်တွင်တစ်ခုခုထူးခြားနေသည်ဟု ထင်မိလေသည်။

တခြားတော့မဟုတ်ပေ။

လွန်စွာအေးလှသော တောင်ထွတ်ပေါ်ရောက်နေသည့်တိုင် သူ့ကိုယ်မှာ မြေပြန့်တွင်နေရသကဲ့သို့ အအေးဒဏ်ကိုခံနိုင်နေခြင်းပင်။

"ဘုန်းတော်ကြီးတွေတိုက်လိုက်တဲ့ဆေးကြောင့် ဖြစ်မယ်ထင်တယ်၊ မဟုတ်ရင် ဒီလောက်မြင့်တဲ့တောင်ပေါ်မှာနေရတာ ခံနိုင်မှာမဟုတ်ဘူး"

ဟု သူတွေးနေမိသည်။

"အဘိုးမှာလိုက်သလိုဆိုရင် ဒီကျောက်နံရံကြီးပွင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်အထိ ဒီနေရာကပဲ စိတ်ရှည်ရှည်နဲ့စောင့်ရမယ်ထင်တယ်"

ဟုတွေးကာ ကျောက်နံရံဘေးတစ်နေရာရှိ လေကွယ်သောကျောက်ပြားတစ်ချပ်ပေါ်တွင် ထိုင်လိုက်သည်။

"အဘိုးပြောလိုက်တဲ့စကားတစ်ခွန်းရှိတယ်၊ *'အချိန်ဟာ စောင့်ဆိုင်းနေသူအတွက် လွန်စွာခံနိုးကွေးတယ်'*လို့ဆိုတယ်၊ ငါဒီအတိုင်းထိုင်စောင့်နေတာနဲ့စာရင် အကျိုးရှိတဲ့အလုပ်တစ်ခုခုလုပ်ရင်း စောင့်နေတာပိုကောင်းမယ်"

ဟုတွေးမိကာ ကျောက်ပြားပေါ်တွင်ထိုင်ရင်း စိတ်ကိုစုစည်းပြီးလျှင် ယောဂကျင့်စဉ်ကိုစတင်ကျင့်လေတော့သည်။

အချိန်မည်မျှကြာသွားသည်မသိပေ။

အာရုံထဲမှာ ကျောက်နံရံကြီး ထက်ခြမ်းကွဲ၍ပွင့်နေသည်ကိုတွေ့ရသဖြင့် မျက်လုံးကိုဖျတ်ကနဲဖွင့်ကြည့်လိုက်လေသည်။ သူ့ရှေ့မှမြင်ကွင်းကိုတွေ့လိုက်ရသောအခါ ကိုယ့်မျက်စိကိုပင်မယုံနိုင်လောက်အောင် အံ့သြသွားတော့သည်။

သူ့ရှေ့မှကျောက်နံရံကြီးမှာ ထက်ခြမ်းကွဲ၍ပွင့်နေလေပြီ။ သူရပ်နေရာမှထသွားပြီး ပွင့်နေသောကျောက်နံရံကြီးနေရာမှ အတွင်းသို့လှမ်းကြည့်လိုက်သောအခါ လယ်ကွင်းများ၊





ဥယျာဉ်ခြံများ၊ သီးပင်စားပင်များ၊ တရားအားထုတ်ရာ ကျောင်းကလေးများအား လှမ်းမြင်ရသည်။

သူ အံ့သြစိတ်ဖြင့် အတွင်းသို့ဝင်သွားလေသည်။

ဥယျာဉ်ခြံအဝင်မှ ယောဂီကျောင်းတစ်ကျောင်းရှေ့သို့ရောက်သောအခါ အဖြူရောင်ဝတ်ရုံဖြင့် အဘိုးအိုတစ်ဦးထွက်လာသည်။

အဘိုးအို၏အသက်အရွယ်ကို ခန့်မှန်းရန်ခက်လှပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများမှာ ဆွတ်ဆွတ်ဖြူလျက်ရှိသည်။

အဘိုးအိုက သူရဇ္ဇအား ပြုံး၍နှုတ်ဆက်ယေသည်။ သူရဇ္ဇမှာ ဇဝေဇဝါဖြင့် အဘိုးအိုအနီးသို့ကပ်သွားပြီး ရိုသေစွာကန်တော့လိုက်သည်။

"ငါ့မြေးကို ခွန်လွန်တောင်တန်းက အဘိုးကလွှတ်လိုက်တာဖြစ်မယ်၊ သူနဲ့အဘိုးနဲ့က တရားကျင့်ဖော်ကျင့်ဖက်၊ တရားဆွေးနွေးဖော်ဆွေးနွေးဖက်တွေပဲ၊ ငါ့မြေးရဲ့ပစ္စည်းတွေကို အဘိုးသိမ်းထားခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ၊ အခု ငါ့မြေးကို ပြန်ပေးဖို့အချိန်ရောက်ပြီ၊ လာ. . လာ. . ငါ့မြေး. . အဘိုးနောက်ကိုလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ရှေ့မှထွက်သွားလေရာ သူရဇ္ဇကနောက်မှ လိုက်ခဲ့လေသည်။

တောင်ပေါ်တွင် နံ့သာဖြူပင်ကြီးပေါက်ရောက်လျက်ရှိသောနေရာသို့ရောက်သောအခါ ကျောက်ဂူတစ်ဂူကိုတွေ့ရသည်။ အဘိုးက သူရဇ္ဇအား ထိုကျောက်ဂူထဲသို့ခေါ်သွားလေသည်။

ကျောက်ဂူတစ်နေရာတွင် ကျောက်သေတ္တာကြီးတစ်လုံး ရှိသည်။ အဘိုးက ထိုကျောက်သေတ္တာကြီးအားဖွင့်ပြီး အတွင်းမှပစ္စည်းများကို တစ်ခုချင်းထုတ်ပေးလေသည်။

ထိုပစ္စည်းများမှာ. . .

ရွှေဖြင့်ပြုလုပ်ထားသောလည်ဆွဲတစ်ခု၊ ဆွဲပြား၏တစ်ဖက်တွင် သူရဇ္ဇဟူသောနေမင်း၏အမှတ်အသားရှိပြီး ကျန်တစ်ဖက်တွင် ပုတ္တရဟူသောစာလုံးများပါရှိသည်။

နောက်တစ်ခုမှာ မကိုင်ရှိသရဖူတစ်ခု။

နောက်ပစ္စည်းတစ်ခုကတော့ သူရဇ္ဇအတွက် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးဖြစ်တော့သည်။ ၎င်းပစ္စည်းမှာ ဓားတစ်လက်ဖြစ်လေသည်။ ဂျပန်ဆာမူရိုင်းများကိုင်သော ဓားရှည်တစ်လက်နှင့်တူလှသည်။ ဓားအိမ်မှာ သစ်ကနက်သားဖြင့်ပြု





လုပ်ထားပြီး ကနုတ်ပန်းများဖော်ထားသည်။

သူသည် စိတ်တုန်လှုပ်စွာဖြင့် ဓားကို ဓားအိမ်မှအသာအယာဆွဲချွတ်လိုက်သည်။ ရွှေအိုရောင်သမ်းနေသောဓား၏အဖျားရောင်မှာ အမှောင်ထဲမှာပင် 'လက်'ကနဲဖြစ်သွားသည်။

ထူး ပျက်မှာ ဓားကိုကိုင်ထားစဉ် လက်နှင့်တစ်သားတည်းဖြစ်နေကာ ဓားမှစီးဝင်လာသောစွမ်းအားများသည် လက်ဖမောင်းလက်ဖျံမှတစ်ဆင့် ကိုယ်တွင်းသို့စီးဝင်လာသယောင် ခံစားရသည်။

"အဲဒါ သစ္စာပါလဓားပဲလူကလေး၊ သစ္စာတရားနဲ့လောကကိုစောင့်ရှောက်တဲ့သူတွေအတွက် စီမံပြုလုပ်ထားတဲ့ဓားပဲကွယ့်၊ ဒီဓားနဲ့ ငါ့မြေး မျိုးဆက်ရဲ့အမွေနဲ့ လောကရဲ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ပါစေ"

သူရဇ္ဇက ဓားကို ဓားအိမ်ထဲသို့ အသာအယာပြန်သွင်းလိုက်ပြီး အဘိုးအားရိုသေစွာကန်တော့လိုက်သည်။ ထို့နောက် ကလာသတောင်ပေါ်မှ ပြန်ဆင်းလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

## မျိုးဆက်အမွေအတွက် တိုက်ပွဲ



ဟိမဝန္တာတောင်တန်းပေါ်မှ အနောက်ဘက်ဆီသို့မျှော်ကြည့်လိုက်လျှင် ဗြဟ္မပုတ္တရမြစ်ကြီးအား မြွေတစ်ကောင်ပမာလှမ်းမြင်ရသည်။ သူ၏ခရီးဦးတည်ချက်က ဗြဟ္မပုတ္တရမြစ်အနီးတွင်ရှိသော ပုတ္တရမြို့သို့ဖြစ်သည်။

ပုတ္တရမြို့သည် သူရဋ္ဌ၏ဖခင် ဥတ္တရဘုရင်တည်ထောင်ခဲ့သော မိဘအမွေအနှစ်ဖြစ်သည်။

သူသည် ဟိမဝန္တာတောင်ကျောမှ ရက်အတန်ကြာအောင်ဆင်းခဲ့ပြီး ပုတ္တရမြို့ရှိရာသို့ခရီးနှင်ခဲ့သည်။

ပုတ္တရမြို့သည် ဗြဟ္မပုတ္တရမြစ်အနီးတွင်ရှိသောကြောင့် ထိုမြစ်၏အမည်ကိုအစွဲပြု၍ မှည့်ခေါ်ထားခြင်းဖြစ်ပြီး ဆန်ရေစပါးကောက်ပဲသီးနှံဖြစ်ထွန်းလှသည်။ စိမ်းစိုသောဥယျာဉ်ခြံမြေ



www.burmeseclassic.com

www.burmeseclassic.com



များလည်းပေါလှသည်။ အထူးသဖြင့် ဗြဟ္မပုတ္တရမြစ်ကမ်းတစ်လျှောက်တွင် ရွှေကျင်သူများစွာရှိပြီး ရွှေမှုန်များသာမက ရွှေတုံးရွှေခဲများစွာတို့ရကြသည်။

သို့ကြောင့် ရွှေမြို့တော်ဟုခေါ်ရလောက်အောင် ရွှေများပေါများလှသည်။ သူရဇ္ဇရောက်သွားတော့ ပုတ္တရသူရဲကောင်းရွေးပွဲများ ကျင်းပနေသောအချိန်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရာ နန်းရင်ပြင်ရှေ့မှကွက်လပ်ကြီးတွင် လူပေါင်းရာပေါင်းများစွာရှိနေကြသည်။ ထိုပွဲတွင်အနိုင်ရရှိသူသည် ပုတ္တရမြို့အားသိမ်းပိုက်အုပ်ချုပ်ရမည်ဖြစ်ရာ အားလုံးက မည်သူဖြစ်လေမလဲဟု စိတ်ဝင်စားစွာဖြင့်စောင့်ကြည့်နေကြသည်။

ထိုပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ သူရဲကောင်းများလာရောက်ယှဉ်ပြိုင်ကြလေသည်။ အိန္ဒိယနယ်ဘက်မှလာသောသူရဲကောင်းများ၊ တိဗက်တောင်တန်းများဘက်မှလာသော သူရဲကောင်းများ၊ မြန်မာနိုင်ငံဘက်မှလာသောသူရဲကောင်းများစွာတို့ ရောက်ရှိလာကြကာ သူသေကိုယ်သေ အကြိတ်အနယ်ယှဉ်ပြိုင်တိုက်ခိုက်ကြလေသည်။

ထိုပွဲတွင် ရှုံးသူအတွက်ပေးဆပ်ရသည်မှာ 'အသက်' ဖြစ်သည်။ သူရဲကောင်းများမှာ မိမိတို့ကျွမ်းကျင်သော တုတ်၊ ဓား၊ လှံ၊ ရဲဒင်းအစရှိသောလက်နက်များကိုအသုံးပြုကာ သူသေကိုယ်သေတိုက်ခိုက်ကြခြင်းဖြစ်၏။





ပြိုင်ပွဲကို ပုတ္တရ၏ နန်းရင်းဝန်အမတ်ကြီးနှင့် မှူးကြီးမတ်ကြီးများက ဆောင်ရွက်ပေးလေသည်။

ပြိုင်ပွဲစည်းကမ်းအရ ပြိုင်ပွဲဝင်သောသူရဲကောင်းတစ်ဦးချင်း သတ်မှတ်ထားသောစင်ပေါ်၌ မိမိတို့ကြိုက်နှစ်သက်ရာလက်နက်ကို အသုံးပြု၍တိုက်ခိုက်ကြသည်။

ရာပေါင်းများစွာသော ပရိသတ်တို့၏မျက်နှာပြင်ပေါ်တွင် မိမိတို့အရှင်သခင်ဘယ်သူဖြစ်မလဲဟူသော မျှော်လင့်ချက်များပေါ်နေသလို တိုက်ပွဲဝင်သူရဲကောင်းတို့၏မျက်နှာပြင်ပေါ်မှာလည်း စစ်သွေးစစ်မာန်တို့ဖြင့် တက်ကြွနေကြသည်။

တိုက်ပွဲဝင်သူရဲကောင်းတို့မှာ မိမိတို့တတ်ကျွမ်းသောပညာများကိုအသုံးပြုကာ အသေအကြေတိုက်ခိုက်ကြလေသည်။ နောက်ဆုံး၌ စင်ပေါ်တွင် တိဗက်တောင်တန်းဘက်မှလာသော သူရဲကောင်းတစ်ဦးသာကျန်ရစ်တော့သည်။

၎င်းမှာ ကိုယ်ခန္ဓာကြီးမားထွားကြိုင်းရုံမက အရုပ်အမောင်းကလည်းကောင်းလှသည်။ သတ္တုတစ်မျိုးဖြင့်ပြုလုပ်ထားသော ကိုယ်ကြပ်အင်္ကျီကိုဝတ်ဆင်ထားကာ ၎င်းလက်စွဲတော်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်မှာ အသွားထက်လှသောကပ်ပါးကြီးဖြစ်သည်။

ကပ်ပါးဆိုသည်မှာ ရဲဒင်းအကြီးစားတစ်မျိုးဖြစ်၍ အသွား ပြက်ကျယ်၍ထက်လှသည်။ ၎င်းရဲဒင်းချက်မိပါက မည်သည့် အရာမဆို 'တိ'ကနဲပြတ်ကျသွားနိုင်သည်။

၎င်းကပ်ပါးချက်ကြောင့် အသက်နှင့်ကိုယ်ခန္ဓာ အိုးစား ကွဲသွားသောသူရဲကောင်းတို့များလှပြီ။

နေရောင်ခြည်ဖျန်းထားသော သတ်ကွင်းစင်ပေါ်မှာ သွေးတို့ဖြင့်ချင်းချင်းနီလျက်ရှိနေသည်။ အချို့သွေးစက်တို့မှာ စင်အောက်သို့ပင်စီးကျနေသည်။

စင်မြင့်ပေါ်မှာတော့ တိဗက်သူရဲကောင်းသည် ၎င်း၏ ကပ်ပါးကြီးအားမြှောက်ကာမြှောက်ကာဖြင့် အောင်ပွဲခံလျက်ရှိ နေသည်။

ထိုအချိန်တွင် စင်မြင့်ပေါ်မှနန်းရင်းဝန်ကြီးက မတ်တပ် ရပ်ကာ ဤသို့ပြောလေသည်။

"အနယ်နယ်အရပ်ရပ်မှရောက်လာကြတဲ့ သူရဲကောင်း တို့. . . ယခုအနိုင်ရသူကတော့ တိဗက်တောင်တန်းမှလာသော ယက္ခဆိုသူဖြစ်ပါတယ်၊ ၎င်းအား ယှဉ်ပြိုင်မည့်သူရှိသေးပါက စင်မြင့်ပေါ်သို့ကြွရောက်ပါရန် ဖိတ်ခေါ်အပ်ပါတယ်"





နန်းရင်းဝန်ကြီးက အောင်မြင်သောအသံကြီးဖြင့် လူ အုပ်ကြီးဘက်သို့လှည့်ကာ သုံးကြိမ်သုံးခါမေးလေသည်။

ထိုအခါ သူရဇ္ဇသည် လူပုလေးမိတ္တအား မကိုင်နိုင်သရဖူ ထည့်ထားသောအိတ်ကိုပေး၍ စင်ပေါ်တက်ရန်မြင်သည်။ ထို အခါ မိတ္တက. . .

"သူရဇ္ဇ. . သတိထားပြီးတိုက်နော်၊ သူကြည့်ရတာ လူ တစ်ယောက်နဲ့မတူဘူး၊ နာမည်နဲ့လိုက်အောင် ဘီလူးတစ်ကောင် နဲ့တူလှတယ်"

ဟု သတိပေးရှာသည်။

သူရဇ္ဇက သစ္စာပါလဓားကိုကိုင်ပြီး စင်ပေါ်သို့ ပေါ့ပါး စွာခုန်တက်သွားလေသည်။ တိဗက်သူရဲကောင်းယက္ခက သူ့ကို မြင်သောအခါ သားကောင်တွေ့လိုက်သောမုဆိုးတစ်ဦးပမာ ကျေနပ်စွာရယ်မောလိုက်သည်။

သူရဇ္ဇက စင်ပေါ်ရောက်သောအခါ ပရိသတ်များကို ဦးညွှတ်၍နှုတ်ဆက်လိုက်သည်။

ထိုအခါ နန်းရင်းဝန်ကြီးနှင့် မှူးမတ်များက စင်အနီးသို့ ရောက်လာကြသည်။

"သူရဲကောင်းရဲ့အမည်ကိုပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်အမည် သူရဇ္ဇဖြစ်ပါတယ်"

"ဟင်. . သူရဇ္ဇဟုတ်လား၊ သင့်ဖခင်နဲ့မိခင်က ဘယ်သူတွေဖြစ်ပါသလဲ"

"ယခုမပြောလိုပါ၊ ကျွန်ုပ်အောင်ပွဲရတဲ့အခါမှ ပြောပါ့မယ်"

"ကောင်းပါပြီ၊ သင်ဘယ်အရပ်ကလာခဲ့တာပါလဲ"

"ခွန်လွန်တောင်တန်းကလာခဲ့တာပါ"

"ကောင်းလှပါပြီ သူရဲကောင်း၊ သင့်ကိုကြည့်ရသည်မှာ ကျွန်ုပ်တို့ နှစ်ပေါင်းများစွာစုံစမ်းရှာဖွေနေသောသူ ဖြစ်တန်ကောင်းသည်ဟုထင်မိပါတယ်၊ ဒီပွဲမှာ သင်အောင်ပွဲခံနိုင်ပါစေလို့ ကျွန်ုပ်တို့ဆုတောင်းပေးပါတယ်"

ဟုပြောကာ စင်အောက်သို့ပြန်ဆင်းသွားတော့သည်။

ထို့နောက် သူရဲကောင်းရွေးပွဲအတွက် စတင်တိုက်ခိုက်ကြလေတော့သည်။

တိုက်ပွဲစသည်နှင့် ယက္ခကြီးက ၄င်း၏ကပ်ပါးကြီးအား အသုံးပြုလျက် တရကြမ်းဝင်ရောက်တိုက်ခိုက်တော့သည်။

၄င်းသည် ခွန်အားကြီးသူတစ်ဦးဖြစ်သောကြောင့် ခွန်အားကိုအားကိုးကာ ပွဲကိုအမြန်သိမ်းရန်ကြိုးစားလေသည်။ ၄င်း





အသုံးပြုသောပညာမှာ ရှောင်လင်တောင်တန်းများပေါ်မှ ရှောင်လင်ဘုန်းတော်ကြီးများ အသုံးပြုသောပညာဖြစ်သည်။ ကပ်ပါးကြီးအား ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပုံနှင့် တိုက်ခိုက်ရေးပညာကို ကောင်းမွန်စွာအသုံးချတတ်မှုကြောင့် ၄င်းအားယှဉ်ပြိုင်တိုက်ခိုက်ရန်မလွယ်ကူကြောင်း သတိထားမိလေသည်။

ထို့ကြောင့် ၄င်း၏ကပ်ပါးချက်များကိုရှောင်တိမ်းရင်း တန်ပြန်တိုက်ခိုက်မှုများပြုရလေသည်။ သူသည် ယက္ခ၏ပြင်းထန်သောတိုက်ကွက်များအား ခွန်အားသုံး၍ပြန်လည်တိုက်ခိုက်ကြည့်ရာ အရာမထင်ကြောင်းတွေ့ရသဖြင့် အဘိုးသင်ကြားပေးထားသော နည်းဗျူဟာကိုသုံးလေသည်။

"လူကလေး. . လောကမှာ အပူကိုအပူချင်း၊ အအေးကို အအေးချင်းတွေ့လို့မရဘူး၊ အအေးလာရင်အပူနဲ့တွေ့၊ အပူလာရင် အအေးနဲ့တွေ့မှနိုင်မယ်၊ ကျောက်ခဲတစ်လုံးလာတာကို ကျောက်ခဲနဲ့ဆီးခံရင် မီးပွင့်ထွက်မယ်၊ နှစ်ခုစလုံးကြေသွားမယ်၊ ကျောက်ခဲရေထဲကျသွားရင် အလွယ်တကူနှစ်မြုပ်ပစ်လိုက်သလို့ရသလို ပြင်းထန်မာကျောတဲ့တိုက်ကွက်တွေနဲ့တွေ့ရင် ပျော့ပြောင်းနူးညံ့တဲ့တန်ပြန်တိုက်ကွက်တွေနဲ့တိုက်မှနိုင်မယ်"

ဟူသော နည်းဗျူဟာကြောင့် ယက္ခ၏ပြင်းထန်သော



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကွက်များကို ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုတော့ဘဲ လိမ္မာပါးနပ်စွာတိမ်းရှောင်ပြီး အခွင့်အရေးရလျှင်ရသလို လျှပ်တပြက်ဝင်ရောက်တိုက်ခိုက်လေရာ ယက္ခကြီးမှာအထိနာတော့သည်။

သို့စေကာမူ ၎င်းကိုယ်ပေါ်မှသတ္တုပြားအကျီကြောင့်ထိရောက်မှုမရှိဘဲဖြစ်နေသည်။

တစ်ကြိမ်တွင် ကြမ်းပြင်ပေါ်တွင်ကျနေသောသွေးကွက်ကိုနင်းမိပြီး သူရဇ္ဇကြမ်းပြင်ပေါ်သို့လဲကျသွားသည်။

ထိုအခွင့်ကောင်းကိုယူကာ ယက္ခက အပေါ်မှ ကပ်ပါးဖြင့်ခုတ်ချလိုက်သည်။ ကြည့်နေသူများမှာ 'ဟာ'ကနဲ'ဟင်'ကနဲဖြစ်သွားလေတော့သည်။

စင်နံဘေး၌ရပ်ကြည့်နေသော လူပုလေးမိတ္တပင် မျက်လုံးထဲမှာပြာကနဲဖြစ်သွားသည်။ ဝဲကနဲကျလာသောရဲဒင်းချက်ကို သူရဇ္ဇကဘေးသို့ဖျတ်ကနဲတိမ်းရှောင်ပေးလိုက်သောအခါ ကပ်ပါးသွားက ကြမ်းပြင်ပေါ်သို့ 'ဒုန်း'ကနဲစိုက်ဝင်သွားတော့သည်။

ထိုအခွင့်အရေးကိုလက်လွှတ်မခံဘဲ သူရဇ္ဇက ယက္ခ၏ကပ်ပါးကိုင်ထားသောလက်နှစ်ဖက်ကို ဓားဖြင့်ပိုင်းချလိုက်သည်။

"ဒုတ်"





"အား. . ."

ယက္ခကြီး ကပ်ပါးကိုလွှတ်ပြီး နောက်သို့ဆုတ်သွားသည်။ ထိုအခွင့်အရေးကိုလက်လွှတ်မခံဘဲ သူရဇ္ဇက နေရာမှ ယက္ခ၏လည်ပင်းကိုပိုင်းချလိုက်ရာ ခေါင်းတစ်ခြားကိုယ်တစ်ခြားဖြစ်သွားလေတော့သည်။

"ဟေး. . ."

ပရိသတ်ကြီးက ဝမ်းသာအားရအော်ဟစ်လိုက်ကြသည်။

"ခွန်လွန်တောင်တန်းကလာတဲ့သူရဲကောင်း နိုင်ပြီဟေ့"

ဟူသောအသံများကို သံပြိုင်အော်ဟစ်ကြသည်။

သူရဇ္ဇက သစ္စာပါလဓားကိုမြှောက်ပြီး အောင်ပွဲခံလေသည်။ နေရောင်ခြည်အောက်ဝယ် သူ၏အသွင်သဏ္ဌာန်မှာ နေဘုရား၏သားတော်တစ်ပါးနှယ် တင့်တယ်ဝင့်ကြွားလှပေသည်။

ထို့နောက် စင်မြင့်ပေါ်မှဆင်းကာ နန်းရင်းဝန်ကြီးနှင့်မှူးမတ်များရှိရာသို့လျှောက်သွားကာ စင်မြင့်ပေါ်တွင် အသင့်ချထားသောသလွန်ပေါ်၌ထိုင်လေသည်။

"သူရဲကောင်းသူရဇ္ဇ. . သင်၏မျိုးနွယ်ကိုပြောပါလော့"

"ကျွန်ုပ်ဟာ ပုတ္တရပြည်ရဲ့မျိုးဆက်သွေးဖြစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဖခင်မှာ ဘုရင်ဥတ္တရဖြစ်ပြီး မိခင်မှာ စန္ဒာဒေဝီဖြစ်ပါတယ်”

ဟုပြောပြလိုက်သောအခါ အားလုံးက တအံ့တသြဖြင့် ‘အရှင့်သားပါလား’ဟုရေရွတ်လိုက်ကြသည်။

ထို့နောက် သူရဇ္ဇက အိတ်အတွင်းမှ မကိုဋ်သရဖူနှင့် ရွှေဒေါင်းခွက်တို့အား ထုတ်ပြလိုက်သောအခါ သူရဇ္ဇအား ပုတ္တရ၏မျိုးဆက်သွေးအစစ်အမှန်ဖြစ်ကြောင်း ယုံကြည်သွားကြလေသည်။

“အရှင့်သားအား ကျွန်ုပ်တို့ရှာဖွေနေတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ၊ ယခုမှပင်တွေ့ရပေတော့သည်၊ အရှင်၏ဖခမည်းတော် ဘုရင်ဥတ္တရ၏အမွေဖြစ်သော ပုတ္တရပြည်၏ထီးနန်းကို သိမ်းပိုက်ပါလော့အရှင့်သား”

ဟု အပ်နှံကြလေရာ သူရဇ္ဇအနေဖြင့် မိဘ၏အမွေအနှစ်ကို ကောင်းမွန်စွာဆက်ခံနိုင်သော သားကောင်းရတနာအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပေတော့သည်။

- - - - -



## အခန်း (၁၆)

## ပေတ္တာဆုံတဲ့ပွဲ



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အနုရာဓပြည်၏ အတွင်းဆောင်အတွင်း၌ဖြစ်သည်။

ဘုရင်မကေသရီ၏ရှေ့သို့ ကိုယ်ရံတော်ရောဟဏီ ဝင်ရောက်လာပြီး ရွှေပေလွှာတစ်ချပ်အားပေးအပ်လေသည်။

"ဘယ်ကရွှေပေလွှာလဲ ရောဟဏီ"

"ပုတ္တရပြည်က အထောက်တော်တွေရောက်နေပါတယ် သခင်မ၊ ဤရွှေပေလွှာက ပုတ္တရဘုရင်ပို့လိုက်တဲ့ ရွှေပေလွှာဖြစ်ပါတယ်"

ဟု ပြောပြသည်။

ကေသရီက ပုတ္တရဘုရင်ပို့လိုက်သည်ဆိုသောရွှေပုရပိုဒ်ကို လက်ဖျားနှင့်ပင်ကိုင်မကြည့်ပေ။

"အကြောင်းက ဘာတဲ့လဲရောဟဏီ"





"အကြောင်းအရာက ပုတ္တရဘုရင်က သခင်မလေးကို လက်ဆက်လိုတဲ့အကြောင်းပါသခင်မလေး"

ကေသရီက ပြတင်းပေါက်မှတစ်ဆင့် အဝေးဆီသို့မျှော်ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"လောလောဆယ်တော့ သခင်မလေး အဲဒီကိစ္စတွေကို စိတ်မဝင်စားသေးပါဘူး ရောဟဏီရယ်၊ ဒီတော့ ပုတ္တရဘုရင်ကို မဖြစ်နိုင်သေးဘူးဆိုတဲ့အကြောင်းကို အကြောင်းပြန်ကြားလိုက်ပါရောဟဏီ"

ထိုအခါ ရောဟဏီကဆက်၍ပြောသည်။

"ရွှေပေလွှာထဲမှာက ပုတ္တရနဲ့အနုရာဓ ရန်ကြွေးရန်စရှိခဲ့ဖူးလေတော့ နှစ်ပြည်တစ်ပြည်ကျေအေးခြင်းအထိမ်းအမှတ်နဲ့ ရွှေလမ်းငွေလမ်းခင်းချင်တာပါတဲ့သခင်မလေး၊ တကယ်လို့ သူကမ်းလှမ်းတာကို သခင်မလေးလက်မခံဘူးဆိုရင်တော့ ပုတ္တရပြည်ပေါ်မှာတင်ခဲ့တဲ့အကြွေးကို ပြန်ရအောင်ယူရမယ်လို့ ရေးထားပါတယ်သခင်မလေး"

ကေသရီ၏မျက်နှာပေါ်ဝယ် တင်းမာမှုများဖြစ်ပေါ်လာသည်။

"သူကဒီလိုစစ်ကြေငြာတော့လည်း ကိုယ့်ဘက်က မြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်စရာရှိတာပြင်ဆင်ထားရမှာပေါ့၊ ရောဟဏီ. . မင်း ပါဝဏ ကိုခေါ်ပြီး ခွန်လွန်တောင်တန်းကိုသွားပါ၊ အစ်ကို့ကိုအကျိုးအကြောင်းပြောပြပြီး အမြန်ဆုံးပြန်ခေါ်ခဲ့ပေတော့"

ဟု မှာကြားလိုက်လေသည်။

နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ ခွန်လွန်တောင်တန်းသို့သွားကြသော ပါဝဏနှင့်ရောဟဏီတို့ပြန်လာပြီး ဤသို့ ပြောလေသည်။

"သခင်မလေး. . ခွန်လွန်တောင်တန်းမှာ သခင်သူရဇ္ဇ မရှိတော့ပါသခင်မလေး"

"ဟင်. . သူဘယ်ကိုရောက်သွားလို့လဲဟင်"

"တောင်ပေါ်မှာ တရားအားထုတ်နေသောသူတော်စင်ကြီးမှလွဲပြီး သခင်သူရဇ္ဇနှင့် သူ၏မိခင်တို့မရှိကြတော့ပါဘူး သခင်မ"

"ဟင်. . သူ တို့ကိုစိတ်နာသွားပြီနဲ့တူတယ်၊ သူ့ကိုဘယ်မှာလိုက်ရှာရင်တွေ့နိုင်မလဲဟင်"

ထိုအခါ ပါဝဏက တည်ငြိမ်သောလေသံဖြင့် ဤသို့ ရှင်းပြလေသည်။

"သခင်သူရဇ္ဇဟာ သခင်မလေးထင်သလို သာမန်အညတြ





တစ်ယောက်မဟုတ်ပါဘူး၊ ဘုရင်စိတြလက်ချက်ကြောင့်ပျက်စီးသွားခဲ့တဲ့ ပုတ္တရပြည့်ရှင်ဘုရင်ဥတ္တရရဲ့သားတော်ဖြစ်ပါတယ် သခင်မလေး"

"ဟင်. . ."

"ဟုတ်ပါတယ်သခင်မလေး၊ ကျွန်တော်လည်း ပုတ္တရပြည်က သခင်လေးကိုလိုက်လံရှာဖွေနေတဲ့သူတစ်ဦးဖြစ်ပါတယ်၊ ဒါကြောင့် ဒီအကြောင်းတွေကိုသိခဲ့ရတာပါ"

"ဒါဖြင့် ယခု ပုတ္တရတိုင်းပြည်ရဲ့ အခြေအနေကရော ဘယ်လိုရှိသလဲပါဝဏ"

"ယခု ပုတ္တရပြည်မှာ သူရဲကောင်းရွေးပွဲတွေကျင်းပနေပါတယ်၊ သခင်လေးသူရဇ္ဇဟာ အဲဒီသူရဲကောင်းရွေးပွဲကို သွားမယ်လို့ကျွန်တော်ထင်ပါတယ်"

"ယခု သခင်မဆီကို ပုတ္တရဘုရင်ဆီက သဝဏ်လွှာရောက်လာပြီဆိုတော့ သူရဲကောင်းရွေးပွဲပြီးလောက်ပြီထင်တယ်၊ ပိုပြီးသေချာအောင် ကျွန်တော်ပုတ္တရကိုပြန်ပြီး အကြောင်းစုံစုံစမ်းခဲ့ပါ့မယ်သခင်မ"

ဟုဆိုကာ ပါဝဏက ပုတ္တရမြို့သို့ပြန်သွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တစ်ပတ်ခန့်ကြာသောအခါ ပါဝဏာပြန်ရောက်လာပြီး ဤသို့ပြောပြလေသည်။

"သခင်မလေး. . ပုတ္တရပြည်မှာ သခင်လေးသူရဇ္ဇကို ဘုရင်အသွင်နဲ့မတွေ့ခဲ့ရသေးပါဘူး၊ ဒါပေမယ့် သခင်မလေး အတွက် ဧည့်သည်တစ်ဦးပါလာပါတယ်"

"ဘယ်သူလဲ"

"အပြင်ဆောင်မှာစောင့်နေပါတယ်၊ သခင်မလေးတွေ့လိုပါက အတွင်းဆောင်သို့ခေါ်လာခဲ့ပါမယ်"

ဟုပြောပြီး လူတစ်ယောက်အား သခင်မလေးရှေ့သို့ ခေါ်ဆောင်လာသည်။ ထိုသူအားမြင်သောအခါ ကေသရီမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေတော့သည်။

ထိုသူမှာအခြားမဟုတ်ပေ။

သူမမျှော်လင့်နေသော သူရဇ္ဇပင်ဖြစ်တော့သည်။ သူရဇ္ဇမှာ ယခင်အတိုင်းပင်။ နဖူးတွင် သားရေပြားတစ်ခုပတ်ထားပြီး ဝက်ဝံဖြူကိုယ်ကျပ်အကျီနှင့်ဘောင်းဘီကို ဝတ်ဆင်ထားသည်။ ခါးတွင် ဝံသားရေဖြင့်ချုပ်ထားသော ဓားအိမ်ကိုချိတ်ဆွဲထားပြီး





ကျောတွင် ဓားရှည်တစ်လက်လွယ်ထားသည်။ ထိုဓားမှာ သစ္စာပါလဓားပင်ဖြစ်သည်။

သူသည် တိုက်ပွဲဝင်တော့မည့်သူရဲကောင်းတစ်ဦးပမာ ကေသရီရှေ့တွင်ဒူးထောက်ထိုင်ပြီး. . . .

"သခင်မအလိုရှိတယ်ဆိုလို့ ကျွန်တော်သူရဇ္ဇ ရှေ့တော်မှောက်ရောက်ခဲ့ပါပြီသခင်မ"

ဟု ဦးခေါင်းငုံ့ကာပြောလိုက်လေသည်။

ထိုအချိန်တွင် ပါဝဏာလည်း အခန်းတွင်းမှာမရှိတော့ပေ။ အလိုက်သိစွာဖြင့် အခန်းအပြင်သို့ထွက်သွားပြီဖြစ်သည်။ အခန်းတွင်းမှာ သူတို့နှစ်ယောက်သာကျန်တော့သည်။

"ဒါ ကေသရီကို တမင်ခနဲ့ပြီးပြောနေတာမဟုတ်လား၊ အစ်ကိုက ကေသရီရဲ့အမိန့်ကို တကယ်ရောလိုက်နာမှာလား"

"လိုက်နာပါ့မယ်သခင်မလေး၊ အနုရာဓရဲ့အရှင်သခင်ရဲ့ဆန္ဒကို ကျွန်တော်မပယ်ရှားဝံ့ပါ"

"ဒီလိုဆိုရင်ဖြင့် ကေသရီကို သာမန်အရပ်သူ[illegible]နဲ့ ပုတ္တရပြည်ကိုခေါ်သွားပေးပါ၊ ဟိုရောက်ရင် ပုတ္တရဘုရင်ကို ဆက်သပေးပါအစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေရာ သူရဇ္ဇက တအံ့တသြမော့ကြည့်လေသည်။

"အသည်းနှလုံးမရှိတော့တဲ့ကျွန်မဘဝမှာ အနုရာခရဲ့ ဇေကရီဘုရင်မဘဝနဲ့ ရွှေဘုံရွှေနန်းမှာစံနေရပေမယ့် ပျော်မွေ့မယ်လို့အစ်ကိုထင်နေသလား၊ ဒါကြောင့် နှလုံးသားကတောင့်တမှုဖြစ်တဲ့ ပုတ္တာရာဘုရင်ရဲ့ရှေ့မှာ သာမန်မိန်းမတစ်ယောက်ဘဝနဲ့ပဲ နေပါရစေတော့"

ဟု တုန်ရင်လှိုက်လှဲသောအသံဖြင့်ဆိုလေသည်။

ထိုအခါ သူရဇ္ဇက နေရာမှထရပ်လိုက်သည်။

"တကယ်လို့ ကိုယ်ဟာ ပုတ္တာရရဲ့အရှင်သခင်တစ်ယောက်မဟုတ်ဘဲ သာမန်လူတစ်ယောက်ဆိုရင်ရော မင်း ကိုယ့်နောက်ကို တကယ်ပဲလိုက်ဝံ့ပါ့မလားကေသရီ"

"မိန်းမသားတစ်ယောက်အတွက် ခေါင်းပေါ်ကမကိုဋ်သရဖူထက် အသည်းနှလုံးကခံစားမှုကို ပိုပြီးအလိုရှိပါတယ်၊ ဒါကြောင့် ကေသရီ ဘယ်ဘဝမှာပဲနေရနေရ အစ်ကိုနဲ့ပဲအတူနေပါရစေတော့"

ထိုစကားကြားသောအခါ သူရဇ္ဇက ကေသရီအနီးသို့သွား၍ သူမ၏လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။





"မင်းဟာ ကိုယ်ထင်တာထက်ပိုပြီး စိတ်ထားတည်ကြည်ခိုင်မာတဲ့မိန်းကလေးတစ်ယောက်ဆိုတာ သိရပါပြီ၊ မင်းရဲ့မေတ္တာကိုလည်း ကိုယ်လေးစားမိပါတယ်၊ ဒါကြောင့် ဟောဒီက စိတ်ထားဖြူစင်တဲ့ ကေသရီဆိုတဲ့မိန်းကလေးကို တစ်သက်လုံးလက်တွဲသွားပါတော့မယ်လို့ ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာအစ်ကိုရယ်၊ ကျွန်မဘဝမှာ အဓိကလိုအပ်တာ အစ်ကို့ရဲ့မေတ္တာတရားပါပဲ၊ နက္ခတ်တာရာကိုစောင့်ရှောက်တော်မူတဲ့ နတ်ဒေဝတာတို့ရဲ့ကျေးဇူးတော်ကြောင့် အစ်ကို့ရဲ့မေတ္တာကိုရလိုက်တဲ့အတွက် ဝမ်းသာမိပါတယ်၊ ရှေ့ခရီးမှာ ပုတ္တာရာဘုရင်ရဲ့နောက်ကပဲ အမြဲနေပါရစေတော့ ပုတ္တာရချစ်သူရယ်"

ဟုဆိုကာ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆုပ်ကိုင်ထားလိုက်ကြသည်။ သူတို့ရဲ့ဘဝခရီးလမ်းအတွက် သာယာဖြောင့်ဖြူးခြင်းများက ကြိုဆိုနေပြီဖြစ်ကြောင်းရေးသားရင်း ကျွန်ုပ်၏ [illegible] ရဆန်းကြယ်မှတ်တမ်းကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပါတော့သည်

www.burmeseclassic.com

www.burmeseclassic.com

## လျှို့ဝှက်သည်းဖို

မှုခင်းဝတ္ထုတိုများနှင့်

## ဂမ္ဘီရဆန်းကြယ်

ဝတ္ထုတိုများကို

**မြတ်စာပေ** မှ

လ စဉ် ထုတ် ဝေ သွား မည် ဖြစ် သည်။

ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ စာပေကလောင်ရှင်များ မြတ်စာပေသို့ ပေးပို့နိုင်ပါသည်။

ရွေးချယ်ခြင်းခံရသော ဝတ္ထုစာမူများအတွက် ထိုက်တန်သော စာမူခများ ချီးမြှင့်မည်ဖြစ်ပါသည်။

မြတ်စာပေ
၁၉၀၊ ၃၁ လမ်း (အထက်)၊ ရန်ကုန်

ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
နှင့်
အခြားမဂ္ဂဇင်းတိုက်များသို့ပေးပို့ထားခြင်းမရှိကြောင်း
ဝန်ခံချက်ပူးတွဲပါရှိရန် . . .

BURMESE CLASSIC .com

# ယွန်းအိမ်ရွှေ

[illegible]


အ ချစ် ရ သ ခံ စား မှု လုံး ချင်း ဝ တ္ထု များ ကို

**မြတ်စာပေ** မှ

| မကြာမီ | ထွက်တော့မည် |
|---|---|

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com